# ကြေးမုံ

The Mirror Daily

Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 16 October 2019 ၉၈၀၄




## နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ၏ ကိုယ်ရေးအကျဉ်း

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီကို ၁၉-၆-၁၉၆၁ ရက်နေ့တွင် နီပေါနိုင်ငံ ဘော့ချ်ပါခရိုင် မနီဘန်ယန်း(၂)၌ မွေးဖွားခဲ့သည်။ ၎င်းသည် အထက်တန်းပညာရေးကို ဘော့ချ်ပါခရိုင်၌လည်းကောင်း၊ အဆင့်မြင့်ပညာကို မိုရန်းခရိုင် ဘီရပ်နာဂါ၌လည်းကောင်း ဆည်းပူးခဲ့သည်။

နီပေါသမ္မတသည် ၎င်းဖြတ်သန်းခဲ့သည့် နိုင်ငံရေးခရီးတစ်လျှောက် အမျိုးသမီးအခွင့်အရေး၊ ဇာတ်နှင့် ချို့တဲ့သူများ၏ အခွင့်အရေးရရှိရေးအတွက် အထူးအလေးပေးဆောင်ရွက်ပေးခဲ့သည်။ နီပေါနိုင်ငံ၌ ကျား-မ ခွဲခြားဆက်ဆံမှု အဆုံးသတ်ရေးနှင့် အမျိုးသမီးအခွင့်အရေး ရရှိရေးတို့အတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ သူ၏ စွမ်းဆောင်ချက်များကြောင့် နီပေါနိုင်ငံ၏ နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၌ အမျိုးသမီးများအနေဖြင့် ၃၃ ရာခိုင်နှုန်း ကိုယ်စားပြု ပါဝင်ခွင့်ပြုကြောင်း နီပေါနိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းခဲ့ရသည်။

နီပေါနိုင်ငံ သမ္မတသည် နီပေါအမျိုးသမီးအသင်း ဥက္ကဋ္ဌအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိလည်းကောင်း၊ နီပေါကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် ၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သက်တမ်း နှစ်ကြိမ်တိုင်လည်းကောင်း၊ နီပေါကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိလည်းကောင်း ဆောင်ရွက်ခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✩



ကြေးမုံ ယနေ့ ဖတ်စရာ

သီတင်းကျွတ်ရုံးပိတ်ရက် နောက်ဆုံးနေ့တွင် ပင်းတယ ရွှေဥမင်လိုဏ်ဂူ၌ ယခင်ရက်များထက် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွားပိုမိုများပြား စာမျက်နှာ » ၇

ပြည်တွင်းရွှေဈေး ကျပ် ၁၂ သိန်းဝန်းကျင်အထိ ဆက်လက်ကျဆင်းနိုင် စာမျက်နှာ » ၈

နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် (၂၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပ စာမျက်နှာ » ၁၁


## ဗလမင်းထင်တံတား အမှတ်(၂)တည်ဆောက်ရန် တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မြစ်ကြီးနား အောက်တိုဘာ ၁၅

ဗလမင်းထင်တံတား အမှတ်(၂)တည်ဆောက်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဖြစ်တန်စွမ်းတိုင်းတာမှုလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကချင်ပြည်နယ်အခြေစိုက် တံတားအထူးအဖွဲ့(၁) တံတားဦးစီးဌာနမှ သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍




ဗလမင်းထင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။

## လက်ရှိဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ဒသမ ၈ ဘီလီယံ ပြည့်မီနိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၅

လက်ရှိဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ဒသမ ၈ ဘီလီယံ မျှော်မှန်းထားပြီး မျှော်မှန်းချက်ပြည့်မီနိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

"ဒီနှစ်ထဲမှာ ကျွန်တော်တို့ စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှု အညွှန်းကိန်းကလည်း တက်လာမယ်။ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ မှတ်ပုံတင်ကြေးကိုလည်း လျှော့ချတယ်။ နောက်တစ်ခါ ကမ္ဘာ့ပေါ်မှာ အာရှဖွံ့ဖြိုးရေးဘဏ်က ဆန်းစစ်ထားတဲ့ အချက်လည်းရှိပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေက ဘယ်လိုရှိတယ်၊ နောက်ထပ်ဘာကြောင့် တိုးတက်နိုင်သလဲဆိုတဲ့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အစီရင်ခံစာလည်းရှိပါတယ်။ ဒီအစီရင်ခံစာတွေအရဆိုရင် ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရည်မှန်းချက်ကို ရောက်မယ်လို့ထင်ပါတယ်"ဟု ဦးသန့်စင်လွင်က ပြောသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖





ကြေးမုံ

## စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးကျန်းမာရေးသို့

လူတို့အတွက် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေး၊ ကျန်းမာရေးတွင် မျက်မှောက်ကာလအဖို့ ပြည်သူလူထုအား အသိမှန်ညွှန်ပြပေးရေးနှင့် စိတ်လက်ပေါ့ပါးလန်းဆန်းကျန်းမာအောင် ဆောင်ကြဉ်းပေးနိုင်ရေးသည် အရေးပါသည့်ကဏ္ဍဖြစ်သည်။ လူထု၏စိတ်အားဖွံ့ဖြိုးကျန်းမာစေရေးကို အသိပညာပေးဖျော်ဖြေရေးကဏ္ဍတစ်ခုဖြစ်သော ရုပ်ရှင်သည် အဓိကထောက်ကူပေးနိုင်ပါသည်။

ပြည်သူလူထု၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးကျန်းမာရေးဆိုရာ၌ ရုပ်ရှင်မှပေးသော အသိပညာဗဟုသုတများ၊ ရုပ်ရှင်မှရရှိသော ခံစားချက်များနှင့် သင်ခန်းစာများယူနိုင်မှု မည်မျှရှိသည်၊ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကြည့်ရှုခံစားခြင်းဖြင့် စိတ်လက်ရွှင်လန်းအပန်းဖြေနိုင်မှု မည်မျှအထိ ထိရောက်မှုရှိနိုင်သည်တို့သည် ရုပ်ရှင်လောက၏ ရပ်တည်နေမှုနှင့် ဖွံ့ဖြိုးမှုကို မီးမောင်းထိုးဖော်ပြနေပါသည်။

ရုပ်ရှင်နှင့်ပြည်သူ၊ ပြည်သူနှင့်ရုပ်ရှင်သည် တစ်သားတည်းပင်ဖြစ်သည်။ ပြည်သူလူထုအပန်းဖြေကြည့်ရှုခံစားခြင်းနှင့် ရုပ်ရှင်လောကမြင့်မားခြင်းတို့သည် အကြောင်းအကျိုးဆက်စပ်နေသည်။ ရုပ်ရှင်လောက ဖွံ့ဖြိုးခြင်း၊ မဖွံ့ဖြိုးခြင်းသည် ပြောင်းလဲလာသော နည်းပညာတိုးတက်မှုကြောင့်ဟုလည်း အပြစ်မဆိုနိုင်။ ပြည်သူလူထုဆင်းရဲခြင်း၊ ချမ်းသာခြင်းအကြောင်းသက်သက်လည်း မပြောနိုင်။ ခေတ်ကာလနှင့်လိုက်လျောညီထွေစွာ ရုပ်ရှင်နှင့်ပြည်သူ အံဝင်ခွင်ကျဖြစ်ခြင်း၊ မဖြစ်ခြင်းသည် အကြောင်းရင်းတစ်ခုဖြစ်နိုင်သည်။

တစ်ချိန်သောကာလက ဖျော်ဖြေမှုနည်းပညာများ မျက်မှောက်ကာလကဲ့သို့ တိုးတက်ထွန်းကားခြင်းမရှိသေးသောကြောင့် ရုပ်ရှင်ဘက်တွင် ပြည်သူလူထုအားပေးမှုအပြည့်အဝရှိသည်ဟု ဆိုနိုင်သည်မှာ ပြည်သူလူထုအပန်းဖြေရေးကဏ္ဍ၌ ရုပ်ရှင်ရုံများသည် အဓိကကျသည့်နေရာ၌ရှိနေခြင်းသည် အကြောင်းတစ်ချက်ဖြစ်သည်။ မဖွံ့ဖြိုးသောကာလအဖို့ မြို့တိုင်း၊ နယ်တိုင်းတွင် ရုပ်ရှင်ရုံများသည် ပြည်သူလူထုအပန်းဖြေစရာအကောင်းဆုံးနေရာများဖြစ်နေသည်။

ဖျော်ဖြေမှုနည်းပညာတိုးတက်လာခြင်း၊ ရုပ်ရှင်ရုံများ မှေးမှိန်တိမ်ကောလာခြင်းနှင့် ခံစားမှုရသပေးစွမ်းနိုင်မှု အားနည်းလာခြင်းတို့သည် ရုပ်ရှင်လောကကျဆင်းရခြင်း၏ အရင်းခံအကြောင်းများဖြစ်သည်။ နိုင်ငံတကာတွင် နည်းပညာများပြောင်းလဲတိုးတက်နေသော်လည်း ရုပ်ရှင်ကဏ္ဍမကျဆင်းရခြင်းမှာ ရုပ်ရှင်လောကနှင့် ရုပ်ရှင်ရုံများအား ခေတ်နှင့်အညီ ပြည်သူလူထုအကြိုက် တင်ဆက်နိုင်အောင် ကြိုးပမ်းအားထုတ်နိုင်သောကြောင့်ဖြစ်သည်။

ယခုအခါ ရုပ်ရှင်လောက၊ ရုပ်ရှင်ကဏ္ဍ မြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော်၏အားပေးမှုနှင့် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လာသည်ကို တွေ့ရသည်။ အဓိကကျသည့် ရုပ်ရှင်ရုံများကို ရန်ကုန်တွင်သာမက နယ်ဘက်မြို့များတွင် ပြန်လည်ဖွင့်လှစ်အဆင့်မြှင့်တင်ပြသနိုင်အောင် ဆောင်ရွက်လာသည်ကိုတွေ့ရသည်။ ရုပ်ရှင်ရုံဖျော်ဖြေမှုနှင့် ကိုယ်ပိုင်သုံးဖျော်ဖြေရေးပစ္စည်း မတူကွဲပြားမှုများကို သိမြင်ကြသော ပြည်သူလူထုအနေဖြင့် ရုပ်ရှင်ရုံဘက်တွင် ကြည့်ရှုအားပေးမှု တိုးတက်လာသည်မှာ မှန်သော်လည်း ထိရောက်အောင် အဆင့်မြှင့်တင်မှု လိုအပ်နေသေးသည်ကို တွေ့ရသည်။

ယခုအခါ အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ဒစ်ဂျစ်တယ်စနစ်ဖြင့်ပြသသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ၊ အပြီးရောင်းချထားသည့် ရုပ်ရှင်ရုံနှင့် ပုဂ္ဂလိကအစီအစဉ်ဖြင့် ဖွင့်လှစ်သော အဆင့်မြင့်ရုပ်ရှင်ရုံများ ပေါ်ပေါက်လာပါသည်။ အရေအတွက်အားဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရုပ်ရှင်ရုံ ၆၈ ရုံတွင် ပိတ်ကား ၈၁ ခုအထိ တိုးတက်လာသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံ ၁၅၉ ရုံတွင် ပိတ်ကား ၁၈၂ ခုအထိ တိုးတက်ပြသလာနိုင်ပါသည်။

သို့သော် ပြည်သူလူထုစိတ်ကျေနပ်မှုဖြစ်စေမည့် ရုပ်ရှင်ရုံအင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို အကျိုးပြုသော ရုပ်ရှင်ဇာတ်ကားများပေါ်ထွန်းရေး၊ ပြည်သူလူထုလိုအပ်ချက်၊ စိတ်ခံစားချက်နှင့်ကိုက်ညီမည့် ရုပ်ရှင်ဇာတ်ကားကောင်းများ ဖန်တီးထုတ်လုပ်နိုင်ရေးတို့ကို အဆင့်မြှင့်တင်ပြသသည့် ရုပ်ရှင်ရုံနှင့်ပိတ်ကားများ တိုးတက်လာမှုများကို နှိုင်းယှဉ်ကြည့်ပါက လိုအပ်ချက်များရှိနေဆဲဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မဟာမဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပြည်သူ့ကျန်းမာရေးညီလာခံသို့ တက်ရောက်မည့်သူများအား တွေ့ဆုံမှာကြား

**ရန်ကုန် အောက်တိုဘာ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့ ကျန်းမာရေးတက္ကသိုလ် ရန်ကုန်၌ အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ လာအိုနိုင်ငံတွင် ကျင်းပမည့် မဟာမဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးညီလာခံ (11th International Conference on Public Health among Greater Mekong Sub–Region Countries) သို့ တက်ရောက်မည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်များမှ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနများနှင့် အခြေခံကျန်းမာရေး တက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ပညာရှင်များအား တွေ့ဆုံ၍ မှာကြားသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ဝန်ကြီးဌာနမှ ပညာရှင်များအနေဖြင့် နိုင်ငံတကာ ပြည်သူ့ ကျန်းမာရေးညီလာခံသို့ တက်ရောက်၍ မိမိတို့၏ သုတေသနစာတမ်းများ ဖတ်ကြားခြင်းနှင့် သုတေသနပိုစတာများ တင်ပြခြင်း၊ အခြားနိုင်ငံများမှ ပညာရှင်များ ဖတ်ကြားသည့် သုတေသနစာတမ်းများနှင့် သုတေသနပိုစတာများကို လေ့လာနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးကဏ္ဍ အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ အခြားနိုင်ငံများ၏ သုတေသနဆောင်ရွက်မှုနည်းလမ်းနှင့် နည်းစနစ်များကို လေ့လာသိရှိနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ကွန်ရက်ချိတ်ဆက်မှုကိုလည်း ပိုမိုကောင်းမွန်စေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် ညီလာခံ ပထမနေ့ဆွေးနွေးပွဲတွင် နိုင်ငံတကာ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်ကြားသင်ယူမှုနည်းစနစ်များ၊ တတ်မြောက်မှု စစ်ဆေးခြင်း နည်းစနစ်များနှင့် ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံအတွက် အကျိုးရှိစေမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနမှ ပညာရှင်များအနေဖြင့် ထိုသို့ နိုင်ငံတကာအတွေ့အကြုံများကိုအခြေခံ၍ မိမိတို့နိုင်ငံ၏ သုတေသနလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ပြန်လည်အသုံးချ၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုညီလာခံနှင့် သုတေသနစာတမ်းဖတ်ပွဲမှ အတွေ့အကြုံများကို မိမိတို့တာဝန်ကျရာ တက္ကသိုလ်နှင့် ဌာနများတွင် ပြန်လည်ဝေမျှစေလိုပါကြောင်း။

ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်)တွင် ပုံမှန်ပြုလုပ်လျက်ရှိသည့် သုတေသနဆိုင်ရာ စွမ်းဆောင်ရည်မြှင့်သင်တန်းများတွင်လည်း စိတ်ပါဝင်စားသည့် ဝန်ထမ်းများတက်ရောက်နိုင်ပါကြောင်း၊ ဝန်ကြီးဌာနမှ ပညာရှင်များအနေဖြင့် အင်္ဂလိပ်ဘာသာကို ပိုမိုကျွမ်းကျင်မှုရှိစေရေး လေ့လာကြစေလိုပါကြောင်း၊ ကုသမှုကုထုံးဆိုင်ရာ သုတေသနများကိုလည်း ပိုမိုသင်ကြားခြင်းနှင့် သုတေသနပြုလုပ်ဆောင်ရွက်သွားစေလိုပါကြောင်း။

ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၊ တက္ကသိုလ်အသီးသီးမှ ထုတ်ဝေလျက်ရှိသော သုတေသနဆိုင်ရာဂျာနယ်များကို စာရင်းပြုစု၍ ဝန်ကြီးဌာနမှ သုတေသနပညာရှင်များအားလုံး သိရှိစေရေး ဖြန့်ဝေပေးရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများကို ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံနှင့် သုတေသနစာတမ်းဖတ်ပွဲသို့ တက်ရောက်မည့်သူများက စာတမ်းဖတ်ပွဲတွင် ဖတ်ကြားမည့် သုတေသနခေါင်းစဉ်၊ ပြသမည့် ပိုစတာနှင့် အကြောင်းအရာများကိုလည်းကောင်း၊ စာတမ်းဖတ်ပွဲမှ ရရှိနိုင်မည့် အတွေ့အကြုံများနှင့် ပြန်လည်အသုံးချနိုင်မှု တို့ကိုလည်းကောင်း တစ်ဦးချင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မဟာမဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး ညီလာခံကို Improving Health Equities Among Greater Mekong Sub–Region Countries: A Public Health Challenge ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကာ ကမ္ဘောဒီးယား၊ လာအို၊ တရုတ်၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ရှိ ပြည်သူ့ကျန်းမာရေး ဆိုင်ရာ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ သုတေသနပညာရှင်များ တက်ရောက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှလှဝင်းက ဦးဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အခမဲ့ခွဲစိတ်ကုသပေးမည်

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

စင်ကာပူနိုင်ငံ Sing Health ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Myanmar Kindness Foundation တို့ပူးပေါင်းကာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အောက်တိုဘာနောက်ဆုံးပတ်အတွင်း မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ကုန်ကျမှုမရှိဘဲ ကုသမှုခံယူနိုင်**

“ဒီလိုခွဲစိတ်ပေးတာ ဒုတိယအကြိမ်ပါ။ ပထမအကြိမ်တုန်းက အမေရိကန်နိုင်ငံက ဆရာဝန်တွေနဲ့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၈၀ ကျော်ကို ကျွန်တော်တို့ဖောင်ဒေးရှင်းနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း ကုသပေးနိုင်ခဲ့ပါတယ်။ လာရောက်စာရင်းပေးကုသတဲ့ လူနာတွေအတွက် ကျန်းမာရေးစစ်ဆေးမှုကအစ ခွဲစိတ်ကုသပြီးတဲ့အထိ နေရေး၊ စားရေးအားလုံး အခမဲ့ကုသနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ကျွန်တော်တို့ဒေသကနေ ရန်ကုန်၊ မန္တလေးကိုသွားပြီး ကုသမယ်ဆိုရင် ကုန်ကျမှု အများကြီးရှိနိုင်ပါတယ်။ ကျွန်တော်တို့ပြည်နယ်က ဝေးလံခေါင်ဖျားဒေသနဲ့ ပြည်နယ်အတွင်းက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာတွေ ကုန်ကျမှုမရှိဘဲ ကုသမှုခံယူနိုင်အောင် စီစဉ်ထားပါတယ်”ဟု ခွဲစိတ်ကုသပေးမည့် အစီအစဉ်အပေါ် Myanmar Kindness Foundation မှ ဦးဇော်ဝုန်နော်လီက ပြောသည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအနေဖြင့် Myanmar Kindness Foundation ၏ ဖုန်းနံပါတ်များဖြစ်သည့် ၀၉-၄၀၁၈၀၀၃၆၉၊ ၀၉-၈၉၇၈၀၇၉၃၇၊ ၀၉-၄၀၀၀၅၄၇၉၆ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကေကေ**

ဓာတ်ပုံ-Myanmar Kindness Foundation

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ ရှေ့ဖုံးမှ**

ငင်းသည် ၁၉၉၃ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌လည်းကောင်း၊ ၁၉၉၄ ခုနှစ် လွှတ်တော်သက်တမ်းတစ်ဝက် ရွေးကောက်ပွဲ၌လည်းကောင်း၊ ၁၉၉၉ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌လည်းကောင်း နီပေါနိုင်ငံ၊ လွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သူသည် နီပေါနိုင်ငံ၊ ပတ်ဝန်းကျင်နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အထိလည်းကောင်း ခန့်အပ်ခြင်းခံခဲ့ရသည်။ ထို့ပြင် နီပေါနိုင်ငံ အမျိုးသားလွှတ်တော်တွင် လွှတ်တော်အမတ်အဖြစ် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပါဝင်ခဲ့သည်။ နီပေါနိုင်ငံ၏ ပထမဆုံး အမျိုးသမီးသမ္မတအဖြစ် ၂၈-၁၀-၂၀၁၅ ရက်နေ့တွင် ရွေးချယ်ခြင်းခံခဲ့ရပြီး ၁၃-၃-၂၀၁၈ ရက်နေ့မှစတင်၍ သမ္မတအဖြစ် ဒုတိယအကြိမ် သက်တမ်းကို ထမ်းဆောင်လျက်ရှိသည်။

ခင်ပွန်းဖြစ်သူ မစ္စတာ မာဒန် ကူးမား ဘန်ဒါရီ(ကွယ်လွန်)သည် နီပေါနိုင်ငံ၏ ကွန်မြူနစ်လှုပ်ရှားမှုများတွင် မာ့စ်ဝါဒီ တွေးခေါ်ပညာရှင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး "ပြည်သူ့ပါတီစုံဒီမိုကရေစီ" ခေါ် မာ့စ်ဝါဒ ပုံစံသစ်တစ်ရပ်ကို ဦးဆောင်ဦးရွက်ပြုခဲ့သူ ဖြစ်သည်။ ၎င်းတို့တွင် သမီးနှစ်ဦး ထွန်းကားသည်။

# ကူမင်းလေကြောင်းလိုင်း၏ ရန်ကုန်-ကူမင်း ခရီးစဉ် စတင်ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၁၅**

ကူမင်းလေကြောင်းလိုင်းသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ မြို့တော် ကူမင်းမြို့နှင့် ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ ရက်တွင် စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

ကူမင်း-ရန်ကုန် တိုက်ရိုက်ချိတ်ဆက်ပျံသန်းသွားမည့် အဆိုပါခရီးစဉ်ကို Boeing 738 အမျိုးအစားလေယာဉ် အသုံးပြု၍ တစ်ပတ်လျှင် လေးကြိမ် ပြေးဆွဲပျံသန်းသွားမည်ဖြစ်သည်။

ယခုကဲ့သို့ လေကြောင်းလိုင်းသစ် တိုးချဲ့ပျံသန်းပြေးဆွဲခြင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် မြန်မာနိုင်ငံသို့ လေကြောင်းမှတစ်ဆင့် လာရောက်လည်ပတ်သော တရုတ်ခရီးသွားဈေးကွက်၏ ပိုမိုအားကောင်းလာမှုကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးသွားနိုင်မည်ဖြစ်သည်။ လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်လေကြောင်းလိုင်း ၁၁ လိုင်းမှ တရုတ်နိုင်ငံရှိ မြို့ပေါင်း ၁၆ မြို့နှင့် ရန်ကုန်မြို့သို့ ချိတ်ဆက်ပြေးဆွဲလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၅ လိုင်းမှ အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၃ ခုအား ချိတ်ဆက်ပျံသန်းလျက်ရှိသည်။

Kunming Aviation Co., Ltd. သည် Kunming Changshui အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စီမံခန့်ခွဲနေသော တရုတ်အရပ်ဘက်လေကြောင်းအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် အသိအမှတ်ပြုထားသော အရပ်ဘက်လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုဖြစ်သည်။

ကူမင်းလေကြောင်းလိုင်းကို စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ ၎င်းသည် ဘေးကင်းလုံခြုံမှု၊ ကြိုတင်ကာကွယ်မှု၊ နည်းစနစ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု စသည့်ကဏ္ဍများကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ လက်ရှိတွင် ကူမင်းလေကြောင်းလိုင်းမှ ဘိုးရင်းအမျိုးအစားလေယာဉ် ၂၆ စင်းဖြင့် ပြေးဆွဲလျက်ရှိပြီး တစ်နှစ်လျှင် လေယာဉ်အစင်းအရေအတွက် ၁၆ ဒသမ ၁၂ ရာခိုင်နှုန်း မြင့်တက်ရှိသာမက ချိတ်ဆက်ပျံသန်းနေသော မြို့ပေါင်း ၄၀ ခန့်ရှိသည်။

**ကြေးမုံ**



ကူမင်းလေကြောင်းလိုင်း၏ Boeing 738 အမျိုးအစားလေယာဉ်ကို တွေ့ရစဉ်။

**❖ လက်ရှိဘဏ္ဍာနှစ်မှ**

ထို့ပြင် ယခုဘဏ္ဍာနှစ်တွင် မျှော်မှန်းချက်ပြည့်မီရန် လာမည့် ဒီဇင်ဘာလထဲတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ဒသမ ၈ ဘီလီယံ မျှော်မှန်းထားသော်လည်း ၄ ဒသမ ၅ ဘီလီယံသာ ဝင်ရောက်ခဲ့သဖြင့် မျှော်မှန်းချက်ထက် တစ်ဘီလီယံကျော် လျော့နည်းခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထိုသို့ မျှော်မှန်းချက်ထက် လျော့နည်းခဲ့ခြင်းမှာ ပမာဏကြီးသည့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်ရှိသော်လည်း ယင်းလုပ်ငန်းများကို ဌာနအတွင်းလိုအပ်ချက်များ စုံစမ်းနေဆဲကြောင့်ဖြစ်ကြောင်း ဦးသန့်စင်လွင်က ထပ်မံပြောကြားသည်။

ထိုလုပ်ငန်းများသည် အခြေခံအဆောက်အဦနှင့် လျှပ်စစ်လုပ်ငန်းများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ နိုင်ငံ ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် လုပ်ငန်း ၁၈၃၇ ခု ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းတန်ဖိုး ဒေါ်လာ ၈၁ ဒသမ ၈ ဘီလီယံရှိပြီး ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကာ အဓိကရင်းနှီးမြှုပ်နှံသော လုပ်ငန်းများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ကဏ္ဍနှင့် ကုန်ထုတ်လုပ်ငန်းတို့ဖြစ်သည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၇ ဘီလီယံနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၅ ဘီလီယံတို့ဖြစ်သည်။ **ငြိမ်းငြိမ်း**

# အမရပူရမြို့နယ်တွင် ကောက်ရိုးမှိုဈေးကောင်းသည့်အတွက် စိုက်ပျိုးသူများ အဆင်ပြေ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးမြို့ အမရပူရမြို့နယ်တွင် ကောက်ရိုးမှိုများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိရာ လက်ရှိကာလ မိုးရာသီတွင် ကောက်ရိုးမှိုဈေးကောင်းသည့်အတွက် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



မိုးရာသီ ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အရိပ်ရသည့် သရက်ခြံများထဲတွင် အများဆုံးစိုက်ပျိုးကြသည်။ ကောက်ရိုးမှိုစိုက်ပျိုးသူများမှာ အနည်းဆုံးမှိုပျိုးပုံ ၁၀၀ မှစတင်ကာ စီးပွားဖြစ် စိုက်ပျိုးကြသည်။ ရက်တိုတိုဖြင့် ငွေဖြစ်လွယ်သော သီးနှံများထဲတွင် ကောက်ရိုးမှိုပျိုးခြင်းလုပ်ငန်းလည်းပါဝင်သည်။ ကောက်ရိုးမှိုကို ကောက်ရိုး၊ ကောက်လှိုင်းကုန်ကြမ်းအစား ချပ်စက္ကူ၊ မြင်းချေး၊ နွားချေး၊ ဗေဒါတို့ဖြင့် တွင်ကျယ်စွာ စိုက်ပျိုးကြသည်။ နောက်ပိုင်းတွင် ကုန်ကြမ်းမြင်းချေး ရှားပါလာသောကြောင့် မြင်းချေးကို အသုံးမပြုတော့ဘဲ နွားချေး၊ ချပ်စက္ကူ၊ ဗေဒါတို့ကို အသုံးပြုကြသည်။ ကောက်ရိုးမှိုသည် အပူအအေး မျှတအောင်ဆောင်ရွက်ပေးရပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည်။ နွေရာသီနှင့် မိုးရာသီတွင် အရိပ်ရသော ခြံများအတွင်း စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် နေပူကွင်းပြင်များတွင် စိုက်ပျိုးကြသည်။

### စီးပွားဖြစ် စိုက်ပျိုးကြ

ကောက်ရိုးမှို စိုက်ပျိုးပုံတစ်ပုံပြုလုပ်ရန်အတွက် ချပ်စက္ကူ ရှစ်ပိဿာမှ ဆယ်ပိဿာ၊ နွားချေးလေးတင်းမှ ငါးတင်းခန့်၊ မှိုမျိုးလေးထုပ်၊ ပလတ်စတစ်အကြည်၊ ကောက်ရိုး၊ သက်ငယ်တို့ကို အသုံးပြုကြရသည်။ စတင်ပျိုးသည့်အချိန်မှစကာ ဂရုစိုက်ပေးရပြီး ရက်တိုတိုနှင့် အကျိုးအမြတ်ရရှိသော လုပ်ငန်းဖြစ်သည်။ အမရပူရမြို့နယ်တစ်ဝိုက်တွင် စီးပွားဖြစ် စိုက်ပျိုးကြသည်။ ဆောင်းရာသီတွင် မှိုထွက်နှုန်းများပြီး နွေနှင့်မိုးရာသီတွင် အနည်းငယ် အထွက်လျော့တတ်သည်။

ကောက်ရိုးမှိုပုံ၏ ခြောက်သွေ့မှုနှင့် စိုထိုင်းဆ၊ ရေစုပ်မှုကို ဂရုတစိုက်ကြည့်ရှုကာ ငါးရက်ခန့်တွင် ရေထပ်လောင်းပေးရသည်။ မှိုစတင်ပျိုးသည့် ရက်မှစတင်ရေတွက်ပါက ၁၀ ရက်၊ ၁၁ ရက်တွင် မှိုစတင်ထွက်ရှိသည်။ မှိုထွက်သည့်အခါ ပလတ်စတစ်ကို လှပ်၍ မှိုကိုအပွင့်အဆင့် မရောက်မီ ခူးပေးကြရသည်။ မှိုတစ်ပုံလျှင် ငါးပိဿာမှ ခုနစ်ပိဿာအထိ ထွက်ရှိသည်။ မှိုအလုံးအဆင့်သည် ဈေးကွက်ဝင်ပြီး လက်ရှိကာလတွင် မှိုတစ်ပိဿာ ငွေကျပ် ၄၅၀၀ ခန့်ရှိသည်။ မှိုအပွင့်ကမူ ငွေကျပ် ၂၅၀၀၊ ၃၀၀၀ ခန့်သာ ရရှိသည်။ ဆောင်းတွင်းပိုင်းတွင် မှိုဈေးနှုန်း ပိုမိုတတ်သည်။ မှိုကိုတစ်နှစ်ပတ်လုံး ဖောက်သည်ယူရောင်းသူများမှာ မှိုပျိုးသည့်နေရာအထိ တက်ဈေး၊ ကျဈေးအတိုင်း လာရောက်ယူလေ့ရှိသည်။

### အကျိုးအမြတ်ရှိ

မှိုကို စီးပွားဖြစ် စိုက်ပျိုးသူများပြီး မှိုပုံအနည်းဆုံး ၁၀၀ မှစတင်ကာ ရာသီနှင့်မှိုဈေးကွက်ကို ကြည့်၍ စိုက်ပျိုးကြသည်။ ငွေကြေးအရင်းအနှီးအားဖြင့် ငွေကျပ် ၁၀ သိန်းကျော် ရင်းနှီးရသည်။ မှိုပုံတစ်ပုံလျှင် ငွေကျပ် တစ်သောင်းခန့် ကုန်ကြသည်။ ရက်တိုတိုအတွင်း ငွေဖြစ်လွယ်၍ မှိုဈေးကွက်မှာ ခိုင်ခိုင်မာမာရှိပြီး အကျိုးအမြတ်ရှိကြောင်း အမရပူရမြို့နယ်မှ ကောက်ရိုးမှိုစိုက်ပျိုးသူ ကိုကျော်မိုးက ပြောပြသည်။

**နွေနဒီ(မြစ်ငယ်)**

**❍ ဗလမင်းထင်တံတားမှ**

"ဗလမင်းထင်တံတား အမှတ်(၂) တည်ဆောက်ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ ရေကြောင်းမြစ်ကြောင်းတိုင်းတာတဲ့လုပ်ငန်းတွေကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လုပ်ငန်းအပ်နှံပြီး စတင်ဆောင်ရွက်နေပါပြီ။ တံတားအတွက် တံတားအူကြောင်း၊ လမ်းအူကြောင်းတွေ ပုံစံထုတ်တာတွေလည်း စီစဉ်နေပါပြီ။ ပြီးတော့ မြေစမ်းသပ်ခြင်းလုပ်ငန်းတွေ လုပ်ဆောင်ပြီးသွားပြီဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ရုံးချုပ်နဲ့ ညှိနှိုင်းပြီး တံတားပုံစံရေးဆွဲတဲ့ လုပ်ငန်းတွေ စတင်ရတော့မှာ ဖြစ်ပါတယ်" ဟု ကချင်ပြည်နယ်အခြေစိုက် တံတားအထူးအဖွဲ့ (၁) မှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက ပြောကြားသည်။

ဗလမင်းထင်တံတား အမှတ်(၂) တည်ဆောက်ရန်အတွက် ဖြစ်တန်စွမ်းတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ ဗလမင်းထင်တံတား အမှတ်(၁) ရေရှည်တည်တံ့ရန် ကြံ့ခိုင်မှုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း တံတားအထူးအဖွဲ့ (၁) မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗလမင်းထင်တံတား အမှတ်(၂)ကို တန် ၆၀ ခံနိုင်ဝန်ရှိသည့် သံမဏိသံပေါင် တံတားအမျိုးအစားအဖြစ် တည်ဆောက်သွားရန်အတွက် လျာထားသတ်မှတ်ထားကြောင်း သိရသည်။


"ဗလမင်းထင်တံတား အမှတ် (၁) ကို ဖြတ်သန်းသွားလာတဲ့ ယာဉ်အရေအတွက်က များလာတယ်။ တင်ဆောင်တဲ့ ကုန်တန်ချိန်တွေကလည်း များလာတယ်။ တံတား အမှတ် (၁)ကို အသုံးများတော့ ခံနိုင်ဝန်ကလည်း တဖြည်းဖြည်း ကျလာပြီ။ အခုဆို ၃၅ တန်အထိပဲ ခွင့်ပြုထားတယ်။ လားရှိုး-ဗန်းမော်- မြစ်ကြီးနား လမ်းတွေကိုလည်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်သွားမှာဖြစ်တဲ့အတွက် တိုးလာမယ့်ယာဉ်အရေအတွက်နဲ့ အဆင်ပြေစွာ သွားလာနိုင်အောင်၊ အမှတ် (၁) တံတားနဲ့ အမှတ် (၂) တံတားကို အသွားအပြန်အဖြစ် သွားလာနိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေနဲ့ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်"ဟု ဗလမင်းထင်တံတား အမှတ် (၂) အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက ပြောသည်။

**ကေကေ**

**ဓာတ်ပုံ-ထိန်နန်နော်**

# ပျော်ရွှင်မှုများဖြင့် ကုန်ဆုံးခဲ့သည့် သီတင်းကျွတ်အားလပ်ရက်များ

**သီတင်းကျွတ်ရုံးပိတ်ရက်များ (အားလပ်ရက်ရှည်ကာလများ)ကုန်ဆုံး၍ လုပ်ငန်းခွင်အသီးသီးမှ နိုင်ငံ့ဝန်ထမ်းများနှင့် ကာယ၊ ဉာဏအလုပ်သမားများအားလုံးသည် အောက်တိုဘာ ၁၆ ရက်တွင် သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရတော့မည်ဖြစ်သည်။**


မသင်းသွဲ့


ဒေါ်ဝင်းနန္ဒာမြင့်


ကိုသန့်စင်


ဦးသန်းဝင်း


ဆရာမ ဒေါ်ခင်မိုးအေး

ထိုသို့ လုပ်ငန်းခွင်အသီးသီး ဝင်ရောက်ကြရတော့မည် ဖြစ်သည့်အတွက် မိမိတို့ရောက်ရှိလည်ပတ်ရာ၊ အပန်းဖြေအနားယူရာ နေရာများမှ ပြန်လည်ထွက်ခွာလာကြသည့် ခရီးသွားပြည်သူတို့ဖြင့် ပြည့်နှက်နေသည့် စင်းလုံးငှားယာဉ်များ၊ ခရီးသည်တင် အထူးယာဉ်ကြီးများ၊ ကိုယ်ပိုင်မော်တော်ယာဉ်များကို အဝေးပြေးလမ်းမများပေါ်တွင် တွေ့နေရသည့်အပြင် နယ်အသီးသီးရှိ အဝေးပြေးကားဂိတ်များ၊ ရထားဘူတာရုံများ၊ သင်္ဘောဆိပ်များတွင်လည်း နေရပ်ပြန်မည့် ခရီးသွားဧည့်သည်များဖြင့် ပြည့်လို့နေသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ မိဘရပ်ထံ ပြန်သွားခဲ့သည့် အလုပ် သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့(နေပြည်တော်)မှ မသင်းသွဲ့က "ဒီနေ့ နတ်မောက်ကနေ နေပြည်တော် ပြန်ရောက်တာပါ။ အပြန်ကားကလည်းကျပ်နေတာပဲ။ ပြန်တဲ့သူတွေကများတယ်။ တော်ဝင်ကားလက်မှတ်ကို သုံးရက်လောက်ကြိုဝယ်ရတယ်။ ရောက်ရောက်ချင်းနေ့မှာပဲ လက်မှတ်ကို ကြိုဝယ်ခဲ့ရတာ။ ဒီနေ့က ပြန်မရောက်လို့မရဘူးလေ။ မနက်ဖြန် ရုံးတက်ရမှာ။ အမေ့ကိုလည်း ကန်တော့ခဲ့ရတယ်။ မောင်နှမဆွေမျိုးတွေနဲ့လည်း တွေ့ရတယ်ဆိုတော့ ပျော်ခဲ့တယ်။ ပိတ်ရက်ကိုတောင် နည်းတယ်လို့ထင်သွားမိတယ်။ သူငယ်ချင်းတွေအတွက် လက်ဆောင်တွေ ဝယ်ချင်ပေမယ့် ပိုက်ဆံကမလောက်တော့ မဝယ်ခဲ့နိုင်ဘူး"ဟု ပြောသည်။

နိုင်ငံတော်အစိုးရက ယခုနှစ်အများပြည်သူရုံးပိတ်ရက်၊ သီတင်းကျွတ် ရုံးပိတ်ရက်များကို သုံးရက်အစား ငါးရက် ပြင်ဆင်သတ်မှတ်ပေးလိုက်ခြင်းသည် အများပြည်သူများနှင့် တကယ်ပင်သက်ဆိုင်သည့် အားလပ်ရက်ရှည်များဖြစ်ခဲ့သည်ကို ပြောသူများ၏ စကားသံများ၊ နေ့စဉ်နှင့်အမျှ လူမှုမီဒီယာ ဖေ့စ်ဘွတ်စာမျက်နှာထက်တွင် မြင်တွေ့နေရသည့် ကြည်နူးပျော်ရွှင်ဖွယ် ပုံရိပ်များက အထင်းသားဖော်ပြနေသည်။

သီတင်းကျွတ် ရုံးပိတ်ရက်များအတွင်း မန္တလေး၊ ပုဂံ-ညောင်ဦး၊ ပုပ္ပား၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ လွိုင်ကော်၊ ထားဝယ်၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်၊ ကျိုက်ထီးရိုး၊ ပဲခူး၊ မြစ်ကြီးနား၊ ဘားအံ စသည့် မြန်မာနိုင်ငံအနှံ့အပြားရှိ နာမည်ကျော်ဒေသတွင်း ခရီးစဉ်များသို့ သွားရောက်ခဲ့သူများရှိသကဲ့သို့ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် အစရှိသည့် အာဆီယံနိုင်ငံများနှင့် ကိုရီးယား၊ တရုတ်နိုင်ငံတို့သို့ အလည်အပတ်ထွက်သူများလည်း ရှိခဲ့သည်။

ယခုနှစ် သီတင်းကျွတ်ရုံးပိတ်ရက်တွင် ပျော်ရွှင်ကြည်နူးဖွယ် ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ မယ်ဆိုင်သို့ မိသားစုဖြင့် အလည်အပတ်ခရီးထွက်ခဲ့သူ ဒေါ်ဝင်းနန္ဒာမြင့်က "အခုလို သီတင်းကျွတ်မှာ တစ်ခါမှခရီးမသွားဖူးဘူး။ ဒါပထမဆုံးခရီးသွားတာပါ။ အမျိုးသားရဲ့အလုပ်က အချိန်ပေးပြီး ကျွန်မတို့နဲ့အခုလိုလည်ဖို့ဆိုတာ တော်တော်မလွယ်တာပါ။ မနေ့က တာချီလိတ်ရောက်တယ်။ တာချီလိတ်မှာ ရွှေတိဂုံပုံတူစေတီကိုဖူးတယ်။ ထိုင်းမယ်ဆိုင်ဘက်သွားတယ်။ ဘုရင်မပန်းခြံ၊ ကွမ်ရင်မယ်တော် ကျောင်းတွေမှာ မြန်မာတွေကြီးပဲ။ ပိတ်ရက်မှာလာလည်ကြတာ။ ဒီခရီးက သွားတဲ့သူတွေများလို့ လေယာဉ်လက်မှတ်တောင် မနည်းလုပ်ရတယ်။ ဒီခရီးစဉ်မှာ ဗဟုသုတတော်တော်ရခဲ့တယ် "ဟု သူ၏အတွေ့အကြုံကို ပြောပြသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ကိုသန့်စင် က "သီတင်းကျွတ်ပိတ်ရက်မှာ ကလေးတွေလည်း ရက်ရှည်ကျောင်းပိတ်ထားတော့ မိသားစုအကုန်လုံး အထက်မြန်မာပြည် ဘုရားလည်းဖူးရင်း ကလေးတွေလည်း ဒေသန္တရဗဟုသုတရအောင် အလည်သွားကြတာပါ။ ပထမဆုံးကျောက်ဆည်ဝင်ပြီး ဆင်ကပွဲကြည့်ကြတယ်။ ရွှေဘက်မှာရှိတဲ့ ဆင်ခေါင်းတောင်သွားကြတယ်။ ဇော်ဂျီမြစ်မှာရေချိုးကြတယ်။ နောက်ပြီး ပြင်ဦးလွင်မှာရှိတဲ့လည်ပတ်စရာနေရာတွေအကုန် သွားလည်ကြတယ်။ ဒီခရီးစဉ်လေးက မိသားစုလိုက်သွားခဲ့တာဆိုတော့ ပျော်စရာကောင်းပါတယ်"ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့သို့ အလည်အပတ်ခရီး ထွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းဖြစ်သူ ဦးသန်းဝင်းက "ရန်ကုန်ကို ဒီနေ့ပြန်ရောက်တာပါ။ ရုံးပိတ်ရက်မှာ ရွှေကျင်မြို့ရဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်ကို မိတ်ဆွေတွေနဲ့အတူ သွားရောက်ခဲ့ပါတယ်။ အပန်းဖြေခရီးပါ။ သွားကတည်းက စင်းလုံးငှားယာဉ်နဲ့သွားခဲ့တာပါ။ နိုင်ငံတော်ကနေပြီးတော့ အခုလို သီတင်းကျွတ်ရုံးပိတ်ရက် ငါးရက်စီစဉ်ပေးတဲ့အပေါ်မှာ ဝန်ထမ်းအများစုကတော့ အင်မတန်မှဝမ်းမြောက်ကြတယ်။ ရရှိတဲ့ ဒီပိတ်ရက်ကလေးမှာ အကျိုးရှိစွာနဲ့ ကျွန်တော်တို့ အပန်းဖြေခရီးတွေသွားနိုင်တယ်။ မိသားစုတွေ လှူနိုင်တန်းနိုင်တယ်။ ရပ်ဝေးမှာရှိတဲ့ မိဘ၊ ဆရာသမားတွေကို သွားရောက်ပြီးတော့မှ မြန်မာ့ရိုးရာ အစဉ်အလာမပျက် ကန်တော့နိုင်တယ်။ လှူဒါန်းနိုင်တယ်။ ရုံးပြန်ဖွင့်တဲ့အခါမှာလည်း စိတ်သစ်လူသစ်နဲ့ ရွှင်လန်းတက်ကြွစွာနဲ့ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်များကို ဆက်လက်ပြီး ပြန်လည်ထမ်းဆောင်သွားမှာပါ"ဟု ပြောသည်။

ချောင်းသာကမ်းခြေသို့ နှစ်ရက်တာ မိသားစုနှင့်အတူ အပန်းဖြေခရီး ထွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နေ အလယ်တန်းပြဆရာမ ဒေါ်ခင်မိုးအေးက "၁၆ ရက်နေ့မှာ လုပ်ငန်းခွင်ပြန်ဝင်ရမှာပါ။ အစပိုင်းနှစ်တစ်ဝက်လုံးမှာ ကလေးတွေနဲ့ အတူတူ စာသင်ပြီးသွားတဲ့အခါ တချို့ လုပ်ငန်းခွင်မှာ စိတ်ဖိစီးတာတွေ ရှိပါတယ်။ ပိတ်ရက်အပန်းဖြေခရီးထွက်လိုက်တဲ့အခါကျတော့ စိတ်ထဲမှာ လန်းဆန်းပေါ့ပါးသွားတယ်။ စိတ်ထဲမှာလည်း ကြည်နူးပျော်ရွှင်သွားတယ်။ လုပ်ငန်းခွင် ပြန်ဝင်ရမယ်ဆိုတော့လည်း စိတ်ကပေါ့ပါးလန်းဆန်းနေပါတယ်"ဟု ပြောသည်။

ကိုယ်ရောစိတ်ပါ လွတ်လပ်ပေါ့ပါးစွာ အပန်းဖြေအနားယူခဲ့ရသည့် ရက်များကို ပြန်လည်တွေးရင်း ကျေနပ်ပျော်ရွှင်နေသူများ၊ ဇာတိမြေကို သွားရောက်ကာ မိဘဆွေမျိုးသားချင်းများနှင့်တွေ့ဆုံပြီး ကြည်နူးလွမ်းဆွတ်မှု စိတ်ခံစားချက်များကို ရင်ဝယ်ပိုက်ပြီး ပြန်လာသူများ၊ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်သည့်အခါ လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများအတွက် ကြိုတင်ပြင်ဆင်နေသူများက သီတင်းကျွတ်ပိတ်ရက် နောက်ဆုံးနေ့ကို ဖြတ်သန်းရင်း လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် နေ့သစ်ကို စိတ်လန်းဆန်းတက်ကြွမှုအပြည့်ဖြင့် စောင့်ကြိုနေကြပြီဖြစ်သည်။

**တွေ့ဆုံမေးမြန်း - သီသီမင်း၊ မင်းသစ်(MNA)၊ ဓာတ်ပုံ - နေလင်း**

# မတ္တရာမြို့မှ စတင်ထွက်ရှိလာသည့် ထိုင်ဝမ်ခရမ်းချဉ်သီးများ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာ

**မန္တလေး အောက်တိုဘာ ၁၅**
ယခုရာသီတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှ စတင်ထွက်ရှိလာသည့် ထိုင်ဝမ်မျိုး ခရမ်းချဉ်သီးများ မန္တလေးပွဲရုံများသို့ စတင်ဝင်ရောက်လာကြောင်း သိရသည်။

မန္တလေးမြို့ရှိ ခရမ်းချဉ်သီးပွဲရုံများသို့ ပုံမှန်အားဖြင့် အင်းလေး၊ ညောင်ရွှေဒေသမှ အများဆုံးဝင်ရောက်လျက်ရှိသော်လည်း ယခုလိုဆောင်းရာသီအကြိုကာလ၌ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်နှင့် စစ်ကိုင်းဒေသကြီး မြင်းမူ၊ ရွှေဘိုမြို့နယ်များမှ စိုက်ပျိုးထားသည့် ခရမ်းချဉ်သီးများ စတင်ဝင်ရောက်လေ့ရှိပြီး တန်ဆောင်မုန်း၊ နတ်တော်လများတွင် လှိုင်လှိုင်ထွက်ရှိကာ လက်ရှိအချိန်တွင် မတ္တရာမြို့နယ်မှ ပေါ်ဦးပေါ်ဖျား ထိုင်ဝမ်ခရမ်းချဉ်သီးများ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ဈေးဖြင့် စတင်ဖြန့်ချိရောင်းချနေကြောင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမန္တလာဈေးရှိ ညိုလေး ခရမ်းချဉ်သီးပွဲရုံမှ မမေဖူးမြင့်က ပြောသည်။



"ခရမ်းချဉ်သီးက ပုံမှန်အားဖြင့်တော့ အင်းလေး၊ ညောင်ရွှေဒေသကပဲ ကားတွေနဲ့ သေတ္တာလိုက် မန္တလေးပွဲရုံတွေကို ဝင်ရောက်လာတာပါ။ ဈေးကွက်ထဲကို အဝင်အနည်းအများပေါ် မူတည်ပြီး ဈေးအတက်အကျ ရှိပါတယ်။ လက်ရှိ အောက်တိုဘာ ၁၀ ရက် မန္တလေး ဈေးကွက်ပေါက်ဈေးက ပိဿာချိန် ၂၀ ဝန်းကျင်ပါတဲ့ ခရမ်းချဉ်သီးတစ်သေတ္တာကို ငွေကျပ် ၂၆၀၀၀ ဈေးနဲ့ရောင်းချပေးနေပါတယ်။ ဆောင်းရာသီကာလတစ်လျှောက်မှာတော့ မန္တလေးတိုင်းဒေသကြီးအတွင်းက ခရမ်းချဉ်သီးတွေစပြီး ထွက်လာတာဖြစ်လို့ ဈေးကျသွားတဲ့အတွက် သူတို့ဒေသက အသီးတွေမဝင်ကြတော့ဘူး"ဟု ၎င်းက ပြောသည်။

ခရမ်းချဉ်သီးကို မန္တလေးမြို့ရှိ သီရိမန္တလာဈေး၊ ကိုင်းတန်းဈေး၊ မန်းမြို့ဈေး၊ ရတနာပုံဈေး၊ သရဲဈေးနှင့် အောင်ပင်လယ်ဈေးများမှ အဓိကလက်လီလက်ကား ဖြန့်ချိရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်**

# မြဝတီမြို့၌ သီတင်းကျွတ် အားလပ်ရက်များတွင် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေး

**ဘားအံ အောက်တိုဘာ ၁၅**
မြန်မာတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည့် သီတင်းကျွတ်ပွဲတော်ကို အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိကြရာ ကရင်ပြည်နယ် မြဝတီမြို့တွင်လည်း တန်ခိုးကြီးဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သူများ၊ ဥပုသ်သီလခံယူဆောက်တည်သူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်လည်ပတ် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး၏ညွှန်ကြားမှု၊ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် မြဝတီမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများနှင့် လူအများသွားလာလည်ပတ်ရာ အပန်းဖြေနေရာများ၌ အများပြည်သူ စိတ်အေးချမ်းသာစွာ ကုသိုလ်ပြုသွားလာလည်ပတ်နိုင်ရေး၊ မှုခင်းများမဖြစ်ပွားစေရေးအတွက် မြဝတီခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် လုံခြုံရေးတာဝန်ချထား၍ လိုအပ်သည့် ကူညီမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အားသစ်အင်သစ်ဖြင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ကြမည့်သူများ၏ စကားသံများ


ဦးကျော်ဝင်းတင့်


ကိုဇင်


ဦးအောင်မြင့်


မအေးအေးသင်း


ကိုရဲမိုး


ဒေါ်ခင်နွဲ့မော်

သီတင်းကျွတ်ရုံးပိတ်ရက် ငါးရက်တွင် မြန်မာနိုင်ငံ နေရာဒေသအသီးသီးသို့ သွားရောက်ဘုရားဖူးကြသူများ၊ အပန်းဖြေအနားယူကြသူများ၊ လေ့လာရေးခရီးသွားကြသူများနှင့် မိဘရပ်ထံပြန်ကြပြီး သွားရောက်ကန်တော့ကြသူများ၏ ကုသိုလ်ဆည်းပူးခဲ့မှုများနှင့် မိသားစုနှင့်အတူ ပျော်ရွှင်ဖွယ်ခရီးသွား နေထိုင်ဖြတ်သန်းခဲ့မှုများကို သတင်းများတွင် ကြည်နူးဖွယ်ရာ တွေ့မြင်ခဲ့ကြရသည်။

ယနေ့ဆိုလျှင် သီတင်းကျွတ်ရုံးပိတ်ရက်၏ နောက်ဆုံးနေ့ဖြစ်သည့်အတွက် နံနက်ပိုင်းမှစတင်ပြီး နေပြည်တော် ရန်ကုန်-မန္တလေး အမြန်လမ်း နေပြည်တော် (တိုးဂိတ်)၊ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းတို့တွင် ဒေသအသီးသီး၌ ရောက်ရှိနေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများမှာ အားကြိုးမာန်တက်ဖြင့် မိမိတို့လုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်ဝင်ရောက်ရန်နှင့် နေရပ်များသို့ပြန်ကြရန် ခရီးသွားမြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

ခရီးသွားပြည်သူများ၏ အသွားအပြန် မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် အမြန်လမ်းမ တစ်လျှောက်ရှိ တိုးဂိတ်များတွင်လည်း တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံနေရာဒေသအသီးသီးသို့ သွားရောက်ဘုရားဖူးကြသူများ၊ အပန်းဖြေအနားယူကြသူများ၊ လေ့လာရေးခရီးသွားကြသူများနှင့် မိဘရပ်ထံပြန်ကြပြီး သွားရောက်ကန်တော့ကြသူများ၏ စကားသံများကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ဦးကျော်ဝင်းတင့်(ကုမ္ပဏီဝန်ထမ်း)**

ကျွန်တော်က နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတာပါ။ သီတင်းကျွတ်ပိတ်ရက်မှာ ရန်ကုန်ကို ပြန်ဖြစ်ပါတယ်။ ရန်ကုန်ကိုရောက်ဖြစ်ချိန်မှာ မီးထွန်းပွဲတော်တွေ လိုက်ကြည့်ဖြစ်တယ်၊ နိုင်ငံတော်အနေနဲ့ သီတင်းကျွတ်ရုံးပိတ်ရက် ငါးရက်ပိတ်ပေးတဲ့အတွက် ကျွန်တော်တို့ အေးအေးဆေးဆေးနားရပါတယ်။ ဒီပိတ်ရက်တွေမှာလူရော စိတ်ရောအနားယူထားတဲ့အတွက် ရုံးဖွင့်ရက်မှာ အာရုံစူးစိုက်ပြီး ပိုအလုပ်လုပ်နိုင်မှာပါ။

**ကိုဇင် (ကုမ္ပဏီဝန်ထမ်း)**

ကျွန်တော်က ရန်ကုန်မှာ အလုပ်လုပ်နေတာပါ။ သီတင်းကျွတ်ရုံးပိတ်ရက်မှာ နေပြည်တော်က မိသားစုတွေဆီကို ပြန်လာတာပါ။ ဒီပိတ်ရက်တွေမှာ မိသားစုနဲ့ နွေးနွေးထွေးထွေးနေဖြစ်တယ်။ ဘုရားတွေလည်းသွားဖြစ်တယ်။ ကုသိုလ်ကောင်းမှုတွေလည်း လုပ်ဖြစ်တယ်။ တကယ်တမ်း ရုံးပိတ်ရက် ငါးရက်ဆိုပေမယ့် ကုမ္ပဏီဝန်ထမ်းဆိုတော့ သုံးရက်လောက်ပဲ နားဖြစ်တာပါ။ အခုလိုမိသားစုနဲ့ သုံးရက်လောက်နားလိုက်ရတော့လည်း အားတက်သရောနဲ့ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်မှာပါ။ အခုကတော့ ရန်ကုန်ကိုပြန်မှာဖြစ်ပါတယ်။

**ဦးအောင်မြင့်(မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်း)**

ကျွန်တော်တို့က နိုင်ငံ့ဝန်ထမ်းဆိုတော့ သီတင်းကျွတ်ရုံးပိတ်ရက်မှာ ရန်ကုန်မှာရှိတဲ့မိဘထံ ပြန်ကန်တော့ရင်းနဲ့ အနားယူပြီး အခုနေပြည်တော်ကို ပြန်လာတာဖြစ်ပါတယ်။ ရန်ကုန်က သူငယ်ချင်းတွေနဲ့လည်း တွေ့ဖြစ်ပါတယ်။ မနက်ဖြန်မှာတော့ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရတော့မှာဖြစ်ပါတယ်။ ရုံးပိတ်ရက် ငါးရက်ဖြစ်လို့သာ လောက်လောက်ငင သွားလို့ရတာ။ သုံးရက်တည်းဆိုရင် သွားလာရတာအဆင်မပြေဘူး။ အခုလို ရုံးပိတ်ရက်ရှည် ဆောင်ရွက်ပေးတဲ့အတွက်လည်း နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ သီတင်းကျွတ်အခါသမယမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများလည်း ကျန်းမာပျော်ရွှင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**မအေးအေးသင်း(အထည်ချုပ်စက်ရုံဝန်ထမ်း)**

ညီမက သီတင်းကျွတ်ရုံးပိတ်ရက်အတွင်းမှာ သာဂရမှာရှိတဲ့ မိဘတွေဆီ သွားရောက်ကန်တော့ အနားယူပြီး အခု ရန်ကုန်ကို ပြန်မှာပါ။ သာဂရကိုရောက်ဖြစ်တဲ့ အချိန်မှာတော့ ဘုရားသွားကျောင်းတက်ပြီး ကုသိုလ်ဆည်းပူးဖြစ်ပါတယ်။ မိဘတွေနဲ့အတူ သက်ကြီးရွယ်အိုတွေကို ကန်တော့ဖြစ်ပါတယ်။ အခုလိုအနားယူလိုက်တော့လည်း လုပ်ငန်းခွင်ကို ပြန်ဝင်ရောက်ဖို့အတွက် အားရှိသွားတာပေါ့။ ကျွန်မတို့လို ဘဝကိုရုန်းကန်နေရတဲ့သူတွေတင်မက အားလုံး အခုလို သီတင်းကျွတ်အခါသမယမှာ ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။


မအိအိဖြူ


မအေးသန္တာ


မလွဲ့လွဲ့ခိုင်

**ကိုရဲမိုး(ငါးဖမ်းလှေလုပ်သား)**

ကျွန်တော်က ငါးဖမ်းလှေလိုက်တဲ့ လုပ်ငန်းလုပ်တာပါ။ အခုလို သီတင်းကျွတ်ပိတ်ရက်တွေမှာ ပုဂံညောင်ဦးကို ဘုရားဖူးထွက်ဖြစ်တာပါ။ အခု ပုဂံကပြန်လာတာပါ။ တခြားနေရာတွေလည်း ရောက်ဖြစ်ပါတယ်။ အခုလိုပိတ်ရက်တွေမှာ မိသားစုနဲ့ ဘုရားဖူးထွက်ဖြစ်တော့ စိတ်ရောကိုယ်ရော ကြည်နူးမိတယ်။ အခုလို ရုံးပိတ်ရက်တွေမှာ တခြားသူတွေလည်း မိသားစုတွေနဲ့အတူ ပျော်ရွှင်နိုင်ပါစေ၊ မြန်မာနိုင်ငံကြီးလည်း ငြိမ်းချမ်းသာယာပါစေ။

**ဒေါ်ခင်နွဲ့မော်(ကျောင်းဆရာမ)**

ကျွန်မတို့က ကျောင်းဆရာမတွေဆိုတော့ အခုလို ကျောင်းပိတ်ရက်တွေမှာပဲ ခရီးထွက်ဖြစ်တာပါ။ ဒီသီတင်းကျွတ်ပိတ်ရက်တွေမှာတော့ ပုဂံ၊ ညောင်ဦး၊ ကျောက်ဆည်၊ မန္တလေး အစုံရောက်ဖြစ်ပါတယ်။ အခုကတော့ လုပ်ငန်းခွင်ဝင်မလို့ ရန်ကုန်ပြန်တာပါ။ ပိတ်ရက်ရှည်ပိတ်လို့ တကယ်ကိုပျော်ရွှင်မိပါတယ်။ စပိတ်ကတည်းက ခရီးထွက်ကြတာပါ။ ဘုရားဖူးကားနဲ့ ခရီးထွက်တာဆိုတော့ လူလည်းစုံတော့ ပိုပျော်စရာကောင်းတယ်။ ပုဂံကိုရောက်တဲ့အချိန်မှာတော့ စွယ်တော်လေးဆူကို ဆွမ်းကပ်ဖြစ်ခဲ့တဲ့အတွက် ကုသိုလ်တွေ အများကြီးလုပ်ဖြစ်ခဲ့တယ်။ မနက်ဖြန်ဆိုရင် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရတော့မှာဖြစ်တယ်။ ခုလို ပျော်စရာကောင်းတဲ့ ရက်တွေကို ဖြတ်သန်းခဲ့ရလို့ ခွန်အားသစ်တွေနဲ့ လုပ်ငန်းခွင်မှာ တာဝန်ထမ်းဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**မအိအိဖြူ(ဖိနပ်စက်ရုံဝန်ထမ်း)**

ကျွန်မက ရန်ကုန်က ဖိနပ်စက်ရုံမှာ အလုပ်လုပ်တာပါ။ သီတင်းကျွတ်ရုံးပိတ်ရက်မှာ မိဘတွေရှိတဲ့ နေပြည်တော် တပ်ကုန်းကို သွားရောက်ကန်တော့ပြီး ရန်ကုန်ကို ပြန်မှာဖြစ်ပါတယ်။ တခြားနေရာတွေတော့ မလည်ဖြစ်ပါဘူး။ မိဘတွေနဲ့ အတူတူနေရလို့ ဝမ်းသာပီတိဖြစ်မိတယ်။ ကုသိုလ်တွေလည်းလုပ်ဖြစ်ပါတယ်။ ကျွန်မလိုပဲ တခြားစက်ရုံဝန်ထမ်းတွေလည်း ပျော်ရွှင်နိုင်ပါစေ။ နောင်ကာလတွေမှာလည်း အားသစ်အင်သစ်တွေနဲ့ တာဝန်ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**မအေးသန္တာ(အာမခံကုမ္ပဏီဝန်ထမ်း)**

ကျွန်မက သီတင်းကျွတ် ရုံးပိတ်ရက်မှာ နေပြည်တော်မှာရှိတဲ့ မိဘတွေဆီ ကန်တော့ရင်းပြန်ဖြစ်တာပါ။ မနက်ဖြန်ဆိုရင် လုပ်ငန်းခွင်ဝင်တော့မှာဖြစ်တဲ့အတွက် ရန်ကုန်ကို ပြန်တာပါ။ သီတင်းကျွတ်ရုံးပိတ်ရက် ငါးရက်ရတော့ မိဘတွေနဲ့ အကြာကြီး အတူတူနေဖြစ်တော့ ပျော်ရွှင်ရတယ်။ သူငယ်ချင်းတွေနဲ့တွေ့ဖြစ်တယ်။ တကယ်တမ်း ပြောရရင်တော့ အိမ်ကမပြန်ချင်သေးဘူး။ ဒါပေမယ့်လည်း လုပ်ငန်းခွင်ဝင်ရတော့မှာမို့ ပြန်ဖြစ်ပါတယ်။ ကျွန်မလိုပဲ တခြားသူတွေလည်း မိဘထံပြန်ကြရလို့ စိတ်ပျော်ရွှင်မှုတွေ ရပါစေလို့ ဆုတောင်းပေးပါတယ်။

**မလွဲ့လွဲ့ခိုင်(ရဲတပ်ဖွဲ့ဝင်)**

ကျွန်မက သီတင်းကျွတ်ရုံးပိတ်ရက်မှာ တာဝန်ကျတဲ့ ရမည်းသင်းကနေ မိဘနေရပ်ထံ ရန်ကုန်ကို ခဏပြန်ပြီး အခု ရမည်းသင်းကို ပြန်တာဖြစ်ပါတယ်။ ပိတ်ရက်မှာ မိသားစုနဲ့အတူ မအူပင်က ပေါ်တော်မူဘုရားကိုလည်း ဆီမီးတစ်ထောင် သွားရောက်လှူဒါန်းဖြစ်ခဲ့ပါတယ်။ မအူပင် သီတင်းကျွတ်ဘုရားပွဲတွေနဲ့အတူ ပျော်ပွဲရွှင်ပွဲတွေကိုလည်း အစုံတွေ့ခဲ့ရတယ်။ ဒီနှစ် သီတင်းကျွတ်မှာ တရားဝင်ရုံးပိတ်ရက် ငါးရက်ရတော့ အရင်နှစ်တွေထက်ပိုပြီးတော့ သွားလာလည်ပတ်ရတာ အဆင်ပြေပါတယ်။ ဒီရက် အတောအတွင်းမှာ အလှူအတန်းတွေလည်းလုပ်၊ သူငယ်ချင်းတွေနဲ့လည်း တွေ့ဖြစ်ပါ တယ်။ မနက်ဖြန်ဆိုရင် အားသစ်မာန်သစ်နဲ့ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရတော့မှာပါ။ ဒါကြောင့် ဒီပိတ်ရက်မှာ အနားယူခဲ့ရတဲ့အတွက် စိတ်ခွန်အားဖြစ်မိပါတယ်။

**သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ-အေးသန်း၊ မိုက်ကယ်ထန်း**



# ရှင်မတောင်နှင့် သရက္ခန်ဘုရားများ

အန်ကယ်ပညာ

လွန်ခဲ့တဲ့ ၂၇ နှစ်တုန်းက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့မှာ တာဝန်ထမ်းဆောင်ရင်း သုံးနှစ်နီးပါးနေခဲ့ဖူးပါတယ်။ အခုအချိန်နဲ့ ပြန်တွက်ကြည့်ရင် နှစ်ပေါင်း ၃၀ လောက်ကြာခဲ့ပြီမို့ ပြောင်းလဲတိုးတက်မှုတွေလည်းရှိနေခဲ့ပြီလို့ ဆိုရမှာပါ။ ရေစကြိုမြို့နဲ့ ကင်းကွာခဲ့တာ အဲဒီလောက်ကြာခဲ့ပြီလားဆိုတော့ မဟုတ်ပါဘူး။ ရေစကြိုမှာ နေထိုင်ခဲ့စဉ်က သံယောဇဉ်ရှိခဲ့ဖူးတဲ့ ဆရာသမားတွေနဲ့ မိတ်ဆွေရင်းချာတွေဆီ သွားရောက်ဂါရဝပြု လည်ပတ်ရင်းနဲ့ မကြာမကြာ ပြန်ရောက်ဖြစ်ခဲ့ပါတယ်။ အဲဒီလို ပြန်ရောက်ဖြစ်တိုင်းလည်း ပခုက္ကူ-ရေစကြိုတစ်ကြောက သရက္ခန်ဘုရားတွေကို ဝင်ရောက်ဖူးမြော်ဖြစ်ပါတယ်။ ရှင်မတောင်နဲ့ ရှင်မတောင်ပေါ်မှာရှိတဲ့ သရက္ခန်ဘုရားကို တက်ရောက်ဖူးမြော်ခြင်းမှအပပေါ့လေ။

ဒါကလည်း မသွားချင်လို့တော့ မဟုတ်ပါဘူး။ အခြားသွားရလာရမယ့်အချိန်တွေကို တွက်ဆပြီးတော့သာ မရောက်ဖြစ်ခဲ့တာပါ။ ဒီတစ်ခါတော့ ရှင်မတောင်အပေါ် ရောက်အောင်သွားပြီး ဘုရားဖူးကြမယ်လို့ အစီအစဉ်ဆွဲပြီးသွားခဲ့တာ မကြာသေးခင်ကမှ တတိယအခေါက် ရောက်ဖြစ်ခဲ့ပါတယ်။ တောင်ခြေကနေ ပင်လယ်ရေမျက်နှာပြင်အထက် ၁၇၂၃ ပေမြင့်တဲ့ တောင်ထိပ်အထိ ကတ္တရာလမ်းခင်းထားတာမို့ ကားနဲ့ အလွယ်တကူပဲ တက်ရောက်နိုင်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်လောက်တုန်းက ကားလမ်းဖောက်ဖို့ စီစဉ်နေဆဲကာလဖြစ်လို့ ဖုန်အလိမ်းလိမ်းနဲ့ သည်းထိတ်ရင်ဖို တက်ခဲ့ရတဲ့လမ်းပါ။ အခုတော့ ကားစီးရင်းနဲ့ ပတ်ဝန်းကျင်က သဘာဝရှုခင်းတွေကို ကြည့်ရှုခံစားနိုင်ပါပြီ။

### သရက္ခန်အစစ် လက်လေးသစ်

ပခုက္ကူ - ရေစကြိုကားလမ်းပေါ်မှာရှိတဲ့ ပခန်းကြီးမြို့ဟောင်းကနေ ရှင်မတောင်ဘက်ကို ချိုးဝင်သွားတော့ လမ်းမှာဘုရားဖူးလာတဲ့ ကားတစ်စီးစ၊ နှစ်စီးစတွေ့ရပါတယ်။ ဆိုလိုချင်တာက ရှင်မတောင်ဘုရားဖူးတဲ့ အရေအတွက် နည်းနေသေးတယ်လို့ထင်တာပါ။ ဖူးချင်ကြပေမယ့် လမ်းမသိတာ၊ ကားရောက်၊ မရောက်မသေချာတာ၊ ဘုရားရှိမှန်းမသိတာ၊ ဘုရားအကြောင်း မသိတာ၊ အချိန်မရတာတွေထဲက အကြောင်းမတိုက်ဆိုင်တာ တစ်ခုခုကြောင့်ဖြစ်မယ် ထင်ပါတယ်။ ဒါကြောင့် ရှင်မတောင်နဲ့ ဆက်စပ်နေတဲ့ သရက္ခန်ဘုရားများအကြောင်းကို မျှဝေပေးချင်တဲ့ စေတနာက ဒီစာကိုရေးဖြစ်စေခဲ့ပါတယ်။



ပခန်းကြီး စည်သူရှင်သရက္ခန်ဘုရား



ရွှေတန့်တစ်သရက္ခန်ဘုရား

**မင်းကြီးရဲ့ စိတ်ထဲမှာ အဲဒီဆင်းတုတော်တွေကို ပုဂံနေပြည်တော်မှာ ဂူသွင်းတည်ထားကိုးကွယ်ဖို့ စိတ်ကူးရှိခဲ့ပါတယ်။ ဒါပေမယ့် သိကြားမင်းက ပုဂံမှာဆိုရင် သာသနာငါးထောင်တိုင်အောင် မတည်မြဲနိုင်ဘူး။ ရှင်မတောင်ဒေသမှာ တည်ထားမှ သာသနာငါးထောင်တည်မယ်။ အဲဒီနားရောက်ရင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ညွှန်ပြကြလိမ့်မယ်။ အဲဒီနေရာတွေမှာသာ အရိုအသေပြုပြီး လိုဏ်သွင်းထားရစ်ပါလို့ မှာခဲ့**

ဒီတော့ အနေကဇာတင်ခွင့်မပြုခဲ့တဲ့ သရက္ခန်ဘုရား ငါးဆူ သမိုင်းအကျဉ်းကနေ အစပြုတင်ပြလိုပါတယ်။

သရက္ခန်အစစ် လက်လေးသစ်လို့ ဆိုကြပါတယ်။ သိကြားမင်းက နတ်ပြည်က ယူဇနာအဝန်း ၁၀၀ ထိအောင်မွှေးတဲ့ သရက္ခန်သားလက်သစ် ၂၀ ကိုယူပြီး ဆင်းတုတော်ငါးဆူ ကိုယ်တိုင်ထုလုပ်ခဲ့ပါသတဲ့။ တစ်ဆူချင်းမှာ ဘုရားရှင်ရဲ့ မွေတော်ဓာတ်တော်နှစ်ဆူစီထည့်သွင်းဌာပနာပါသတဲ့။ လက်သစ် ၂၀ ကို ငါးဆူထုတော့ တစ်ဆူစီရဲ့ ဉာဏ်တော်ဟာ လက်လေးသစ်ဖြစ်တာ သဘာဝကျတယ်လို့ ထင်ပါတယ်။ အဲဒီ ငါးဆူကို ပုဂံဘုရင် အလောင်းစည်သူမင်းကိုဆက်သပါသတဲ့။ အလောင်းစည်သူမင်းက ဆင်းတုတော်အရွယ်က ငယ်လွန်းတယ်ဆိုတော့ သိကြားမင်းက ဇမ္ဗူသပြေသားနဲ့ အရွယ်တော်ဆင်းတု ငါးဆူထုလုပ်ပြီး သရက္ခန်ငါးဆူကို ပထမမှ ပဉ္စမအထိ အစဉ်အတိုင်း ထည့်သွင်းဌာပနာပေးပါသတဲ့။

### အနေကဇာတင်ခွင့်မရှိ

အဲဒီလို ဇမ္ဗူသပြေသားနဲ့ အရွယ်တော် ဆင်းတုတော်ငါးဆူထုလုပ်ရာမှာ နောက်ဆုံးဖြစ်တဲ့ ပဉ္စမဆင်းတုတော်အလှည့်တွင် အသားမလောက်လို့ လက်ယာလက်မောင်းတော်ကို ဗောဓိညောင်သားနဲ့စပ်ပြီး ထုလုပ်ခဲ့ရတယ်လို့ ဆိုပါတယ်။ သိကြားမင်းက အဲဒီလို သရက္ခန်ဆင်းတုငါးဆူ၊ ဇမ္ဗူသပြေဆင်းတု ငါးဆူထုလုပ်ရာက ထွက်ပေါ်လာတဲ့ စူးစာဆောက်စာ၊ ခါးငယ်စာတွေကို သစ်စေးသရိုးနယ်ပြီး ဓာတ်တော်နှစ်ဆူဌာပနာကာ ဆင်းတုတော်ထုလုပ်ပြီး မင်းကြီးကို ဆက်သခဲ့ပြန်ပါသတဲ့။ အဲဒီဆင်းတုတော်ကိုတော့ အသားမြတ်သုံးပါး ပေါင်းစပ်ပြုလုပ်ထားတာကြောင့် "မြတ်ပေါင်းမဉ္ဇူ"လို့ ဘွဲ့အမည်တွင်ခဲ့ပါတယ်။

ဆင်းတုတော်တွေ ထုလုပ်ပြီးသွားတော့ မင်းကြီးက အနေကဇာတင်ဖို့လိုတဲ့အကြောင်းပြောရာမှာ သိကြားမင်းက ဆင်းတုတော်တွေရဲ့ပုံသဏ္ဌာန်ဟာ မြတ်စွာဘုရားရဲ့ ပုံသဏ္ဌာန်အတိုင်းဖြစ်တဲ့အပြင် ဓာတ်တော်မွေတော်များကလည်း မြတ်စွာဘုရားရဲ့ကိုယ်တော်ကဖြစ်တဲ့အတွက် အနေကဇာတင်ခွင့်မရှိလို့ တားမြစ်ပါသတဲ့။

အလောင်းစည်သူမင်းကြီးက ဆင်းတုတော်တွေကို ဖူးမြော်ကြည်ညိုရင်း ပုလ္လင်တော်တွေ နိမ့်နေတယ်ထင်လို့ မြှင့်ချင်တဲ့ ဆန္ဒဖြစ်ပေါ်ရာမှာ ကျွန်းစောင့်နတ်တွေက ဆင်သားရေသဏ္ဌာန် ရှိတဲ့ သစ်တုံးခြောက်ပိုင်းကို ဆင်းတုတော်ခြောက်ဆူရှေ့မှာ အစဉ်အတိုင်းလာရောက်ချထားပေးခဲ့ပါသတဲ့။ ပန်းပုဆရာတွေက အဲဒီသစ် ခြောက်ပိုင်းကို ဆင် ၁၅ စီး၊ ဆင် ၁၄ စီး ၊ ဆင် ၁၃ စီး၊ ဆင် ၁၂ စီး၊ ဆင် ၁၁ စီးနဲ့ ဆင် ၁၀ စီး ပလ္လင်ခြောက်ခုထုလုပ်ပြီး သရက္ခန်ဆင်းတုတော်ငါးဆူနဲ့ မြတ်ပေါင်းမဉ္ဇူဆင်းတုတော်တို့ကို အစဉ်အတိုင်း တင်ပြီး မင်းကြီးကိုဆက်သခဲ့တယ်လို့ ဆိုပါတယ်။

### ရှင်မတောင်ဒေသမှာ တည်ထားမှ

အဲဒီနောက်မှာတော့ မင်းကြီးက ဆင်းတုတော်တွေကို ရွှေပြာသကၤန်း ကပ်လှူတော်မူပါသတဲ့။ ပြီးတော့ ဆင်းတုတော်တွေမှာ ကမ္ပည်းအမှတ်အသားထားတော်မူစေရာ သက္ကရာဇ် ၄၅၇ ခုနှစ်တွင် သိကြားမင်းက အပ်နှင်းကြောင်း ကမ္ပည်းရေးထိုးထားခဲ့တယ်လို့ ဆိုပါတယ်။ မင်းကြီးရဲ့ စိတ်ထဲမှာ အဲဒီဆင်းတုတော်တွေကို ပုဂံနေပြည်တော်မှာ ဂူသွင်းတည်ထားကိုးကွယ်ဖို့ စိတ်ကူးရှိခဲ့ပါတယ်။ ဒါပေမယ့် သိကြားမင်းက ပုဂံမှာဆိုရင် သာသနာငါးထောင်တိုင်အောင် မတည်မြဲနိုင်ဘူး။ ရှင်မတောင်ဒေသမှာ တည်ထားမှ သာသနာငါးထောင်တည်မယ်။ အဲဒီနားရောက်ရင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ညွှန်ပြကြလိမ့်မယ်။ အဲဒီနေရာတွေမှာသာ အရိုအသေပြုပြီး လိုဏ်သွင်းထားရစ်ပါလို့ မှာခဲ့ပါသတဲ့။ ဒါနဲ့ပဲ သရက္ခန်ဆင်းတုတော်တွေဟာ ရှင်မတောင်နဲ့ အနီးတစ်ဝိုက်မှာ အများစုတည်ရှိနေခဲ့တာဖြစ်မယ်လို့ ထင်ပါတယ်။

သိကြားမင်းပြောခဲ့တဲ့အတိုင်းပဲ အလောင်းစည်သူမင်းကြီးဟာ ဆင်းတုတော်တွေကို ဖောင်စကြာပေါ်မှာတင်ပြီး တိုင်းခန်းလှည့်လည်တဲ့အချိန် ရှင်မတောင်ရဲ့ မြောက်ဘက် ဧရာဝတီမြစ်ရဲ့ ကျွန်းပေါ်မှာနားကြတဲ့အခါ ဆင်းတုတော်တွေ၊ ဓာတ်တော်မွေတော်တွေက သရက္ခန်အမွှေးနံ့တွေ လွှတ်ကြပါသတဲ့။ ရှင်မတောင်ရဲ့ အရှေ့ဘက်တစ်ခွင်လုံးမှာလည်း ကျေးငှက်သာရကာများစွာက လူးလာခေါက်ပြန် တွန်ကျူးပျံသန်းကြပါသတဲ့။ အဲဒီ ထူးခြားချက်တွေကို မင်းကြီးမြင်တော့ ပညာရှိတွေနဲ့တိုင်ပင်ပြီး ယခုပခန်းကြီးမြို့ဟောင်းတည်ရှိရာအရပ်မှာ တဲနန်းဆောက်လုပ်ပါသတဲ့။ ပြီးတော့ သရက္ခန်ဆင်းတုတော်ငါးဆူနဲ့ မြတ်ပေါင်းမဉ္ဇူတို့ကို ဆင်တစ်စီးစီပေါ်မှာ တင်ပြီး ဆင်တော်ဦးခိုက်ရာအရပ်တွေမှာ လိုဏ်ဂူထပ်တည်ထားမယ်လို့ အဓိဋ္ဌာန်ပြုစေလွှတ်တော်မူပါသတဲ့။

ဆင်တွေရပ်လို့ တည်ထားခဲ့တဲ့ နေရာတွေနဲ့ သရက္ခန်ဆင်းတုတော်တွေရဲ့ ဘွဲ့တော်အမည်တွေကတော့ ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းမှာ စည်သူရှင်ဘုရား၊ ရှင်မတောင် တောင်မကြီးထိပ်မှာ တောင်မကြီးကိုယ်တော်၊ ဆင်ကျိုးရွာမှာ ဆင်ကြို့ရွှေဂူဘုရားနဲ့ ပခုက္ကူမြို့နယ် ရွှေတန့်တစ်ရွာမှာ ရွှေတန့်တစ်ဘုရားတို့ပဲဖြစ်ပါတယ်။ မြတ်ပေါင်းမဉ္ဇူဘုရားကတော့ ရေစကြိုမြို့နယ် ရွှေဥမင်ရွာမှာရပ်ခဲ့လို့ ရွှေဥမင်ကျောင်းတိုက်ဆရာတော်ထံ အပ်နှံခဲ့ပြီး လိုဏ်ဂူသွင်းပူဇော်ထားခဲ့တယ်လို့ ဆိုပါတယ်။ အခုအခါမှာတော့ ပခန်းကြီးမြို့ဟောင်းမှာ စည်သူရှင်ဘုရားနဲ့အတူ ပူဇော်ခံထားရှိပါတယ်။

### အညာသီဟတောဘုရား

ဒီတော့ ပခုက္ကူနဲ့ ရေစကြိုအကြားမှာပဲ သရက္ခန်ဆင်းတုတော် လေးဆူနဲ့ မြတ်ပေါင်းမဉ္ဇူတစ်ဆူကို ဖူးမြော်နိုင်ပါတယ်။ ဖော်ပြခဲ့တဲ့အထဲမှာ သရက္ခန်တစ်ဆူ ကျန်နေပါသေးတယ်။ အဲဒီတစ်ဆူကိုတင်တဲ့ ဆင်တော်ဟာ အခြားဆင်တွေလို မသွားဘဲနေရာမှာပဲ အော်မြည်နေခဲ့တယ်လို့ ဆိုပါတယ်။ မင်းကြီးက ပညာရှိတွေကို အဲဒီအကြောင်းမေးတော့"အညာဒေသ အလယ်ကျွန်းအရပ်သို့ ရောက်စဉ်က တောကြက်မသည် ဖောင်တော်ပေါ်ပျံကျ၍ နိမိတ်ပြပါသည်။ အရှင်မင်းကြီး၏ ဆန္ဒတော်ကိုမသိရ၍ မလျှောက်တင်ခဲ့ရပါ။ ထိုအရပ်၌ တည်ထားရန်အကြောင်းကို အမတ်တို့လျှောက်တင်ကြလို့ ဖောင်စကြာနဲ့ပင့်ဆောင်ပြီး လိုဏ်ဂူသွင်းတော်မူတယ်"လို့ ဆိုပါတယ်။

အဲဒီရေလယ်ကျွန်းနေရာဟာ ဂေါတမဘုရားရှင် နုစဉ်ခြင်္သေ့မင်းဘဝက ဧရာဝတီမြစ်ကို အရှေ့အနောက်ခုန်ကူးရာမှာ တစ်ထောက်နားတဲ့အရပ်လို့ ဆိုပါတယ်။ သပိတ်ကျင်းမြို့ကနေ စက်လှေနဲ့ နာရီဝက်လောက်စုန်ဆင်းရင် ရောက်ပါတယ်။ အညာအရပ်မှာရှိပြီး သီဟရာဇာကျင်လည်ခဲ့တဲ့ တောကိုပေါင်းစပ်ကာ"အညာသီဟတောဘုရား"လို့ဘွဲ့တော်ရခဲ့ပါတယ်။ အဲဒီ သရက္ခန်ဆင်းတုတော်ကိုတော့ ပွဲတော်ချိန်မှအပ ကျန်အချိန်တွေမှာ မန္တလေးမြို့ ရွှေကျီးမြင်ဘုရားမှာ ပူဇော်ထားရှိပါတယ်။ ဒီလောက်ဆိုရင် အလောင်းစည်သူမင်းကို သိကြားမင်းဆက်သခဲ့တဲ့ သရက္ခန်ဆင်းတုတော်တွေရဲ့ သမိုင်းအကျဉ်းနဲ့ တည်နေရာတွေကို သိလောက်ပြီလို့ထင်ပါတယ်။

### ဘယ်လိုသွားရောက်ဖူးမြော်ရပဲ့

ဒီလိုဆိုရင် ရှင်မတောင်တစ်ဝိုက်မှာရှိတဲ့ သရက္ခန်ဘုရားတွေကို ဘယ်လိုသွားရောက် ဖူးမြော်ရပဲ့မလဲ။ ပခုက္ကူမြို့ကိုပဲ မူတည်ပြီးပြောကြပါစို့။ ပခုက္ကူကနေ ရေစကြိုမြို့ဘက်ကိုသွားရင် ပခုက္ကူစက်မှုဇုန်ကျော်တာနဲ့ လမ်းညာဘက်(ပခုက္ကူ-ရေစကြိုကားလမ်း၏ အရှေ့ဘက်)ကပ်လျက်မှာ"ရွှေတန့်တစ်ဘုရား"မုခ်ဦးကြီးကို တွေ့ရပါမယ်။ အဲဒီကတ္တရာလမ်းအတိုင်း မိနစ် ၂၀ လောက်မောင်းသွားရင်ဘုရားကို ဦးတိုက်ရောက်တာပါပဲ။ ရွှေတန့်တစ်သရက္ခန်ဘုရားကို သိကြားမင်းဆက်သခဲ့တဲ့အတိုင်း ဖူးမြင်ရမှာပါ။ အခုခေတ်အလှူရှင်တွေလှူထားတဲ့ ရတနာကျောက်စီ ရွှေမကိုဋ်၊ ရွှေစလွယ်၊ ရွှေထီးတွေ ဆောင်းလျက်ပေါ့။ သိကြားမင်းဆက်သခဲ့တဲ့အတိုင်း ဖူးမြော်ရမယ့် လက်လေးသစ်အရွယ် သရက္ခန်ဆင်းတုတော်က နှစ်ဆူ ရှိပါတယ်။ အခုပြောနေတဲ့ ရွှေတန့်တစ်နဲ့ ပခန်းကြီးမြို့ဟောင်းက စည်သူရှင်တို့ပဲဖြစ်ပါတယ်။

အဲဒီကနေ ပြန်ထွက်ပြီး ရေစကြိုဘက်ကိုသွားရင် လမ်းရဲ့ညာဘက်မှာပဲ "ဆင်ကြို့ရွှေကူဘုရား" မုခ်ဦးကြီးကို တွေ့ရပါမယ်။ မိနစ် ၂၀ လောက်မောင်းရင် ဆင်ကြို့ရွှေကူဘုရားကို ရောက်ပါပြီ။ အဲဒီဘုရားမှာ ဘုရားဖူးရင်း ရှေးဟောင်းမြန်မာမှု အနုလက်ရာတွေကို လေ့လာနိုင်ပါသေးတယ်။ ပခုက္ကူရွှေကူကြီးဘုရားက ကမ္ဘာကျော်တံခါးလို အနုလက်ရာတွေရှိနေပါတယ်။

အဲဒီကနေပြန်ထွက်လာပြီး ရေစကြိုဘက်ဆက်သွားရင် ပခန်းကြီးမြို့ဟောင်းကိုရောက်ပါတယ်။ ပြောခဲ့တဲ့အတိုင်း ပခန်းကြီးမှာ စည်သူရှင်နဲ့မြတ်ပေါင်းမဉ္ဇူတို့ကို ဖူးတွေ့ကြရမှာပါ။

စာမျက်နှာ ၇ သို့ ■

# သီတင်းကျွတ်ရုံးပိတ်ရက် နောက်ဆုံးနေ့တွင် ပင်းတယရွှေဥမင်လိုဏ်ဂူ၌ ယခင်ရက်များထက် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွား ပိုမိုများပြား

**တောင်ကြီး အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လူသိများထင်ရှားသော အထင်ကရနေရာတစ်ခုဖြစ်သည့် ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား၌ သီတင်းကျွတ်ရုံးပိတ်ရက် နောက်ဆုံးနေ့တွင် ယခင်ရက်များထက် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွား ပိုမိုများပြားစွာ လာရောက်ကြောင်း သိရသည်။



အစ္စရေးနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူ ဇနီးမောင်နှံ Mr.Eli နှင့် Ms.Hava တို့က "မြန်မာနိုင်ငံကို လာလည်ဖူးတဲ့ မိတ်ဆွေတွေက ပြောပါတယ်။ မြန်မာနိုင်ငံက အရမ်းလှတယ်။ မြန်မာလူမျိုးတွေက ခင်မင်ကြင်နာတတ်တယ်။ အစားအသောက်တွေကလည်း အလွန်ကောင်းတယ်။ စိတ်ဝင်စားစရာတွေ မြန်မာနိုင်ငံမှာ အများကြီးရှိတယ်ဆိုလို့ ဆုံးဖြတ်ပြီးတော့ ဒီကိုလာလည်တာပါ။ မြန်မာနိုင်ငံ ၂၄ ရက်ခရီးစဉ်မှာ ၁၂ ရက် လည်ပြီးပါပြီ။ ရန်ကုန်၊ ပုဂံ၊ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်ဘက်တွေကို လည်ပြီးသွားပြီ။ ဒီနေ့မှာ ရှမ်းပြည်ဘက်ကို စရောက်တာပါ။ ရှမ်းပြည်ကို ရောက်ရောက်ချင်းမှာ ရာသီဥတုပြောင်းလဲမှုကို စတင်ခံစားရပါတယ်။ ဒီကိုရောက်တော့ မျှော်လင့်ထားတာထက် ပိုကောင်းတာတွေ၊ စိတ်ဝင်စားစရာတွေကို တွေ့ရပါတယ်။ အဲဒီအတွက် မြန်မာနိုင်ငံက လာလည်သင့်တဲ့ နိုင်ငံတစ်ခုဖြစ်တယ်ဆိုတာကို အစ္စရေးနိုင်ငံက လူတွေကိုလည်း ပြန်လည်မျှဝေသွားမှာပါ" ဟု ပြောကြားသည်။

ရွှေဥမင်လိုဏ်ဂူတော်သည် သဘာဝလိုဏ်ဂူတော်တစ်ခုဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်မြတ် အများအပြား တည်ရှိခြင်းနှင့် သဘာဝကျောက်ခက်ပန်းဆွဲများ ပြည့်နှက်နေခြင်းတို့ကြောင့် ပြည်တွင်းခရီးသွား ဘုရားဖူးများအပြင် ပြည်ပခရီးသွားများပါ လာရောက်လည်ပတ်လေ့ရှိသည့် နေရာတစ်ခုဖြစ်သည်။

"ဒီလိုဏ်ဂူတော်က ရှေးဟောင်းရုပ်ပွားတော်မြတ်တွေ အများအပြားတည်ရှိတာကြောင့် ဘုရားဖူးတွေက ဒီကိုမရောက်ရောက်အောင် လာဖူးကြတယ်။ ဘုရားဖူးကားတွေနဲ့ လာရင်တော့ ခရီးစဉ်တွေထဲမှာ တစ်ခုအပါအဝင်ပေ့ါ။ ကိုယ့်အစီအစဉ်နဲ့ကိုယ်လာတဲ့သူတွေအနေနဲ့တော့ မဖြစ်မနေ လာရောက်ဖူးမြော်သင့်တဲ့ အထင်ကရနေရာတစ်ခု ဖြစ်ပါတယ်" ဟု ကိုယ်ပိုင်အစီအစဉ်ဖြင့် ပြည်မြို့မှ လာရောက်သူ ကိုတင်ထွန်းက ပြောဆိုသည်။

ရွှေဥမင် လိုဏ်ဂူတော်အတွင်း၌ ရှေးဟောင်းဘုရားရုပ်ပွားတော်မြတ် ၈၀၉၄ ဆူ တည်ထားကိုးကွယ်ပြီး လိုဏ်ဂူ၏အရှည်မှာ ပေ ၄၉၀၊ အမြင့် ပေ ၉၀ နှင့် အနံအကျယ်ဆုံးပေမှာ ၁၅၁ ပေရှိကြောင်း၊ နှစ်စဉ်ဘုရားပွဲကို တပေါင်းလဆန်း ၁၁ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ ခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဘုရားပွဲတော်အတွင်း၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆွမ်းချက်လောင်းလှူပွဲနှင့် ပအိုဝ်းတိုင်းရင်းသားများ စုပေါင်းဆုံစည်းပွဲများပါဝင်ကြောင်း လိုဏ်ဂူတော်၏ ဆောက်လုပ်ပြုပြင်မှုအဖွဲ့ခေါင်းဆောင် ဦးလှအောင်က ပြောကြားသည်။



ရွှေဥမင်လိုဏ်ဂူတော်သို့ လာရောက်ပါက လမ်းနှစ်လမ်းဖြင့် လာရောက်နိုင်ပြီး ကလော-အောင်ပန်း-ပင်းတယလမ်းမှလည်း လာရောက်နိုင်သလို တောင်ကြီး-ဟဲဟိုး-ပင်းတယလမ်းမှလည်း လာရောက်နိုင်ကြောင်း၊ ယခင်က ခရီးသွားများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲအချို့ကြောင့် ကလော-အောင်ပန်း-ပင်းတယလမ်းမှသာ လာရောက်မှုများပြားပြီး ယခုအခါတွင် တောင်ကြီး-ဟဲဟိုး-ပင်းတယလမ်းမှလည်း လာရောက်သူ များပြားကြောင်း ဒေသခံတစ်ဦး ၏ ပြောဆိုချက်အရ သိရသည်။

ရန်ကုန်မြို့မှ ကိုယ်ပိုင်အစီအစဉ်ဖြင့် လာရောက်သူ ကိုသန့်စင်က "မိသားစုနဲ့ ရုံးပိတ်ရက် ခရီးထွက်လာတာပါ။ ရှမ်းပြည်နယ်တောင်ပိုင်း နေရာအတော်များများကို လည်ပြီးပါပြီ။ ဒီနေ့ ရန်ကုန်ပြန်ဆင်းမှာပါ။ ပင်းတယကို နောက်ဆုံးမှ ဝင်ဖြစ်တာ၊ ဟဲဟိုးဘက်လမ်းက မောင်းလာတာပါ။ လမ်းကျဉ်းပေမယ့် သွားရတာ အဆင်ပြေပါတယ်။ ခရီးမိုင်လည်း ကလောဘက်လမ်းထက် ပိုတိုတယ်။ အခုနောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာတော့ အခက်အခဲမရှိပါဘူး" ဟု ခရီးသွားအတွေ့အကြုံအား ပြောပြသည်။

ရွှေဥမင်လိုဏ်ဂူတော်၏ ထူးခြားမှုတစ်ခုအနေဖြင့် လိုဏ်ဂူတော်ဧရိယာအတွင်း ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ထားကာ သောက်သုံးပါက ဒဏ်ငွေ ကျပ် ၅၀၀၀ နှင့် ရောင်းချပါက ဒဏ်ငွေ ကျပ်နှစ်သိန်းအထိ ဒဏ်ကြေးငွေပေးဆောင်ရမည်ဖြစ်ရာ ခရီးသွားများနှင့် ဒေသခံပြည်သူများပါ အဆိုပါ သတ်မှတ်ချက်စည်းကမ်းအား အများအပြား လိုက်နာဆောင်ရွက်ကြကြောင်း ဦးလှအောင်က ရှင်းပြသည်။

"ဒီမှာက ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ သတ်မှတ်ထားတော့ ဘုရားဖူးတွေအတွက် အဆင်ပြေတာပေ့ါ။ သောက်တဲ့သူတွေလည်း ဆင်ခြင်သွားနိုင်မယ်။ မသောက်တဲ့သူတွေအနေနဲ့လည်း စိတ်အနှောင့်အယှက် မဖြစ်တော့ဘူးပေ့ါ။ လေကောင်းလေသန့်တွေလည်း ပိုမိုရရှိလာမယ်။ ဒီလိုမျိုးနေရာတိုင်းမှာ ဆောင်ရွက်နိုင်ရင် အကောင်းဆုံးပေ့ါ။ အခုဘုရားဖူးလာတာ ကလေးတွေလည်းပါတော့ သူတို့လေးတွေအတွက် အတွေ့အကြုံကောင်း၊ ဗဟုသုတကောင်းလေးတွေ ရရှိသွားမှာပါ"ဟု ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလမြို့နယ်မှ ဘုရားဖူးလာသူ မတင်တင်ဝင်းက သုံးသပ်ပြောဆိုသည်။

ရွှေဥမင်သဘာဝလိုဏ်ဂူတော်သို့ ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ဘုရားဖူးခရီးသွား လာရောက်မှုနည်းပါးပြီး ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် လာရောက်မှုများပြားလျက်ရှိရာ ယခုလို သီတင်းကျွတ်ရုံးပိတ်ရက် ခရီးသွားကာလများတွင် တစ်နေ့လျှင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွား တစ်သောင်းကျော် လာရောက်ဖူးမြော်ကြကြောင်း ဘုရားဂေါပကအဖွဲ့ မှတ်တမ်းများအရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

---

■ စာမျက်နှာ ၆ မှ

ဒါ့အပြင် ဒက္ခိဏသာခါဘုရားလည်း တစ်ပါတည်းဖူးရမှာပါ။ ပခန်းကြီးမြို့ဟောင်းမှာ ဘုရားဖူးရတဲ့အပြင် "ပုဂံမှာ ဘုရား၊ စလေမှာ မံ၊ ပခန်းမှာ ကျောင်း"ဆိုသလို ပခန်းမှာ ထင်ရှားတဲ့ ရှေးဟောင်းကျောင်းတော်ကြီးကိုလည်း လေ့လာနိုင်ပါတယ်။ မြို့ဟောင်းရဲ့ယဉ်ကျေးမှုအမွေဖြစ်တဲ့ မြို့ရိုးကြီးတွေရောပေ့ါ။

အဲဒီကနေ ရှင်မတောင် တောင်ပေါ်တက်မယ်ဆိုရင်တော့ ပခန်းကြီးကျောင်းတော်ကြီးရှေ့မှာရှိတဲ့ လမ်းအတိုင်း မြေခဲတောင်ရွာ၊ ကျောက်တံခါးရွာ၊ ချင်ယားကုန်းရွာ၊ ယာကြီးကုန်းရွာတွေကို ဖြတ်သွားရတဲ့ ကျေးရွာချင်းဆက်လမ်းနဲ့ ပခန်းကြီးကနေ ရေစကြိုဘက်ကို ဆက်သွားပြီး တောင်အိုရွာလမ်းခွဲကနေ ရှင်မတောင်ကိုသွားတဲ့ လမ်းဆိုပြီး နှစ်လမ်းရှိပါတယ်။ ဘယ်လမ်းသွားသွား ချင်ယားကုန်းရွာမှာ ပြန်ဆုံတာပါပဲ။ မြေပြန့်လမ်း ၄၅ မိနစ်လောက်မောင်းရင် တောင်ခြေမှာရှိတဲ့ ယာကြီးကုန်းရွာကို ရောက်ပါတယ်။

### ကျောက်ရေကန်ကြီးတွေ

တောင်စတက်ပြီဆိုတာနဲ့ လမ်းရဲ့ညာဘက် ကျောက်တောင်နံရံတွေမှာ ထွင်းထုတူးဖော်ထားကြတဲ့ ကျောက်ရေကန်ကြီးတွေကိုတွေ့ရပါမယ်။ တောင်တက်လမ်းမှာ ကွေ့ကောက်ပြီး မတ်စောက်တဲ့နေရာတွေရှိတာမို့ ကားကောင်းဖို့ အလေးချိန်မများဖို့တော့ လိုပါလိမ့်မယ်။ အိမ်စီးကားတွေကတော့ ဂီယာကြီးနဲ့တက်သွားရင် အေးအေးဆေးဆေးပါပဲ။

တောင်ပေါ်ရောက်သွားပြီဆိုရင်တော့ သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့တဲ့ စေတီတော်ကြီးနဲ့ ရှင်မတောင်သရက္ခန်ဆင်းတုတော်တို့ကို ဖူးတွေ့ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် တောင်မကြီးကို ဝန်းရံထားကြတဲ့ တောင်စဉ်တောင်တန်းတွေ၊ တောင်အောက်မှာရှိနေတဲ့ အညာရွာစုစုလေးတွေ၊ ယာတောကွင်းပြင်နဲ့ မှိုင်းညို့ညို့ ထန်းတောတွေကို လှမ်းမြင်ရတာကလည်း အရသာတစ်မျိုးပါပဲ။ ထူးခြားတာကတော့ အညာမြေမှာ ထိတွေ့ခံစားရခဲ့လှတဲ့ တောင်ပေါ်လေနုအေးရဲ့ ချွေးသိပ်အသုံးတော်ခံမှုပါပဲ။

လာမယ့် ခရီးသွားရာသီမှာ ကိုယ်ကိုယ်တိုင် ဘယ်အရပ်၊ ဘယ်ခရီးကို သွားရမလဲ စဉ်းစားရင်းနဲ့ ကိုယ်သွားရောက်ခဲ့ဖူးတဲ့ နေရာတွေအကြောင်း စဉ်းစားနေမိပါတယ်။ အဲဒီအထဲကမှ သရက္ခန်ဘုရားတွေကို တစ်ရက်တည်းနဲ့ တစုတဝေးဖူးမြော်နိုင်ကြဖို့ မျှဝေပေးလိုတဲ့ ကုသိုလ်အတွေး ပေါ်ပေါက်လာပါတယ်။ အဲဒီကုသိုလ်အတွေးကို အကြောင်းပြုပြီး ခုနစ်ရက်သားသမီးတွေလည်း ကုသိုလ်အကျိုးတရားတွေ တိုးပွားနိုင်ကြပါစေလို့.....။

# စိတ်သစ်လူသစ် ခွန်အားသစ်များဖြင့် လုပ်ငန်းခွင်တာဝန်များ ပြန်လည်ထမ်းဆောင်ကြတော့မည်

မင်းထက်အောင် (မန်းကိုယ်ပွား)
အောင်ဖြိုးကျော်

ယခုနှစ် သီတင်းကျွတ်ရုံးပိတ်ရက်အား နိုင်ငံတော်မှ အများပြည်သူရုံးပိတ်ရက်အဖြစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ သတ်မှတ်ပေးခဲ့ရာ အဆိုပါ ရုံးပိတ်ရက်ရှည်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဘုရားဖူးအပန်းဖြေအနားယူရန် ရည်ရွယ်ချက်မျိုးစုံဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူ ခရီးသွားများ၏ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်ရန် အပြန်ခရီးတွင် ၎င်းတို့ တွေ့ကြုံခံစားခဲ့ရသည့် ရင်တွင်းစကားများအား ယခုလို မျှဝေပြောကြားခဲ့သည်။


ဒေါ်စုစုဟန်


မထွဋ်မြတ်ဝေလွင်


ကိုကျော်ဝင်းထွန်း


ဒေါ်အိအိမွန်


ဒေါ်အိရွှေဝါ


မနှင်းဝသန်

**ဒေါ်စုစုဟန်(လက်ထောက်မန်နေဂျာ၊ မြန်မာ့စာတိုက်လုပ်ငန်း – ရုံးချုပ်၊ နေပြည်တော်)**

သီတင်းကျွတ်ပိတ်ရက်မှာ မိဘတွေရှိတဲ့ မန္တလေးကိုပြန်လာပြီး ဒီနေ့ လုပ်ငန်းခွင်ပြန်ဝင်ဖို့ နေပြည်တော်ကို ပြန်မှာပါ။ ကားလက်မှတ်က အသွားအပြန် ကြိုတင်ပြီး ဝယ်ထားတဲ့အတွက် အဆင်ပြေပါတယ်။ မန္တလေးကိုရောက်တုန်းမှာ ဘုရားကြီးကိုဖူးမြော်ပြီး မိဘတွေကို ကန်တော့ခဲ့ပါတယ်။ အိမ်ပြန်ရောက်တုန်းကာလမှာ မိဘတွေရဲ့ အိမ်အလုပ်ကို ဝိုင်းကူပြီး တူ၊ တူမတွေနဲ့ သိုက်သိုက်ဝန်းဝန်းနေခဲ့ရတဲ့အတွက် လွတ်လပ်ပေါ့ပါးပြီး ပျော်ရွှင်လန်းဆန်းနေပါတယ်။ ဒါကြောင့် သီတင်းကျွတ်ကာလမှာ မိဘတွေနဲ့တွေ့ဆုံပြီး အနားယူဖို့ ရုံးပိတ်ရက်ကို ရက်ရှည်ခွင့်ပြုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခု အပြန်ခရီးမှာလည်း စိတ်ကျေနပ်ပျော်ရွှင်မှုက ရရှိလာတဲ့ အင်အားအသစ်တွေနဲ့ လုပ်ငန်းတာဝန်တွေကို ကြိုးစားပြီး ထမ်းဆောင်သွားမှာပါ။

**မထွဋ်မြတ်ဝေလွင်**
**(ဆေးကုမ္ပဏီ၊ ရန်ကုန်မြို့)**

ကုမ္ပဏီပိတ်ရက်မှာ တစ်ခါမှမရောက်ဖူးတဲ့ မန္တလေးကို သူငယ်ချင်းတွေနဲ့ လာလည်တာဖြစ်တဲ့အတွက် ပထမဆုံးအတွေ့အကြုံသစ်တွေနဲ့ ပျော်ရွှင်ခဲ့ရပါတယ်။ ပြင်ဦးလွင်ကိုသွားတဲ့ ခရီးမှာလည်း ကားနဲ့မဟုတ်ဘဲ သူငယ်ချင်းတွေနဲ့ ဆိုင်ကယ်စီးပြီး တောင်ပတ်လမ်းတွေကို သွားခဲ့ရတဲ့အပြင် ဘုရားတွေ ဖူးမြော်ခဲ့ရတဲ့အတွက်လည်း အေးချမ်းကြည်နူးမှုတွေကို ခံစားခဲ့ရတယ်။ အခုလို ရုံးပိတ်ရက်ရတဲ့ ကိုယ်ပိုင်အချိန်လေးမှာ လွတ်လွတ်လပ်လပ်နဲ့ ခရီးထွက်ပြီး အနားယူခွင့်ရတဲ့အတွက် ခွန်အားသစ်တွေ တိုးပွားလာသလို ခံစားရပါတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ်ရဲ့ သီတင်းကျွတ်ကာလက ပျော်စရာကောင်းခဲ့တယ်လို့ ပြောချင်ပါတယ်။ ကျွန်မတို့လိုပဲ ဒီပိတ်ရက်မှာ ခရီးသွားကြတဲ့ ပြည်သူအားလုံးလည်း ပျော်ရွှင်ခဲ့ကြမယ်လို့ ထင်ပါတယ်။ အခု ရုံးပြန်တက်ရတော့မယ့်အချိန်မှာလည်း ဝန်ထမ်းတွေအားလုံး စိတ်သစ်လူသစ် ခွန်အားသစ်တွေနဲ့ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ကိုကျော်ဝင်းထွန်း**
**(မန္တလာမင်းကားဂိတ် တာဝန်ခံ၊ မန္တလေးမြို့)**

ကျွန်တော်တို့ကားအသင်းအနေနဲ့ သီတင်းကျွတ်ပိတ်ရက်ကာလရဲ့ အဓိက ရန်ကုန်–မန္တလေး ခရီးစဉ်မှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးနေတဲ့ အစီးရေထက် ပိုပြီး ပြေးဆွဲပေးနေပါတယ်။ ပုံမှန်အားဖြင့် နေ့စဉ် ၂၅ စီးလောက်ပဲ ပြေးဆွဲပေးနေပေမယ့် အခုလို သီတင်းကျွတ်ပိတ်ရက်မှာ ခရီးသွားပြည်သူတွေရဲ့ လိုအပ်ချက်အရ နေ့စဉ် အစီး ၄၀ ကျော်အထိ ပြေးဆွဲပေးနေပါတယ်။ ဒါ့အပြင် ရန်ကုန်–မန္တလေး ခရီးစဉ်တွေကို ပုံမှန်အားဖြင့် မနက်ပိုင်းမှာ နေ့စဉ် သုံးစီးပဲပြေးဆွဲပေးနေပေမယ့် အခုသီတင်းကျွတ်ကာလပြီးလို့ ရုံးပြန်တက်ဖို့ ပြန်ကြမယ့် ခရီးသွားတွေအတွက် ရုံးဖွင့်အမီ ပြန်ရောက်နိုင်အောင် ဒီနေ့ မနက်ပိုင်းမှာ ကားခြောက်စီးတိုးပြီး စုစုပေါင်း ကိုးစီးနဲ့ ပြေးဆွဲပေးနေပါတယ်။ ညနေပိုင်းထွက်တဲ့ကားတွေကိုလည်း ခရီးသွားအနည်းအများပေါ်မူတည်ပြီး အစီးရေတွေ ထပ်တိုးပြေးဆွဲပေးဖို့ စီစဉ်ထားပါတယ်။ ဒီသီတင်းကျွတ်မှာ ရုံးပိတ်ရက်ကများတဲ့အတွက် ခရီးသွားတွေ များပြားသလို ကျွန်တော်တို့ကားအသင်းတွေကလည်း အတတ်နိုင်ဆုံး ခရီးသွားတွေအတွက် အဆင်ပြေအောင် စီစဉ်ပေးခဲ့ပေမယ့် အချို့လက်မှတ်မရလို့ တောင်းပန်ရတာတွေလည်း ရှိပါတယ်။ ခရီးသွားများပေမယ့် လက်မှတ်ခကိုတော့ ပုံမှန်အတိုင်းပဲ ရောင်းချပေးနေပါတယ်။

**ဒေါ်အိအိမွန်(အငယ်တန်းစာရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်)**

အခုလို ရုံးပိတ်ရက်ရှည်ရတဲ့ သီတင်းကျွတ်ကာလလေးမှာ မိဘတွေနဲ့ အဘိုးအဘွားတွေ ကန်တော့ဖို့ မန္တလေးကိုပြန်လာခဲ့တာပါ။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် နှစ်ရက်တည်းနဲ့ ပြန်လာဖို့ အဆင်မပြေဘူးလေ။ ကားလက်မှတ်ကိုတော့ ပိတ်ရက်မတိုင်ခင် ၁၀ ရက်လောက်အလိုကတည်းက အသွားအပြန် ကြိုတင်ဝယ်ထားတဲ့အတွက် အဆင်ပြေပါတယ်။ မန္တလေးကို ရောက်တုန်း သီတင်းကျွတ်ကာလမှာ မိဘတွေကို ကန်တော့ခွင့်ရပြီး အတူတူနေခွင့်ရတဲ့အတွက် စိတ်ထဲမှာ ကျေနပ်ပျော်ရွှင်မိပါတယ်။ ပိတ်ရက်တွေအတွင်းမှာ ကိုယ့်အိမ်မှာ လွတ်လွတ်လပ်လပ်နဲ့ အနားယူပြီးပြီဆိုတော့ အခု ရုံးလုပ်ငန်းတာဝန်တွေ ပြန်လည်ထမ်းဆောင်ဖို့အတွက်လည်း အကောင်းဆုံးလုပ်နိုင်ဖို့ အားသစ်အင်သစ်တွေနဲ့ အဆင်သင့်ဖြစ်နေပါပြီ။

**ဒေါ်အိရွှေဝါ(အစိုးရစက်မှုလက်မှုသိပ္ပံ၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်)**

သီတင်းကျွတ်ရုံးပိတ်ရက်မှာ သူငယ်ချင်းတွေနဲ့ စုပေါင်းပြီး တောင်ကြီး၊ အင်းလေး၊ ပင်းတယဒေသတွေကို လျှောက်လည်ဖို့ ခရီးထွက်ခဲ့ပြီး ဒီနေ့ မန္တလေးကနေ အလုပ်ပြန်ဝင်ဖို့ ချောက်မြို့ကို ပြန်မှာပါ။ ဒီနှစ် သီတင်းကျွတ်ရုံးပိတ်ရက်ကလည်း ရက်ရှည်ရတဲ့အတွက် ခရီးထွက်လည်ပတ်ခွင့်ရခဲ့တာပါ။ သူငယ်ချင်းတွေနဲ့ ခရီးသွားရတာ ပျော်ရွှင်စရာကောင်းသလို ခရီးစဉ်တစ်လျှောက်မှာလည်း မတူညီနဲ့ သဘာဝရာသီဥတုတွေခံစားရင်း အပန်းဖြေအနားယူခွင့်ရတဲ့အတွက် စိတ်ထဲမှာ ကြည်နူးပြီး လွတ်လပ်ပေါ့ပါးနေပါတယ်။ ကျွန်မတို့လို ဝန်ထမ်းတွေက ရုံးပိတ်ရက်ကိုပဲ မျှော်လင့်ပြီး အနားယူရတာဆိုတော့ သီတင်းကျွတ်ရုံးပိတ်ရက်ကို သုံးရက်ကနေ ငါးရက်အထိ ရက်တိုးပြီး ပိတ်ပေးတဲ့အတွက် ကျေနပ်မိပါတယ်။ အခုလို ဝန်ထမ်းတွေကို ရုံးပိတ်ရက်ရှည် ပေးပြီး အနားယူခွင့်ပြုတဲ့အတွက်လည်း လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်တဲ့ အခါမှာ အင်အားသစ်တွေနဲ့ ရုံးလုပ်ငန်းတွေကို ပြန်လည်ထမ်းဆောင်နိုင်ကြမှာပါ။

**မနှင်းဝသန်**
**(ရောဝတီဘဏ်၊ ရန်ကုန်မြို့)**

အခုလို သီတင်းကျွတ်ကာလမှာ ကျွန်မတို့ဘဏ်ကလည်း ပိတ်ရက်ငါးရက်ပေးတဲ့အတွက် မန္တလေးကို သူငယ်ချင်းတွေနဲ့လာပြီး လည်ပတ်တာပါ။ ဒီမှာရှိတဲ့ ဘုရားတွေ၊ ရှေးဟောင်းအမွေအနှစ်တွေကို ပထမဆုံး ဖူးမြော်လေ့လာခွင့်ရတဲ့အတွက် စိတ်ကြည်နူးမှုတွေ ခံစားရပါတယ်။ ဒါ့အပြင် စစ်ကိုင်းဘုရားတွေကိုလည်း သွားပြီးဖူးမြော်ခဲ့သလို ပြင်ဦးလွင်မှာလည်း မတူညီတဲ့ သဘာဝအလှရှုခင်းတွေကြားမှာ အပန်းဖြေခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ဒီခရီးစဉ်မှာ မင်းကွန်းဒေသကို ပိုပြီးသဘောကျမိပါတယ်။ မင်းကွန်းဆရာတော်ကြီး သီတင်းသုံးခဲ့တဲ့ ကျောင်းတော်ကိုလည်း တွေ့ရတဲ့အတွက် ဆရာတော်ကြီးရဲ့သမိုင်းကျောင်းကို ပိုပြီးသိရှိခွင့်ရခဲ့တယ်။ ပြောရမယ်ဆိုရင် ဒီသီတင်းကျွတ်ပိတ်ရက်က လုပ်ငန်းတာဝန်တွေနဲ့ ငြီးငွေ့နေတဲ့ ဝန်ထမ်းတွေကို စိတ်အပြောင်းအလဲဖြစ်စေပြီး အင်အားသစ်တွေနဲ့ လုပ်ငန်းတာဝန်တွေ ပြန်လည်ထမ်းဆောင်နိုင်အောင် အပန်းဖြေအနားယူခွင့်ပေးတဲ့ ပိတ်ရက်ရှည်ဖြစ်တယ်လို့ ပြောချင်ပါတယ်။

❑❑

# ပြည်တွင်းရွှေဈေး ကျပ် ၁၂ သိန်းဝန်းကျင်အထိ ဆက်လက်ကျဆင်းနိုင်

**ရန်ကုန် အောက်တိုဘာ ၁၅**

ပြည်တွင်းရွှေဈေး ကျပ် ၁၂ သိန်း ဝန်းကျင်အထိ ဆက်လက်ကျဆင်းနိုင်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေ အတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာလဆန်းပိုင်းက ကျပ် ၁၃ သိန်းကျော်အထိ ဖြစ်ပေါ်ခဲ့သော ပြည်တွင်းရွှေဈေးမှာ အောက်တိုဘာ ၁၅ ရက်တွင် ကျပ် ၁၂ သိန်း နှစ်သောင်းငါးထောင်အထိ ကျဆင်းလာခဲ့ကာ ဆက်လက်၍လည်း ကျဆင်းနိုင်ကြောင်း ၎င်းကပြောသည်။

"ပြည်တွင်းရွှေဈေးကျဖို့အနေအထားက တော့ရှိတယ်၊ လက်ရှိအတိုင်းကတော့ ဖြည်းဖြည်းချင်း ကျပ် ၁၂ သိန်းလောက်ထိ ဆက်ကျမယ်လို့ ထင်တယ်"ဟု ဦးအုန်းမြိုင်က ပြောသည်။

ထို့ပြင် ပြည်တွင်းရွှေဈေး အတက်အကျသည် ကမ္ဘာ့ရွှေဈေးပေါ်တွင် မူတည်နေပြီး လက်ရှိ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၉၃ ဒေါ်လာရှိကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

လက်ရှိ ပြည်တွင်းရွှေဈေးသည် အကျဘက်တွင် ရှိနေသည့်အပြင် ပွင့်လင်းရာသီ ရောက်ရှိလာသောကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၇ ရက်မှစ၍ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂ သိန်းကျော်အထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင် တစ်ကျပ်သားလျှင် ကျပ် ၁၃ သိန်း ကျော်ဖြင့် စံချိန်သစ်ဈေးသို့ ရောက်ရှိလာခဲ့ကာ သမိုင်းတစ်လျှောက် အမြင့်ဆုံးနှုန်းထားဖြစ်ခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ဆိုသည်။

၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်သစ်များ ထပ်ကာထပ်ကာ ချိုးလာခဲ့ရာ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အတွင်း ကျပ် ၁၀ သိန်း ကျော်၊ ဇွန် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အတွင်း ကျပ် ၁၁ သိန်း ကျော်၊ ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ကျပ် ၁၂ သိန်းကျော်အထိ စံချိန်သစ်များ ဖြစ်ပေါ်ခဲ့ပြီး ဆက်လက် မြင့်တက်လာရာ စက်တင်ဘာ ၅ ရက်တွင်မူ ယခင် ချိုးထားသည့် စံချိန်များထက် ကျော်လွန်၍ ကျပ် ၁၃ သိန်းကျော်အထိ ဖြစ်ပေါ်ခဲ့သည်။

ပြီးခဲ့သည့် သုံးလက ရွှေဈေးကို ပြန်ကြည့်ပါက ဇူလိုင်လတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၀၉၉၀၀၀၊ အမြင့်ဆုံးနှုန်း ကျပ် ၁၁၄၉၄၀၀၊ ဩဂုတ်လတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၁၄၂၀၀၀၊



အမြင့်ဆုံးနှုန်း ကျပ် ၁၂၆၀၅၀၀ နှင့် စက်တင်ဘာလတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၂၂၃၈၀၀၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၀၇၀၀၀ တို့ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ငြိမ်းငြိမ်း

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ASEAN-Korea Train အစီအစဉ် ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်

**ဆိုးလ် အောက်တိုဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိပြီး မွန်းတည့် ၁၂ နာရီတွင် ဆိုးလ်မြို့ရှိ Hilton Hotel Grand Ballroom ၌ ကျင်းပသော ASEAN-Korea Train အစီအစဉ် ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

**မှတ်တမ်းဗီဒီယိုပြသ**

ဖွင့်ပွဲအခမ်းအနားတွင် ASEAN-Korea Centre မှ Secretary General Mr. Lee Hyuk နှင့် ဖိလစ်ပိုင်နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ Assistant Secretary Mr. Reynaldo Lacao Ching တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ASEAN-Korea Train မှတ်တမ်းဗီဒီယိုပြသသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆိုးလ်မြို့ Yeouido တွင် တည်ရှိသည့် KBS Hall (Korean Broadcasting System) တွင် ပြုလုပ်သော KBS Open Concert နှင့် ASEAN-Korea Train အစီအစဉ်အား ကြိုဆိုသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**




ဖွင့်ပွဲနှင့် ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်ချောချောစိန်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အလုပ်အမှုဆောင် ဒေါက်တာစိုးထွန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သရုပ်ဆောင် မျိုးထွဋ်နိုင် (ခ) ခါရာ၊ ဧရာဝတီတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဝင် ဦးမျိုးသူရကိုကို နှင့် မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဝင် သန့်လွင်ဦး (ခ) စူးရှရှင်းသန့် တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ် ချင်းပြည်နယ်အတွင်းရှိ လမ်း/တံတားနှင့် အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်တို့သည် ယမန်နေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်လမ်းဦးစီးဌာနမှ ဟားခါး-ထန်တလန်လမ်းအပိုင်းအား (၁၂)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း၊ မိုင်တိုင်အမှတ် (၁)မိုင်(၇)ဖာလုံနှင့် (၂)မိုင် (၄)ဖာလုံအကြား (၁၈)ပေအကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်း၊ ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီရေမြောင်းဆောင်ရွက်ခြင်း၊ ထန်တလန်မြို့တွင် ကတ္တရာကွန်ကရစ်(AC) ခင်းပြီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ထန်တလန်-ဆာဆီချောက် လမ်းပိုင်း၊ ထန်တလန်-ဆာဆီချောက် လမ်းမကြီးနှင့် ချိတ်ဆက်မည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသော အရှည် (၁၇)မိုင်ရှိ ဟရိန်ခန်း-သီကီရ်(ခ) လမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဟားခါး-ထန်တလန်-ဆာဆီချောက် လမ်းသည် အရှည် ၆၅ မိုင် (၂)ဖာလုံရှိပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ ကတ္တရာကွန်ကရစ်(AC) (၁)မိုင် (၁)ဖာလုံ၊ ကတ္တရာလမ်း (၂၅)မိုင် (၅)ဖာလုံ၊ ကျောက်လမ်း(၅) မိုင် (၄ ဒသမ ၅) ဖာလုံ၊ အမာခံလမ်း (၂၄)မိုင် (၂)ဖာလုံနှင့် မြေလမ်း (၈)မိုင် (၅ ဒသမ ၅) ဖာလုံ ဆောင်ရွက်ပြီးဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဟားခါးမြို့၌ အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၉)မှ တည်ဆောက်နေသော ဟားခါးကောလိပ် ဘွဲ့နှင်းသဘင်တည်ဆောက်နေမှုနှင့် အဆောက်အဦအထူးအဖွဲ့(၆)မှ တာဝန်ယူတည်ဆောက်နေသော ချင်းပြည်နယ်တရားလွှတ်တော် RC (၃)ထပ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကျေပွန်စွာထမ်းဆောင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဟားခါးမြို့ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၌ ချင်းပြည်နယ်လမ်းဦးစီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်နယ်အတွင်း မိမိတို့တာဝန်ယူဆောင်ရွက်နေသော အဆောက်အဦ၊ လမ်း/တံတားများကို တိုးတက်အောင် ဆောင်ရွက်ရန်၊ အဂတိကင်းရှင်းပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ချင်းပြည်နယ်လမ်းဦးစီးဌာန ဟားခါးခရိုင်နှင့် လမ်းအထူးအဖွဲ့(၁၂)တို့မှ ဆောင်ရွက်နေသော ဟားခါး-ဂန့်ဂေါလမ်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

# အနောက်နိုင်ငံ ခြောက်နိုင်ငံမှ ခရီးသွားများကို မြန်မာပြည်ဝင်ခွင့်ဗီဇာ စတင်ပေးလိုက်မှုအပေါ် ခရီးသွားများ ယခင်ထက် ပိုမိုဝင်ရောက်လာဖွယ်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

အောက်တိုဘာ ၁ ရက်မှစတင်၍ အီတလီ၊ ဂျာမနီ၊ ရုရှား၊ ဩစတြေးလျ၊ ဆွစ်ဇာလန်နှင့် စပိန်နိုင်ငံ စသော နိုင်ငံများမှ ခရီးသွားများကို မြန်မာနိုင်ငံသို့ ဝင်ခွင့်ဆိုက်ရောက်ဗီဇာများ စတင်ပေးလိုက်ပြီဖြစ်ရာ ယခင်ထက် ခရီးသွားဝင်ရောက်မှုပိုမိုလာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**တစ်ခါတည်းဝင်လို့ရ**

"အခုလကနေစပြီး အနောက်နိုင်ငံ ခြောက်ခုကို ပြည်ဝင်ခွင့်ဆိုက်ရောက်ဗီဇာ ဖြေလျှော့ပေးလိုက်ပြီဖြစ်တဲ့အတွက်ကြောင့် ယခင်ထက်ပိုမိုပြီး ဥရောပ ခြောက်နိုင်ငံမှာ ပါဝင်တဲ့ ဧည့်သည်တွေဟာ မြန်မာနိုင်ငံအတွင်းကို ပိုမိုဝင်ရောက်လာလိမ့်မယ်လို့ ကျွန်တော်တို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ မျှော်လင့်ပါတယ်။ အနောက်နိုင်ငံသားတွေ ရန်ကုန်လေဆိပ်ကိုရောက်ပြီဆိုတာနဲ့ ဆိုက်ရောက်ဗီဇာယူပြီး မြန်မာနိုင်ငံထဲ တစ်ခါတည်းဝင်လို့ရအောင် လုပ်ပေးတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ အနောက်နိုင်ငံကြီးများမှ ခရီးသွားဝင်ရောက်မှုသည် အနည်းငယ်သာ လျော့နည်းမှုရှိနေပြီး ဆိုက်ရောက်ဗီဇာကင်းလွတ်ခွင့်ပေးသွားမည့် နိုင်ငံခြောက်ခုသည် ယခင်ထက် ပိုမိုဝင်ရောက်နေကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ယခုနှစ်စပိုင်းမှစတင်၍ လက်ရှိလပိုင်းအထိ ခရီးသွားဝင်ရောက်သူဦးရေ ခြောက်သိန်းကျော် ခုနစ်သိန်းနီးပါးခန့်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနမှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**



# ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းရာမှာ သတိမူရမယ့် နည်းပညာအခြေခံများ

❒ ဘုန်းမြတ်(ဝယ်လင်တန်)

ယနေ့ မျက်မှောက်ကမ္ဘာ့နိုင်ငံတွေဟာ တိုးတက်လာတဲ့ နည်းပညာအသစ်တွေသုံးပြီး ပိုမိုကောင်းမွန်လုံခြုံတဲ့ လူမှုစီးပွားဘဝတွေကို ဖန်တီးတည်ဆောက်ဖို့ ကြိုးပမ်းနေကြရာမှာ လူတို့ဖန်တီးတဲ့ နည်းပညာသစ်တွေဟာလည်း အံ့မခန်းဖွံ့ဖြိုးတိုးတက်နေတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ တိုးတက်တဲ့ နိုင်ငံတွေဟာ ၁၉ ရာစု နှောင်းပိုင်းကစလို့ အီလက်ထရွန်နစ်သုံး သက်သေခံ အချက်အလက်များ Electronic Identification e-IDစနစ် အပါအဝင်အချက်အလက်တွေကို အီလက်ထရွန်နစ်နည်းပညာနဲ့ သိုမှီးသိမ်းဆည်းတဲ့ နည်းလမ်းကို စတင်အသုံးပြုလာခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အီလက်ထရွန်စနစ်နဲ့ သိမ်းဆည်းထားတဲ့ အချက်အလက်တွေကို လိုအပ်သလိုရှည်ညွှန်းကိုးကားတာတွေ၊ ဖြည့်စွက်တာတွေကို အချိန်နဲ့တစ်ပြေးညီဆောင်ရွက်နိုင်ဖို့ ဒစ်ဂျစ်တယ်ကွန်ရက်တွေ တည်ဆောက်လာခဲ့ကြပါတယ်။ သတင်းနည်းပညာတွေကို လူမှုစီးပွားဘဝလုံခြုံဖွံ့ဖြိုးရေးအတွက် ပြောင်းလဲသုံးစွဲလာခဲ့ပြီး ယခုအချိန်မှာ ဉာဏ်ရည်တု (artificial intelligence) နည်းပညာကို တီထွင်ဖန်တီးနိုင်ရုံသာမက တွင်တွင်ကျယ်ကျယ်လည်း အသုံးပြုလာနေတာကို မြင်တွေ့နေရပါတယ်။

### ဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ နှိုင်းယှဉ်ရင် ဆောင်ရွက်ဖွယ်ရာများစွာ ကျန်ရှိနေသေး

လူမှုစီးပွားဘဝလုံခြုံဖွံ့ဖြိုးဖို့ နည်းပညာတွေ အသုံးပြုပြီး တိုးတက်တဲ့လမ်းကြောင်းပေါ်ကို အခြားနိုင်ငံတွေနည်းတူ လျှောက်လှမ်းနိုင်ဖို့ အချက်အလက်တွေကို အီလက်ထရွန်နစ်နည်းပညာနဲ့ မှတ်တမ်းတင်ခြင်း၊ သက်ဆိုင်ရာဌာနတွေအကြား လုံခြုံစွာချိတ်ဆက်အသုံးပြုလို့ရအောင် ဒစ်ဂျစ်တယ်ကွန်ရက်တည်ဆောက်ခြင်း စတဲ့လုပ်ငန်းတွေကို မြန်မာနိုင်ငံမှာစတင်ဆောင်ရွက်နေတာကို တွေ့ရှိလာရပြီဖြစ်သော်လည်း မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်ပြောင်းလဲမှုလုပ်ငန်း (digitalization) ဟာဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ နှိုင်းယှဉ်ရင် ဆောင်ရွက်ဖွယ်ရာများစွာ ကျန်ရှိနေသေးတဲ့ အခြေအနေဖြစ်ပါတယ်။

သို့သော် အဲဒီအခြေအနေတွေကပဲ အားသာချက်တွေ ဖန်တီးပေးနေပြန်ပါတယ်။ မြန်မာနိုင်ငံဟာ နောက်ကျပြီးမှ နည်းပညာကိုအခြေခံတဲ့ လူမှုအဖွဲ့အစည်းအတွင်းကို ဝင်ရောက်ပေမယ့်လည်း နောက်ဆုံးပေါ်နည်းပညာတွေကို လက်တကမ်းသုံးစွဲလို့ရတဲ့အခွင့်အရေးရရှိနေတာ ဖြစ်ပါတယ်။ ထင်သာအောင် ဥပမာပြရရင် ကြိုးဖုန်းကိုအဓိက အားထားအသုံးပြုတဲ့ အခြေအနေတစ်ရပ်ကနေ အချိန်တိုအတွင်းမှာဘဲ 4G/5G နည်းပညာတွေကို ခုန်ပျံကျော်လွှားအသုံးပြုလာနိုင်တဲ့အခြေအနေ (leap frog) ရှိလာတာကို ဆိုလိုတာ ဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်စနစ်ကို စောပြီးကူးပြောင်းခဲ့တဲ့ နိုင်ငံတွေဆိုရင် ကြိုးဖုန်းစနစ်ကနေ 2G၊ 3G၊ 4G မှ 5G စနစ်တွေကို တစ်ဆင့်ချင်း ပြောင်းလဲခဲ့ရတာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရတဲ့နေရာမှာ စနစ်တစ်ခုကနေတစ်ခုကို တစ်ဆင့်ချင်းသာ တက်လှမ်းနိုင်တဲ့အပြင် အခြေခံအဆောက်အဦလိုအပ်ချက်တွေ ထပ်ဖြည့်ရတာကိုလည်း ကြုံခဲ့ရပါတယ်။ မြန်မာနိုင်ငံကတော့ အဲဒီလိုမဟုတ်ဘဲ ဒစ်ဂျစ်တယ်ပြောင်းလဲမှု စတင်တဲ့အချိန်တိုအတွင်းမှာဘဲ 4G၊ 5G စနစ်တွေကို ကျော်လွှားသုံးစွဲနိုင်တာဖြစ်လို့ ဒစ်ဂျစ်တယ်စနစ်ကိုစောပြီး သုံးခဲ့တဲ့နိုင်ငံတွေ ကြုံခဲ့ရတဲ့အခက်အခဲမျိုးတွေကို ရှောင်ရှားနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းသုံးစွဲမှုပမာဏဟာ ယခင်က ရာခိုင်နှုန်းအနည်းငယ်သာ ရှိနေရာကနေ ၂၀၁၃ ခုနှစ်မှ စတင်ပြီး ၁၁၀ ရာခိုင်နှုန်းအထိ တိုးတက်လာတာ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံစုစုပေါင်း ဧရိယာရဲ့ ၉၅ ရာခိုင်နှုန်းကျော်အထိကို အင်တာနက်ကွန်ရက်တွေ လွှမ်းခြုံထားနိုင်ပြီ ဖြစ်ပါတယ်။ ဥပမာဆိုရရင် တယ်လီနော 4G ကွန်ရက်ကို နိုင်ငံတစ်ဝန်းလုံးဧရိယာရဲ့ ၇၅ ရာခိုင်နှုန်းမှာ ဖြန့်ကြက်ထားနိုင်ပြီ ဖြစ်တယ်လို့ သူတို့ရဲ့တရားဝင်ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။

လက်တွေ့မှာ ဆိုခဲ့တဲ့အားသာချက်တွေကို အသုံးပြုနိုင်တဲ့၊ အသုံးပြုနေတဲ့အနေအထားဟာ ထိရောက်မှု နှောင့်နှေးနေသေးတာတွေ့ရပါတယ်။ အထက်မှာဆိုခဲ့တဲ့ကြီးမားကျယ်ပြန့်ပြီး မြန်နှုန်းမြင့် အင်တာနက်ကွန်ရက်ကို မြန်မာနိုင်ငံမှာ လူမှုမီဒီယာ (အထူးသဖြင့် ဖေ့စ်ဘွတ်) အတွက်သာ အဓိက သုံးစွဲနေကြလို့ပဲဖြစ်ပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ပြည်ပခရီးသွားများပိုမိုလာရောက်ရေးအတွက် ဈေးကွက်မြှင့်တင်ရေးနဲ့ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းတွေလို လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ လုပ်ငန်းတွေအတွက် ဒီကြီးမားကျယ်ပြန့်တဲ့ မြန်နှုန်းမြင့်အင်တာနက်ကွန်ရက်ကို အပြည့်အဝအသုံးချရမှာ ဖြစ်ပါတယ်။

အဲဒီလို အပြည့်အဝအသုံးချဖို့ အခြေခံလိုအပ်ချက်တွေထဲက တစ်ခုဖြစ်တဲ့ အီလက်ထရွန်နစ်သုံး သက်သေခံအချက်အလက်များ Electronic Identification (e-ID)စနစ်ကို အကောင်အထည်ဖော်ဖို့ မြန်မာနိုင်ငံမှာ စတင်လုပ်ဆောင်နေတာကို သိရတော့ မုဒိတာပွားရပြန်ပါတယ်။ e-IDဆိုတာကတော့ လူတစ်ဦးချင်းစီရဲ့ကိုယ်ရေးမှတ်တမ်းနှင့် ဇီဝသွင်ပြင်လက္ခဏာရပ်တွေကို ကွန်ပျူတာစနစ်နဲ့ ဗဟိုအချက်အလက်ဘဏ်အတွင်း ထည့်သွင်းမှတ်တမ်းတင်တဲ့ စနစ်တစ်ခုဖြစ်ပါတယ်။တိုးတက်တဲ့ နည်းပညာတွေနဲ့ ပိုမိုကျယ်ပြန့်ရှုပ်ထွေးလာတဲ့ နေထိုင်မှုစနစ်တွေကြောင့် ပြည်သူတွေရဲ့အကျိုးစီးပွားနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လုံခြုံရေးအတွက် နည်းပညာ အပေါ် ပိုမိုအမှီသဟဲပြုလာရတဲ့ အခုအချိန်အခါမှာ e-ID စနစ်တည်ဆောက်ရေးဟာ မရှိမဖြစ် လိုအပ်လှပါတယ်။

e-ID စနစ်နဲ့ပတ်သက်လို့ နားလည်တတ်ကျွမ်းသူတွေက အများပြည်သူ သိနားလည်အောင် စာအုပ်များ၊ဆောင်းပါးများ ရေးသားထုတ်ဝေလျက်ရှိတဲ့အတွက် အကျယ်တဝင့် ရှင်းပြဖို့မရည်ရွယ်ဘဲ အဓိကထောက်ပြ ရှင်းလင်းလိုတဲ့ကိစ္စကတော့ အစိုးရယန္တရား၊ ပုဂ္ဂလိကလုပ်ငန်းဆိုင်ရာ လည်ပတ်မှုတွေကို ဒစ်ဂျစ်တယ်အဆင့်သို့ ကူးပြောင်းတဲ့နေရာမှာ နည်းပညာနဲ့ပတ်သက်တဲ့ အခြေခံအချက်တွေကို ပြည်သူအများစုက သေသေချာချာ ရှင်းရှင်းလင်းလင်းသိရှိထားဖို့ လိုတယ်ဆိုတဲ့ အချက်ပါပဲ။

### ပျမ်းမျှ digital literacy နှုန်းရှိဖို့ လိုအပ်


မြန်မာနိုင်ငံအနေနဲ့ အုပ်ချုပ်မှုနဲ့ စီးပွားရေးစနစ်တွေကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲရာမှာ နည်းပညာနဲ့ ပတ်သက်လို့ အဆင့်တွေကျော်လွန်ပြီး ဆောင်ရွက်နိုင်တဲ့ ယင်းအားသာချက်တွေရှိသော်လည်း အဓိကအဟန့်အတားတစ်ခုက ပြည်သူများရဲ့ သတင်းနည်းပညာနှင့် ပတ်သက်သည့် အသိဉာဏ်(digital literacy) ဖွံ့ဖြိုးမှုနှုန်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ digital literacy ဖွံ့ဖြိုးမှုနှုန်း အတန်အသင့် တိုးတက်လာနေပေမယ့် ပြည်သူအများစုဟာ အိမ်နီးချင်းနိုင်ငံက ပြည်သူတွေနဲ့ယှဉ်ရင် သုတေသနတွေ့ရှိချက်တွေအရ အတော်ကို နောက်ကျနေတာကို လေ့လာတွေ့ရှိရပါတယ်။ ယနေ့ခေတ် သာမန်ပြည်သူတွေမှာရှိရမယ့် ပျမ်းမျှ digital literacy နှုန်းရှိဖို့ လိုအပ်နေသေးတာ ဖြစ်ပါတယ်။

နည်းပညာနဲ့ ပတ်သက်တဲ့အခြေခံတွေကို ဆွေးနွေးရရင် လူအများစုသိပြီးသားဖြစ်တဲ့ အင်တာနက်နဲ့ဝက်ဘ်ဆိုက် အကြောင်းက စတင်မိတ်ဆက်ရမှာ ဖြစ်ပါတယ်။ အင်တာနက်စနစ်ဟာ ၁၉၆၀ ပြည့်နှစ်များအတွင်းက အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာ အဆင့်မြင့်သုတေသနစီမံကိန်းများ အေဂျင်စီ (Advance Research Project Agency- ARPA) ကစတင်တီထွင်ခဲ့တဲ့ (အဆင့်မြင့်သုတေသန စီမံကိန်းကွန်ရက် Advanced Research Projects Agency Network) (ARPANET) ကိုအခြေခံပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ယင်းစနစ်ကို အသုံးပြုပြီး အချက်အလက်များ၊ သတင်းများ၊ စာများပေးပို့ခဲ့ကြပါတယ်။

ယနေ့ ဝက်ဘ်ဆိုက်လို့အများက အလွယ်တကူခေါ်နေတဲ့ World Wide Web တွေကိုတော့ ဗြိတိသျှလူမျိုးသိပ္ပံပညာရှင် Tim Berners-Lee က ဥရောပနျူကလီးယားသုတေသနကောင်စီ European Council for Nuclear Research-CERN မှာ တာဝန်ထမ်းဆောင်နေစဉ် ၁၉၈၉ ခုနှစ်မှာ စတင်မိတ်ဆက်ခဲ့တာဖြစ်ပါတယ်။ ဥရောပနျူကလီးယားသုတေသနကောင်စီကို ယူနက်စကို (UNESCO)အဖွဲ့က ၁၉၅၁ ခုနှစ်မှာ ကျင်းပခဲ့တဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖွဲ့စည်းပြီး အတိုကောက်အားဖြင့် CERN လို့ ခေါ်ဆိုခဲ့ပါတယ်။

တယ်လီဖုန်းတွေမှာ အသံကို တစ်ဖက်ကနေတစ်ဖက်သို့ ပို့လွှတ်ဖမ်းယူသလို ပို့လွှတ်တာဖမ်းယူတာကို web တွေက အင်တာနက်လိုင်းပေါ်က လုပ်ဆောင်သွားတာပါ။ ဒီအထိကတော့ လူအများစုက သိကြမယ် ထင်ပါတယ်။

အများစု သိပ်မသိကြဘူးလို့ ယူဆတာကတော့ အဲဒီ web မှာ အလွှာသုံးလွှာရှိတယ် ဆိုတာပါပဲ။ တကယ်တော့ ကျွန်တော်တို့သိထားတဲ့World Wide Web စနစ်မှာ အပေါ်ယံဝက်ဘ်ဆိုက် ကွန်ရက်နယ်၊ အတွင်းပိုင်း၊ အနက်ရှိုင်းဆုံး surface web, deep web နှင့် dark web ဆိုပြီး အလွှာသုံးလွှာ ရှိပါတယ်။ ထင်သာအောင်ဥပမာပြရရင် surface web ဆိုတာမြစ်ချောင်းတွေရဲ့ ရေမျက်နှာပြင်နဲ့တူပြီး ကျယ်ပြန့်ရှည်လျားစွာတည်ရှိနေတဲ့အပြင် အလွယ်တကူ ကြည့်မြင်ထိတွေ့ အသုံးပြုနိုင်ပါတယ်။ Surface web ဟာ World Wide Web ရဲ့ အပေါ်ယံအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အများပြည်သူ အလွယ်တကူအသုံးပြုနိုင်တဲ့အပြင် သမားရိုးကျ search engine တွေနဲ့ ရှာဖွေတွေ့ရှိနိုင်ပါတယ်။ ဒ့ါကြောင့်မို့ surface web ကိုမျက်မြင်ထင်ရှား visible web လို့လဲအများကသိကြပါတယ်။




Web အလွှာတွေတည်ရှိမှုပုံကြမ်း

အတွင်းပိုင်းကွန်ရက်နယ်ပယ် Deep web ဆိုတာကတော့ အတွင်းပိုင်းကျတဲ့အလွှာမျိုး အလွယ်တကူ ထိတွေ့အသုံးပြုလို့မရနိုင်ပါဘူး၊ Deep web တွေရဲ့ အကြောင်းအခြင်းရာ content တွေကို HTTP form-(Hypertext transfer Protocol ရေးသားချက်များနှင့် ဂရပ်ဖစ်ပုံသဏ္ဌာန်များ အပြန်အလှန် ကူးလူးချိတ်ဆက်မှု အစီအစဉ် )တွေရဲ့နောက်မှာ ကွယ်ဝှက်ထားတဲ့အတွက် သမားရိုးကျ အင်တာနက်ရှာဖွေမှု search engine တွေနဲ့ ရှာဖွေတွေ့ဖို့မဖြစ်နိုင်ပါဘူး၊ ကမ္ဘာ့နိုင်ငံအများစုမှာရှိတဲ့ ဘဏ်လုပ်ငန်းတွေ၊စီးပွားရေးလုပ်ငန်းတွေ၊ အစိုးရဌာနတွေ အချင်းချင်းစာပေးပို့မှုစနစ်၊ အချက်အလက်ပေးပို့မှုစနစ်တွေ၊ ငွေပေးချေမှုတွေကို Deep web တွေကို အသုံးပြုပြီး ဆောင်ရွက်ကြပါတယ်။ Deep web တွေဟာအခကြေးငွေပေးရတဲ့ ကာကွယ်မှုတံတိုင်း(paywall) တွေနဲ့ကာရံထားတဲ့အတွက် လုံခြုံမှုအားကောင်းလို့ ဖြစ်ပါတယ်။

Deep web တွေကို အင်တာနက်လိပ်စာများဖြစ်တဲ့ Uniform Resources Locator (URL) နဲ့ IP address တွေကတစ်ဆင့်သာ ရှာဖွေတွေ့ရှိနိုင်ပြီး အသုံးပြုဖို့အတွက် စကားဝှက်(password) လိုအပ်ပါတယ်။

အတွင်းဆုံး အင်တာနက်အလွှာ Dark web ဆိုတာကတော့ မြစ်၊ ချောင်းတို့ရဲ့ကြမ်းပြင်ကဲ့သို့ တည်ရှိနေတာဖြစ်ပြီး အထူးအဆင့်မြင့်နည်းပညာရှိမှသာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Dark web တွေကို software တစ်မျိုးနဲ့သီးသန့် တည်ဆောက်ထားတဲ့အတွက် special software ရှိမှသာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။နည်းပညာမြင့်မားတဲ့ နိုင်ငံအချို့မှာ Dark web တွေကို စစ်ရေးသတင်း၊ ထောက်လှမ်းရေးသတင်း၊ သံတမန်ရေးရာသတင်းစတဲ့ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ သတင်းအချက်အလက်တွေကို ဌာနအချင်းချင်း ပေးပို့ရာမှာလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးဌာနတွေဖြစ်တဲ့ ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးနှိမ်နှင်းရေးတပ်ဖွဲ့တွေအကြား ဆက်သွယ်မှုပြုလုပ်ရာမှာလည်းကောင်း အသုံးပြုကြပါတယ်။

### အချက်အလက် လုံခြုံမှုအပိုင်းကလည်း အထူးအရေးကြီး

တကယ်တော့ ဒီအခြေခံသိနားလည်မှုတွေဟာ သာမန်ပြည်သူတွေသာမက စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဘဏ်လုပ်ငန်းတွေနဲ့ အစိုးရဝန်ထမ်းတွေပါ သိရှိသင့်တဲ့အချက်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ နိုင်ငံရေး၊ စီးပွားရေးအပြင် သံတမန်ဆက်ဆံရေးလိုနေရာတွေမှာပါ နည်းပညာအထူးသဖြင့် အင်တာနက်နဲ့ web အသုံးပြုမှုအပေါ် ပိုမိုမှီခိုအားထားလာနေရလို့ဖြစ်ပါတယ်။သတင်းစီးဆင်းမှု မြန်ဆန်လွန်းတဲ့ အခုခေတ်လိုအချိန်မျိုးမှာ သတင်းဖြန့်ဝေမှု နှုန်းသာမက အချက်အလက်လုံခြုံမှုအပိုင်းကလည်း အထူးအရေးကြီးလှပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးသို့ ကူးပြောင်းတာအပါအဝင် ဒစ်ဂျစ်တယ်ခေတ်ကို တက်လှမ်းဖို့ e-Government၊ e-IDနှင့် e-Commerce စနစ်တည်ဆောက်ရာမှာ ငွေကြေးဆိုင်ရာ သတင်းအချက်အလက်တွေ၊ အခွန်အခမှတ်တမ်းတွေစတာတွေကို ဒစ်ဂျစ်တယ်အချက်အလက်ဘဏ် (digital data bank) မှာ သိမ်းဆည်းဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီနောက် ဒစ်ဂျစ်တယ်အချက်အလက်ဘဏ်က အချက်အလက်တွေကို သက်ဆိုင်ရာအစိုးရဌာနတွေ၊ ပုဂ္ဂလိကဌာနတွေက အင်တာနက်ကွန်ရက်တွေကတစ်ဆင့် ရယူသုံးစွဲဖို့ လိုအပ်တာတွေကို ထပ်မံဖြည့်စွက်ဖို့ဖြစ်ပါတယ်။ အချက်အလက်တွေကို ရယူသုံးစွဲတဲ့အခါမှာရော လိုအပ်တာတွေ ထပ်မံဖြည့်စွက်တဲ့အခါမှာပါ သတင်းအချက်အလက် လုံခြုံရေးဟာ အထူးအရေးကြီးလှပါတယ်။

ဒ့ါကြောင့်မို့ အင်တာနက်ကို အသုံးပြုပြီးWeb တွေကနေ မိမိတို့အကျိုးစီးပွားကို ဖော်ဆောင်တဲ့နေရာမှာ Web အလွှာတွေရဲ့သဘောကိုသိရှိထားမှသာ အချက်အလက်ဘဏ်နဲ့ အစိုးရဌာန၊ ပုဂ္ဂလိကဌာနတွေအကြား၊ ပုဂ္ဂလိကဌာနအချင်းချင်းအကြား၊ အစိုးရဌာနအချင်းချင်းအကြား၊ အစိုးရနဲ့ပုဂ္ဂလိကဌာနတွေအကြား ဆက်သွယ်မှုကွန်ရက်တွေကို မည်သည့်အလွှာမှာ တည်ဆောက်မလဲဆိုတဲ့မေးခွန်းအတွက် အဖြေကိုကြိုတင်စဉ်းစားတွက်ဆနိုင်မှာ ဖြစ်ပါတယ်။ Web အလွှာတွေ သဘောကိုသိဖို့လိုတဲ့ ဒုတိယအကြောင်းအရင်းတစ်ခုလည်း ရှိနေပြန်ပါသေးတယ်။ ဒါကတော့ ဒုစရိုက်သမားတွေ၊ အကြမ်းဖက်သမားတွေရဲ့ အန္တရာယ်က ကာကွယ်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ အင်တာနက်လိုင်းပေါ်မှာ Web တွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာတဲ့နောက်ပိုင်း ဒုစရိုက်သမားတွေဟာ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေဖြစ်တဲ့ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေမှာ Web နဲ့ အင်တာနက်ကို အလွန်အမင်း သုံးစွဲလာကြပါတယ်။ အဲဒီအခြေအနေတွေကို ၁၀-၃-၂၀၁၇ ရက်စွဲနဲ့ ပြည်တွင်းလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူ Kristin Finklea က အမေရိကန်ကွန်ဂရက်လွှတ်တော်ကို တင်သွင်းခဲ့တဲ့ Dark Web အမည်ရှိတဲ့ အစီရင်ခံစာမှာ အသေးစိတ် ရေးသားထားတာကို တွေ့ရမှာဖြစ်ပါတယ်။

### အကြမ်းဖက်အဖွဲ့တွေရဲ့ နည်းပညာသုံးစွဲနိုင်မှုဟာ ယခင်ထက်ပို၍ စိုးရိမ်စရာကောင်းလာ

အခုမျက်မှောက်ကာလမှာ ကမ္ဘာ့နိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒုစရိုက်သမားတွေ၊ အကြမ်းဖက်သမားတွေ အပေါ်ယံအလွှာ surface web နှင့် အတွင်းပိုင်းအလွှာ deep web သုံးစွဲတာကို ထိထိရောက်ရောက်တားဆီးလာနိုင်နေပြီဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒုစရိုက်သမားတွေနဲ့ အကြမ်းဖက်သမားတွေဟာ surface web နှင့် deep web တို့အစား အတွင်းဆုံးအလွှာ dark web တွေကို ပြောင်းလဲသုံးစွဲလာတဲ့အတွက် ဒုစရိုက်အဖွဲ့အစည်းတွေနဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့နည်းပညာသုံးစွဲနိုင်မှုဟာ ယခင်ထက်ပို၍ စိုးရိမ်စရာကောင်းလာပြန်ပါတယ်။ အထူးသဖြင့် အကြမ်းဖက်သမားတွေက သူတို့ရဲ့ဝါဒဖြန့်ချိမှု၊ လူသစ်စုဆောင်းမှု၊ ငွေကြေးအထောက်အပံ့ရယူမှု၊ တိုက်ခိုက်မှုများ ပြုလုပ်ဖို့ကြံစည်မှုလုပ်ငန်းတွေအတွက် dark web တွေကို သုံးလာတာဖြစ်ပါတယ်။ ဒီအခြေအနေတွေကိုတော့ ကုလသမဂ္ဂအကြမ်းဖက်မှု တိုက်ဖျက်ရေးရုံး (UNOCT)၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီ၏ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (CTED)၊ ကုလသမဂ္ဂအကြမ်းဖက်မှု တိုက်ဖျက်ရေးစင်တာ (UNCCT)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) တို့က အခါအားလျော်စွာ ထုတ်ပြန်တဲ့ အစီရင်ခံစာတွေမှာတွေ့ရှိရနိုင်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် (၂၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပ


**ရန်ကုန် အောက်တိုဘာ ၁၅**

၂၀၁၉ ခုနှစ် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) အထိမ်းအမှတ် (၂၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ကျင်းပရေးကော်မတီနာယက ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့်ဇနီး ဒေါ်မင်းမင်းဝင်းစိုး၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများမှ မျက်မမြင်များနှင့် အကူဝန်ထမ်းများ တက်ရောက်ကြသည်။

**သေနတ်ပစ်ဖောက် တာလွှတ်**

အခမ်းအနားတွင် (၂၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပရေးကော်မတီနာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က ရန်ကုန်မြို့တော်ခန်းမရှေ့ စင်မြင့်ထက်မှ သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်နှင့် မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများမှ လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများသည် ရန်ကုန်မြို့တော်ခန်းမရှေ့မှစတင်၍ ဆူးလေလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမရှေ့အထိ လမ်းလျှောက်ကြရာ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက အတူတကွ လိုက်ပါအားပေးလမ်းလျှောက်ကြသည်။




ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးစိုးလွင် (၂၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးစဉ်။

အဆိုပါ လမ်းလျှောက်ပွဲကျင်းပရာ လမ်းတစ်လျှောက်ရှိ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာနှင့် လမ်းမတော်မြို့နယ်များရှိ စည်ပင်သာယာ အုပ်ချုပ်ရေးရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိသားစုဝင်များနှင့် ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုအားပေးကြပြီး စားသောက်ဖွယ်ရာများနှင့် လန်းဆန်းပဝါများ ကမ်းပေးကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ထို့နောက် မျက်မမြင်လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသည့် မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ကျင်းပရေးကော်မတီနာယက ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ကျင်းပရေးကော်မတီနာယက ဒုတိယမြို့တော်ဝန်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကျင်းပရေးကော်မတီဝင်များက ဂုဏ်ပြုဖလားနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး မျက်မမြင်ကလေးငယ်များအား နေကာမျက်မှန်များ တပ်ဆင်လှူဒါန်းပေးကြသည်။

ထို့နောက် လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သော မျက်မမြင်ကျောင်းများကိုယ်စား မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယမှ မောင်ယောရှုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မျက်မမြင်ကျောင်းများမှ မျက်မမြင်ကျောင်းသား ကျောင်းသူလေးများက ခေတ်ပေါ်တေးဂီတများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

**ပို့ဆောင်ပေး**

အခမ်းအနားအပြီးတွင် မျက်မမြင်လမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲကြသည့် မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများမှ ကျောင်းသား ကျောင်းသူများအား အပန်းဖြေခရီးစဉ်အဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိ အားကစားကွင်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်းလမ်းလျှောက်ပွဲသို့ မျက်မမြင်ကျောင်းများနှင့် အသင်းအဖွဲ့ ၃၁ ဖွဲ့မှ မျက်မမြင်လမ်းလျှောက်သူ စုစုပေါင်း ၁၄၅၀ နှင့်အတူ အကူဝန်ထမ်း ၅၃၁ ဦး လိုက်ပါလမ်းလျှောက်ခဲ့ကြပြီး အဆိုပါလမ်းလျှောက်ပွဲကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၂၈)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း – ရီရီမြင့်၊ ဓာတ်ပုံ – ဇော်မင်းလတ်**



(၂၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲနေကြသူများကို တွေ့ရစဉ်။

---

**❒ သီတင်းကျွတ်ရုံးပိတ်ရက်မှ**

အပန်းဖြေအနားယူနိုင်သဖြင့် ဒေသခံပြည်သူများသာမက ယခုလိုရုံးပိတ်ရက်အတွင်း ပြည်တွင်းခရီးသွားများဖြင့်လည်း စည်ကားလျက်ရှိသည်။

**အားလုံးပျော်ရွှင်ကျေနပ်**

"သီတင်းကျွတ်ရုံးပိတ်ရက်နဲ့ ကလေးတွေကျောင်းပိတ်ရက်မှာ ဘုရားဖူးရင်း အပန်းဖြေဖို့ မန္တလေးကို လာခဲ့တာပါ။ အခု ရောက်ရှိတဲ့ အပန်းဖြေစခန်းက သီးနှံမျိုးစုံနဲ့ ပန်းမျိုးစုံ စိုက်ပျိုးထားတဲ့ ပန်းဥယျာဉ်တွေကြားမှာ အေးအေးချမ်းချမ်းနဲ့ အနားယူနိုင်သလို ရေကူးကန်တွေနဲ့ ကလေးတွေအတွက် ကစားစရာအစုံလည်းရှိတဲ့အပြင် ကျွန်တော်တို့ လူကြီးတွေအတွက်လည်း သံစဉ်တီးလုံးတွေကြားမှာ စိတ်လွတ်ကိုယ်လွတ် ကခုန်နိုင်အောင် စီစဉ်ပေးထားတဲ့အတွက် အားလုံးပျော်ရွှင်ကျေနပ်နေကြပါတယ်။ ကျွန်တော်တို့လည်း အခု ရေကူးပြီး ကခုန်ခဲ့ကြလို့ စိတ်တွေ လန်းဆန်းတက်ကြွနေတယ် " ဟု သုံးမိုင်ရှိ သစ္စာစိန်စီအပန်းဖြေစခန်းသို့ မိသားစု၊ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ လာရောက်လည်ပတ်သည့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်မှ ဦးထွန်းထွန်းမော်က ပြောသည်။

**စည်ကားလျက်ရှိ**

ထို့ပြင် အဆိုပါမြို့နယ်အတွင်းရှိ ဒုဋ္ဌဝတီမြစ်အနီးတွင် ဖွင့်လှစ်ထားရှိသည့် သုံးမိုင်၊ ခြောက်မိုင်နှင့် ခုနစ်မိုင် အပန်းဖြေစခန်းများတွင်လည်း ယခု ရုံးပိတ်ရက်အတွင်း၌ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ပြည်တွင်းခရီးသွားများလည်း ဝင်ရောက်လည်ပတ် အပန်းဖြေမှုများဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

**❖ ကျောဖုံးမှ**

ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အခွင့်အရေးများစွာရှိနေသည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်းတစ်အုပ်စုနှင့် ခြောက်သင်းတစ်အုပ်စု ခွဲ၍ ကျင်းပခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံခဲ့သည့် အသင်းများအနက် မလေးရှားအသင်းနှင့်သာ ပြန်လည်တွေ့ဆုံနေပြီး အုပ်စုနောက်ဆုံးပွဲတွင် တွေ့ဆုံရာတွင် မြန်မာအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သော်လည်း ဆုတံဆိပ်နှင့်လွဲချော်ခဲ့သည်။

မြန်မာ ယူ – ၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား ၃၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယခုနှစ်လယ်ပိုင်းကတည်းက ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ ယူ – ၂၂ အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယခုလတွင် ကာတာနိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက်ကစားမည်ဖြစ်ပြီး နိုဝင်ဘာလတွင်လည်း ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။ ယခုနှစ် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၂ နှစ်အောက် ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပမည်ဖြစ်သော်လည်း အသက်ကျော်ကစားသမားနှစ်ဦး ထည့်သွင်းအသုံးပြုခွင့်ပေးထားသည်။

**သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – စိုးညွန့်**

---

**■ ဖိလစ်ပိုင်ဆီးဂိမ်းမှ**

ငါးဂိုးပြတ်၊ ဖိလစ်ပိုင်ကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား ၃၀ ဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်လျက်ရှိသည်။ ဦးဝင်းသူမိုးသည် မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးကိုင်တွယ်ခွင့်ရခြင်းဖြစ်သည်။ ၂၀၁၇ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ငါးသင်းသာရှိသောကြောင့် ပတ်လည်စနစ်ဖြင့်သာ ကျင်းပခဲ့ပြီး မြန်မာအသင်းက တတိယဆုရခဲ့သည်။

**သတင်း– ရှိုင်းထက်ဇော်၊ ဓာတ်ပုံ– စိုးညွန့်**



၂၀၁၇ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် ဖိလစ်ပိုင်အသင်းတွေ့ဆုံခဲ့စဉ်။

# အမေရိကန်ကပိတ်ဆို့မှုများကို ဖြေလျှော့ပေးပါက နျူကလီးယားဆွေးနွေးပွဲများအတွက် အသင့်ရှိဟု အီရန်ပြောကြား

**တီဟီရန် အောက်တိုဘာ ၁၅**
အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများအားလုံးကို ဖြေလျှော့ပေးမည်ဆိုပါက အင်အားကြီးနိုင်ငံများနှင့် နျူကလီးယားဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အီရန်နိုင်ငံကအသင့်ရှိကြောင်း အီရန်နိုင်ငံသမ္မတ ဟတ်ဆန်ရိုဟာနီက အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်ကို ပရက်စ်တီဗွီသတင်းဌာနက သတင်းဖော်ပြထားသည်။

မိမိတို့၏ တောင်းဆိုချက်အပေါ် အခြေခံပြီး ပိတ်ဆို့မှုများကို ဖြေလျှော့ပေးမည်ဆိုပါက ၂၀၁၅ ခုနှစ်က အီရန်နှင့် ချုပ်ဆိုထားသော နျူကလီးယားသဘောတူညီစာချုပ်မှ အဆုံးအဖြတ်ပေးထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ကို ကိုယ်စားပြုသော (P5+1)အုပ်စု၏ မူဘောင်အရ ကျင်းပသည့် ဆွေးနွေးပွဲများတွင် ပါဝင်ရန် အီရန်နိုင်ငံအနေဖြင့် အသင့်ရှိကြောင်းနှင့် အီရန်နိုင်ငံ၏ အဓိကစိုးရိမ်ပူပန်မှုမှာ အီရန်၏ အကျိုးစီးပွားများသည် ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ဖြစ်တည်လာသည့် တွေ့ဆုံမှုလား သို့မဟုတ် ဆွေးနွေးပွဲများသည် ရုပ်ပြသက်သက်မျှသာ ဖြစ်မလားဆိုတာဖြစ်ကြောင်းလည်း အီရန်နိုင်ငံသမ္မတ ဟတ်ဆန်ရိုဟာနီက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ပြီးခဲ့သည့်နှစ်က အီရန်၏ သမိုင်းဝင် ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်မှ အမေရိကန်နိုင်ငံကို နုတ်ထွက်စေခဲ့ပြီး နျူကလီးယားအစီအစဉ်အပေါ် ကန့်သတ်ချက်များပိုမိုလုပ်ဆောင်ရန်အတွက် အီရန်နိုင်ငံနှင့် အသစ်ဖြစ်သော နျူကလီးယားဆွေးနွေးပွဲများလုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။

အမေရိကန်နိုင်ငံ၏ တောင်းဆိုမှုများကို အီရန်က အရေးမထားဘဲ ပယ်ချခဲ့ပြီးနောက်ပိုင်းတွင် ဝါရှင်တန်က အထူးသဖြင့် အီရန်နိုင်ငံ၏ ရေနံတင်ပို့မှု အပါအဝင် အီရန်၏စီးပွားရေးအပေါ် မကြုံစဖူးသော ပိတ်ဆို့မှုများ လုပ်ဆောင်လာခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ဆော်ဒီအာရေဗျနိုင်ငံသို့ ၁၂ နှစ်တာကာလအတွင်း ပထမဆုံး ချစ်ကြည်ရေးခရီးအဖြစ် သမ္မတပူတင် သွားရောက်

**ရီယာ့ဒ် အောက်တိုဘာ ၁၅**
ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် အမေရိကန်ပြည်ထောင်စု၏ အခိုင်အမာဆုံး မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံသို့ အောက်တိုဘာ ၁၅ ရက်တွင် သွားရောက်ခဲ့ပြီး ယင်းချစ်ကြည်ရေးခရီးစဉ်မှာ ဆော်ဒီအာရေဗျနိုင်ငံသို့ ၁၂ နှစ်တာ ကာလအတွင်း ရုရှားသမ္မတတစ်ဦး၏ ပထမဆုံးသော ခရီးစဉ်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ယင်းခရီးစဉ်အတွင်း၌ သမ္မတပူတင်သည် ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်ဆော်လမန်နှင့် အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆာလ်မန်တို့နှင့်သီးခြားစီ တွေ့ဆုံမှုများကို ပြုလုပ်ခဲ့သည်။ ရုရှားသမ္မတပူတင်နှင့် ဆော်ဒီအာရေဗျဘုရင်တို့၏ တွေ့ဆုံမှုတွင် ဆော်ဒီအာရေဗျနှင့် ရုရှားနှစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်မှုများအတွက် နက်ရှိုင်းသည့် ဆောင်ရွက်မှုများပြုလုပ်ရန် သဘောတူညီခဲ့သည်။

ဆော်ဒီအာရေဗျဘုရင်နှင့် တွေ့ဆုံရာတွင် ရုရှားသမ္မတက ရုရှားနိုင်ငံမပါဝင်ဘဲ ဒေသတွင်း၌ တရားမျှတပြီး ကာလရှည်ကြာသော မည်သည့်အခြေစိုက်ပြဿနာကိုမျှ ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီး ရုရှားနိုင်ငံနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအရ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ကဏ္ဍများတွင် အကျိုးတူဖြစ်ရပ်များ ပေါ်ထွန်းလာမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ရုရှားသမ္မတပူတင်သည် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသားနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်သည် အမေရိကန်သမ္မတဒေါ်နယ်ထရန့် အစိုးရ၏ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ဝေဖန်ပြောကြားမှုများ ဖြစ်ပွားခဲ့ပြီးနောက်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**



# ရှင်းကျန်းဒေသ၌ ပထမဆုံးသော တောင်ပေါ်လေဆိပ် တည်ဆောက်မည်

**ယူရမ်ကျီ အောက်တိုဘာ ၁၅**
တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်းကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပထမဆုံးသော တောင်ပေါ်လေဆိပ် တည်ဆောက်မည့်စီမံကိန်းကို တရုတ်အာဏာပိုင်များက အတည်ပြုလိုက်ပြီဖြစ်သည်။

တတ်ဖ်ကော်ဂန်ဒေသ တာဂျစ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွင်တည်ရှိသည့် လေဆိပ်သစ်မှာ တစ်နှစ်လျှင် ခရီးသည် ၁၆၀၀၀၀ နှင့် ကုန်စည်တန်ချိန် ၄၀၀ အတွက် အတင်အချပြုလုပ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားကြောင်း တရုတ်နိုင်ငံ လေကြောင်းပို့ဆောင်ရေးဌာန ရှင်းကျန်းဒေသဆိုင်ရာအဖွဲ့၏ ပြောကြားချက်အရ သိရသည်။ အမေရိကန်ဒေါ်လာသန်း ၂၃၀ နှင့်ညီမျှသည့် ယွမ် ၁ ဒသမ ၆၃ ဘီလီယံဝန်းကျင် ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါလေဆိပ်သစ်မှာ မီတာ ၃၈၀၀ ရှည်လျားပြီး ၄၅ မီတာကျယ်ဝန်းသော လေယာဉ်ပြေးလမ်းတစ်ခု၊ လေဆိပ်အဆောက်အအုံတစ်ခု၊ ထိန်းချုပ်ရေးမျှော်စင်တစ်ခုနှင့် လောင်စာဆီ၊ လျှပ်စစ်မီးနှင့် မီးသတ်ဌာနကဲ့သို့သော အခြားအရန်အဆောက်အအုံများပါဝင်သည်။ လေဆိပ်တည်ဆောက်ရေးစီမံကိန်းကို မကြာသေးမီက အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်မှ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

လေဆိပ်တည်ဆောက်မှုကြောင့် ဒေသခံများအတွက် ခရီးသွားလာရာတွင် အဆင်ပြေလာပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ တိုးတက်လာမည့်အပြင် ဒေသ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည်ဟု မျှော်မှန်းရသည်။ ပါမီရာကုန်းပြင်မြင့်၏ အရှေ့ဘက်ရှိ တာဂျစ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ မီတာ ၄၀၀၀ အမြင့်၌ တည်ရှိသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# စပိန်နိုင်ငံသို့ ဦးတည်လာသည့် ရွှေ့ပြောင်းအခြေချသူများအား မော်ရိုကိုရေတပ်မှ ကယ်ဆယ်ရရှိ

**ရာဘတ် အောက်တိုဘာ ၁၅**
အောက်တိုဘာ ၁၀ ရက်မှ ၁၃ ရက်အတွင်း မြေထဲပင်လယ်အတွင်း၌ စပိန်နိုင်ငံသို့ ဦးတည်လာရောက်ကြသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို မော်ရိုကို ရေတပ်က မြေထဲပင်လယ်အတွင်းမှ ကယ်ဆယ်ရရှိခဲ့ကြောင်း မော်ရိုကိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယင်းရွှေ့ပြောင်းအခြေချနေထိုင်သူများထဲတွင် ဆာဟာရဒေသခွဲနိုင်ငံများအတွင်းမှ ပြည်သူများ အများစုပါဝင်ကြပြီး ၎င်းတို့သည် ဂျီဘရော်လ်တာရေလက်ကြားကို အလွန်သေးငယ်သောလှေများဖြင့် ဖြတ်ကျော်ရန် ကြိုးစားခဲ့သူများဖြစ်ကြောင်း မော်ရိုကို ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းသို့ဖြတ်ကျော်ရန် ကြိုးပမ်းမှု၏ရလဒ်အဖြစ် အမျိုးသမီးများအပါအဝင် လူပေါင်း ၄၉ ဦးနှင့် ကလေးငယ်များပါဝင်သော ရွှေ့ပြောင်းအခြေချသူများသည် ကမ်းခြေဒေသမြို့တစ်မြို့သို့ ဘေးကင်းလုံခြုံစွာရောက်ရှိခဲ့သည်။

အာဖရိကတိုက်ရှိ မော်ရိုကိုနိုင်ငံသည် ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ ဥရောပသို့ သွားရောက်ရေးအတွက် ထွက်ခွာရာစခန်းတစ်ခုဖြစ်လာနေသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမား ၅၀ ကျော်ကို ချေမှုန်း

**ကဘူး အောက်တိုဘာ ၁၅**
အာဖဂန်နစ္စတန် နိုင်ငံတစ်နိုင်ငံလုံးတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း၌ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက စစ်သွေးကြွဦးရေ ၅၀ ကျော်ကို ချေမှုန်းသုတ်သင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အောက်တိုဘာ ၁၅ ရက် နံနက်အစောပိုင်းတွင် နိုင်ငံအရှေ့ပိုင်း ဂါဇနီပြည်နယ် အက်စ်ဘန်ခရိုင်အတွင်း၌ အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့များက နောက်ဆုံးပြုလုပ်သည့် စစ်ဆင်ရေးအတွင်း၌ စစ်သွေးကြွအများအပြားကို ချေမှုန်းနိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အောက်တိုဘာ ၁၄ ရက်က ယင်းပြည်နယ်၏ အိမ်နီးချင်း ဒေယက်ခရိုင်တွင် စစ်သွေးကြွလေးဦးကျော် သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အလားတူပင် အာဖဂန်အစိုးရက ဆင်နွှဲခဲ့သည် စစ်ဆင်ရေးကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်းတွင် ဂါဇနီပြည်နယ်တွင်း၌ စစ်သွေးကြွ ၁၃ ဦး သေဆုံးပြီး လေးဦးဒဏ်ရာရခဲ့သည်ဟု အာဖဂန်နစ္စတန် အမျိုးသားစစ်တပ်မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# သင်္ဘောတိုက်မှုဖြစ်ရပ်အတွက် မြောက်ကိုရီးယား၏ လျော်ကြေးတောင်းဆိုခြင်းကို ဂျပန်ငြင်းဆို

**တိုကျို အောက်တိုဘာ ၁၅**
ဂျပန်ပင်လယ်ပြင်တွင် ဂျပန်ငါးလုပ်ငန်းအေဂျင်စီမှ ကင်းလှည့်ရေယာဉ်နှင့် မြောက်ကိုရီးယား ငါးဖမ်းသင်္ဘောတို့တိုက်မိသည့်ဖြစ်ရပ်အတွက် မြောက်ကိုရီးယားမှ လျော်ကြေးငွေတောင်းဆိုခြင်းကို ဂျပန်ကက်ဘိနက်အကြီးအကဲ ယူရှီဟီဒီဆူဂါက ငြင်းဆိုလိုက်သည်။

ဂျပန်ငါးလုပ်ငန်းအေဂျင်စီမှ ကင်းလှည့်ရေယာဉ်နှင့် မြောက်ကိုရီးယားငါးဖမ်းသင်္ဘောတို့သည် အိုင်ရှီကာဝါစီရင်စုတွင်တည်ရှိသော ဂျပန်အထူးစီးပွားရေးဇုန်၏ အပြင်ဘက်၌ အောက်တိုဘာ ၇ ရက်တွင် တိုက်မိခဲ့ကြသည်။ အဆိုပါဖြစ်ရပ်တွင် မြောက်ကိုရီးယားသင်္ဘောမှ သင်္ဘောသားများအား ဂျပန်ငါးလုပ်ငန်းသင်္ဘောမှ ကယ်တင်ခဲ့ပြီး အခြားမြောက်ကိုရီးယားသင်္ဘောတစ်စင်းထံ လွှဲပြောင်းပေးခဲ့သည်။ မြောက်ကိုရီးယားက ၎င်း၏ သင်္ဘောသားများမှာ အသက်အန္တရာယ် ခြိမ်းခြောက်မှုခံခဲ့ရကြောင်း ဆိုသည်။ မြောက်ကိုရီးယားက ၎င်း၏ သင်္ဘောပျက်စီးမှုအတွက် ဂျပန်ထံမှ လျော်ကြေးကို တောင်းဆိုခဲ့သည်။ ဆူဂါက ဂျပန်အနေဖြင့် မြောက်ကိုရီးယား၏ တောင်းဆိုချက်ကို လက်မခံကြောင်း သတင်းထောက်များအား ပြောကြားခဲ့ပြီး ပြဿနာကို ယခုဖြစ်ရပ်အတွက် ဆန္ဒပြကန့်ကွက်ကြောင်း သံတမန်နည်းဖြင့် အကြောင်းကြားခဲ့သည်။ ဆူဂါက ဖြည့်စွက်ပြောကြားရာတွင် ဂျပန်အစိုးရအနေဖြင့် ယခုဖြစ်စဉ်၏ ဗီဒီယိုဖိုင်ကို ကြည့်ရှုပြီးမှသာ စဉ်းစားဆုံးဖြတ်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။

**ကိုးကား-အန်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# တူရကီကို စီးပွားရေးအရ အရေးယူမှုများပြုလုပ်မည်ဟု သမ္မတဒေါ်နယ်ထရန့် ကြေညာ

**ဝါရှင်တန် အောက်တိုဘာ ၁၅**
ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ စစ်ဘက်ဆိုင်ရာ ထိုးစစ် ဆင်မှုအတွက် တူရကီနိုင်ငံကို စီးပွားရေးအရ အရေးယူမှုများ ပြုလုပ်သွားမည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ကြေညာလိုက်သည်။

တူရကီအစိုးရအဖွဲ့မှ လက်ရှိနှင့် ယခင် တာဝန်ရှိသူများ၊ ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း၌ တူရကီနိုင်ငံ၏ မတည်မငြိမ်ဖြစ်စေသောလုပ်ရပ်များကို ပံ့ပိုးပေးနေသည့် မည်သည့်ပုဂ္ဂိုလ်များကိုမဆို အရေးယူမှုများပြုလုပ်မည့် အမိန့်တစ်ရပ်ကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရန့်က အောက်တိုဘာ ၁၄ ရက်က တွစ်တာ၌ ရေးသားခဲ့သည့် ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ထို့အပြင် တူရကီနိုင်ငံ၏ သံမဏိပို့ကုန်များအပေါ် အမေရိကန်နိုင်ငံက စည်းကြပ်ခွန်ကောက်ခံမှုကို မူလသတ်မှတ်ထားသည့် ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မည့်အစီအစဉ်တစ်ရပ်ကို ၎င်းက ကြေညာခဲ့သည်။

တူရကီခေါင်းဆောင်များက အန္တရာယ်ရှိသော၊ အဖျက်သဘောဆောင်သောလမ်းကို ဆက်လက်လုပ်ဆောင်ပါက တူရကီနိုင်ငံ၏စီးပွားရေးကို မြန်မြန်ဆန်ဆန် ဖျက်ဆီးပစ်ရန် အပြည့်အဝပြင်ဆင်ထားသည်ဟု သူကဆိုသည်။ ဒေါ်နယ်ထရန့်၏ ကြေညာချက်မှာ တူရကီ၏ စစ်ဆင်ရေးဆောင်ရွက်ချက်ကို အလေးမထားမှုနှင့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းမှုနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ၏ ဝေဖန်မှုအပေါ် တုံ့ပြန်မှုဟု ယူဆရသည်။ တူရကီ၏ စစ်ဆင်ရေးဆောင်ရွက်မှုအပေါ် ပြင်းထန်သောသဘောထားတစ်ရပ်ရှိကြောင်း ဒေါ်နယ်ထရန့်က ပြသလိုသည်။ သမ္မတဒေါ်နယ်ထရန့်သည် တူရကီ သမ္မတအာဒိုဂန်နှင့် ဖုန်းဖြင့်ပြောဆိုခဲ့ကြောင်း ဒုတိယသမ္မတ မိုက်ပန့်စ်က အောက်တိုဘာ ၁၄ ရက်တွင် အိမ်ဖြူတော်၌ သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ကာ့ဒ်တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ချက်ချင်းစတင်ရန် ဒေါ်နယ်ထရန့်က အာဒိုဂန်ကို မေးမြန်းခဲ့ကြောင်း မိုက်ပန့်စ်က ပြောသည်။ ကျူးကျော်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ အဖြေတစ်ခုရှာရန် မျှော်လင့်ချက်များဖြင့် မကြာမီ တူရကီနိုင်ငံသို့ သွားရောက်ရန် ဒေါ်နယ်ထရန့်က မိုက်ပန့်စ်ကို အမိန့်ပေးခဲ့သည်ဟု ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# ရည်မှန်းချက် မအောင်မြင်မချင်း ဆီးရီးယားထိုးစစ် ရပ်တန့်မည်မဟုတ်ဟု အာဒိုဂန် ပြောကြား

**အစ္စတန်ဘူ အောက်တိုဘာ ၁၅**
မိမိတို့၏ ရည်မှန်းချက်များ မအောင်မြင်မချင်း ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ် စစ်သွေးကြွများအား တူရကီ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကို ရပ်တန့်မည်မဟုတ်ကြောင်း တူရကီသမ္မတ အာဒိုဂန်က အင်္ဂါနေ့က ပြောကြားခဲ့သည်။ တူရကီသည် ဆီးရီးယားကာ့ဒ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPG) ကို ခုနစ်ရက်မြောက်အဖြစ် ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိသည်။ ၎င်းအဖွဲ့ကို တူရကီပိုင်နက်နယ်မြေအတွင်း ကာ့ဒ်သောင်းကျန်းသူများ၏ အဆွယ်အပွားဟု တူရကီက ရှုမြင်သည်။

မိမိတို့အနေဖြင့် မံဘစ်ဂျ်မြို့မှ အီရတ်နိုင်ငံနှင့် ထိစပ်နေသည့်တူရကီနယ်စပ်အထိကျယ်ပြန့်သည့်ဒေသကို အမြန်သိမ်းယူမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ဆီးရီးယားဒုက္ခသည်တစ်သန်း၊ ထို့နောက်နှစ်သန်းကို ၎င်းတို့၏နေအိမ်သို့ ၎င်းတို့၏ သဘောဆန္ဒအလျောက် လွတ်လွတ်လပ်လပ် ပြန်လာလို့ရအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဇာဘိုင်ဂျန်နိုင်ငံရှိ ဘာကူမြို့တွင် ဒေသဆိုင်ရာညီလာခံတက်ရောက်စဉ်အတွင်း ရုပ်မြင်သံကြား မိန့်ခွန်းတွင် သမ္မတအာဒိုဂန်က ပြောကြားခဲ့ခြင်း ဖြစ်သည်။



ယခုအချိန်အထိ ဆီးရီးယားပိုင်နက်နယ်မြေ စတုရန်းကီလိုမီတာ ၁၀၀၀ ကို ခွဲထွက်ရေးအကြမ်းဖက်အဖွဲ့လက်အောက်မှ လွတ်မြောက်စေနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တူရကီနိုင်ငံသည် ဆီးရီးယားမြောက်ပိုင်းတစ်လျှောက် လုံခြုံဘေးကင်းသည့်ဇုန်နယ်မြေတစ်ခုတည်ထောင်ရန် စီစဉ်နေကြောင်း၊ ၎င်းဇုန်နယ်မြေတွင် ဆီးရီးယားပဋိပက္ခမှ တူရကီနိုင်ငံက လက်ခံထားရသည့် ဒုက္ခသည် ၃ ဒသမ ၆ သန်းကျော်ကို ပြန်လည်နေရာချထားပေးရန် စီစဉ်နေကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန် – အောင်ဇော်လင်း**

## ရွှေလီလေကြောင်းလိုင်းက မန်စီ-ရန်ကုန်လေကြောင်းခရီးစဉ်သစ် ပြေးဆွဲမည်

**ကူမင်း အောက်တိုဘာ ၁၅**
တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ နယ်စပ်မြို့တစ်ခုဖြစ်သော မန်စီမြို့နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်ကို ဆက်သွယ်ပေးမည့် တိုက်ရိုက်လေကြောင်းခရီးစဉ်သစ်တစ်ခုကို အောက်တိုဘာအကုန်တွင် စတင်မည်ဖြစ်သည်။

အောက်တိုဘာ ၂၇ ရက်မှစတင်၍ ရွှေလီလေကြောင်းလိုင်းက ဘိုးရင်း ၇၃၇ အမ်ဂျီလေယာဉ်ဖြင့် မန်စီ-ရန်ကုန်-လေကြောင်းခရီးစဉ်ကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့တိုင်း တစ်ပတ်လျှင် လေးကြိမ်ပြေးဆွဲမည်ဖြစ်သည်။ လေယာဉ်မှာ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၅ မိနစ်တွင် မန်စီမှထွက်ခွာပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့တော်မှ ပြန်လှည့်လာမည်ဖြစ်သည်။ လေကြောင်းခရီးစဉ်သစ်က နှစ်နိုင်ငံကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များတွင် အပြန်အလှန် လည်ပတ်မှုများကို လွယ်ကူချောမွေ့စေမည်ဟု မျှော်မှန်းရသည်။

ရွှေလီလေကြောင်းလိုင်းမှာ ပြည်တွင်းခရီးစဉ် ၆၁ ခုနှင့် နိုင်ငံတကာခရီးစဉ် ၁၀ ခု ပြေးဆွဲပြီး တစ်ရက်လျှင် လေကြောင်းခရီးစဉ် ၁၀၈ ကြိမ် ပျံသန်းကာ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် မြန်မာနိုင်ငံရှိ မြို့ကြီး ၃၉ မြို့အထိ ရောက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

## တရုတ်နိုင်ငံ၌ ဓာတုစက်ရုံပေါက်ကွဲမှုဖြစ် လေးဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**နန်နင်း အောက်တိုဘာ ၁၅**
တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ဓာတုစက်ရုံတစ်ရုံတွင် အင်္ဂါနေ့က ပေါက်ကွဲမှုဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး အခြားသူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် ယူလင်မြို့ လူချွန်စီရင်စုရှိ ဓာတုစက်ရုံတွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အရေးပေါ် စီမံခန့်ခွဲရေးဌာနနှင့် မီးသတ်ဌာနတို့၏ အဆိုအရ သိရသည်။

ယင်းပေါက်ကွဲမှုတွင် ဒဏ်ရာရသူခြောက်ဦးအနက် နှစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိပြီး အခြားလေးဦးမှာ ဒဏ်ရာအနည်းငယ် ရရှိသည်ဟု ဆိုသည်။ ဖော်မယ်ဒီဟိုက်နှင့် ဖီနောတို့ကိုပေါင်းစပ်ရန် အသုံးပြုသည့် စက်ရုံအတွင်းရှိ ရေနွေးကရားအိုးပေါက်ကွဲခြင်းဖြစ်သည်ဟု ကနဦးစုံစမ်းစစ်ဆေးမှုများက ဖော်ပြသည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ဇော်လင်း**

# အင်ဒိုနီးရှားလုံခြုံရေးဝန်ကြီးတစ်ဦး တိုက်ခိုက်ခံခဲ့ရပြီးနောက် သံသယရှိသူ ၂၀ ကျော် ဖမ်းဆီးခံရ

**ဂျကာတာ အောက်တိုဘာ ၁၅**
အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့် ဆက်နွယ်သည့် စစ်သွေးကြွအုပ်စုဝင်နှစ်ဦးက အင်ဒိုနီးရှား အစိုးရဝန်ကြီးတစ်ဦးအား ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး နောက် သံသယရှိသူ ၂၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အင်ဒိုနီးရှား ရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် အောက်တိုဘာ ၂၀ တွင် ကျင်းပမည့် ဂျိုကိုဝီဒိုဒို၏ သမ္မတ ဒုတိယသက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမတိုင်မီ နိုင်ငံတစ်ဝန်းလုံခြုံရေးတင်းကျပ်ထားပြီး မြို့တော်ဂျကာတာတွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၇၀၀၀ ခန့် ဖြန့်ကြက်ထားမည်ဟု မျှော်လင့်ရသည်။

ထို့အပြင် ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ ဆန္ဒဖော်ထုတ်သူများအား တိုက်ခိုက်မှုအတွက် အကာအကွယ်အဖြစ် အသုံးပြုမည်ကို စိုးရိမ်သောကြောင့် လူထုဆန္ဒဖော်ထုတ်ပွဲများကိုလည်း တားမြစ်ပိတ်ပင်ထားကြောင်း အင်ဒိုနီးရှား ထောက်လှမ်းရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ယခင် အင်ဒိုနီးရှားဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိတွင် လုံခြုံရေးဝန်ကြီး တာဝန်ထမ်းဆောင်နေသော ဝီရန်တိုသည် ပြီးခဲ့သည့် သီတင်းပတ်က အနောက်ဂျာဗားပြည်နယ်သို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်လည်ပတ်စဉ် စစ်သွေးကြွအဖွဲ့ဝင်နှစ်ဦးက ဓားဖြင့်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ဝန်ကြီး၏ ဝမ်းဗိုက်တွင် ဒဏ်ရာရရှိသွားပြီး ဆေးဝါးကုသမှုခံယူရန်အတွက် ရဟတ်ယာဉ်ဖြင့် ဂျကာတာမြို့ရှိ ဆေးရုံတစ်ရုံသို့ အမြန်ပို့ဆောင်ခဲ့သည်။ ယခုအခါ အသက် ၇၂ အရွယ် ဝန်ကြီးဝီရန်တိုသည် ဒဏ်ရာသက်သာလာပြီဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားတာဝန်ရှိသူများသည် အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် သံသယရှိသူ ၂၇ ဦးကို ချွန်ထက်သောလက်နက်များ၊ ပေါက်ကွဲပစ္စည်းများနှင့် ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ ထို့အပြင် အင်ဒိုနီးရှားလုံခြုံရေးရဲတပ်ဖွဲ့သည် အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် လျှို့ဝှက်ကြံစည်သည်ဟု သံသယရှိသူ သားအဖနှစ်ဦးကိုလည်း ဘာလီကျွန်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဝန်ကြီးဝီရန်တို တိုက်ခိုက်ခံခဲ့ရပြီးနောက် ဖမ်းဆီးထိန်းသိမ်းထားသော လင်မယားနှစ်ဦးသည် ဒေသတွင်းရှိဂျမား အန်ရှာရုဒ်စစ်သွေးကြွအုပ်စု အဖွဲ့ဝင်များဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။ ဂျမားအန်ရှာရုဒ်စစ်သွေးကြွအုပ်စုသည် ယမန်နှစ်က အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာဆိပ်ကမ်းမြို့ရှိ ဘုရားကျောင်းတစ်ကျောင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ယင်းတိုက်ခိုက်မှုကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။



ထို့အတူ လွန်ခဲ့သည့် ၁၇ နှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အလားတူအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လူ ၂၀၀ ကျော်သေဆုံးခဲ့ပြီး အင်ဒိုနီးရှားသမိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးမှုအများဆုံး ဖြစ်လာခဲ့ကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျေတီ**

# အရေးပေါ် အခြေအနေဖြစ်ပေါ်ပါက မီးသတ်တပ်ဖွဲ့၏ "191 Report" ဖုန်းအပလီကေးရှင်းကိုအသုံးပြု၍ အကူအညီတောင်းခံနိုင်

**ရန်ကုန် အောက်တိုဘာ ၁၅**
မီးဘေးအန္တရာယ် အပါအဝင် အခြားဘေးအန္တရာယ်တစ်ခုခု အရေးပေါ် အခြေအနေဖြစ်ပေါ်နေပါက ဖုန်းအင်တာနက်ဖြင့် ချိတ်ဆက်ကာ " 191 Report" ဖုန်းအပလီကေးရှင်းမှတစ်ဆင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ အကူအညီတောင်းခံနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်ဌာနချုပ် (ရန်ကုန်)မှ သိရသည်။

"မြန်မာနိုင်ငံအနှံ့အပြား မီးလောင်နေတာရယ်၊ ယာဉ်မတော်တဆ တိမ်းမှောက်မှုဖြစ်ပွားတာရယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမှာ ခရီးသွားရင်းယာဉ်/စက်ချွတ်ယွင်းမှု၊ တိုက်မိမှု၊ ဒုက္ခတွေ့နေတာ ( သို့မဟုတ်) ဓာတ်လှေကားထဲမှာ မီးပျက်ပြီး ပိတ်မိနေတာတို့ စတဲ့ အရေးပေါ်အကူအညီ ကယ်ဆယ်ရေးလိုအပ်နေတဲ့အခြေအနေမျိုးမှာ မီးသတ်တပ်ဖွဲ့က ကူညီကယ်ဆယ်ရေး အမြန်လာရောက်နိုင်ဖို့ အင်မတန် လွယ်ကူလျင်မြန်တဲ့ ဖုန်းအပလီကေးရှင်းလေးတစ်ခုကို မိတ်ဆက်တာပါ"ဟု မြန်မာနိုင်ငံ မီးသတ်ဌာနချုပ် ညွှန်ကြားရေးမှူး(ဦးစီး) ရန်ကုန် ဦးသိန်းထွန်းဦးက ပြောသည်။



အဆိုပါ "191 Report" ဖုန်းအပလီကေးရှင်းကို Google Play Store တွင် 191 early report ဟု ရိုက်နှိပ်ကာ ဒေါင်းလုတ်ပြုလုပ်ရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အဆင့်ဆင့် Register လုပ်ကာ မှတ်ပုံတင်ပြီး နိုင်ငံတစ်ဝန်း အင်တာနက်ရရှိသော မည်သည့်နေရာတွင်မဆို အသုံးပြုနိုင်ကြောင်းလည်း သိရသည်။

"တစ်ခုခုဘေးအန္တရာယ်ကြုံတာနဲ့ အပလီကေးရှင်းကို ဖွင့်မယ်၊ အဲဒီအခါ ဖုန်းကင်မရာက Auto ပွင့်လာပါလိမ့်မယ်၊ ဒီတော့ ကင်မရာနဲ့ မီးလောင်နေတဲ့နေရာ၊ ဘေးအန္တရာယ်ကြုံတွေ့နေတဲ့နေရာ၊ ဓာတ်ပုံ စတာတွေကို ၁၃ မီတာလောက်အကွာကနေ ရိုက်လိုက်ပါ၊ အခင်းဖြစ်နေတဲ့နေရာ၊ မိမိရောက်နေတဲ့နေရာ၊ နိုင်ငံတစ်ဝန်း ဘယ်နေရာကပဲဖြစ်ဖြစ် ရိုက်ပို့လိုက်ပါ (အထပ်မြင့်ကနေ အဝေးကိုရိုက်တာမျိုးမဖြစ်ရ)ပါဘူး။ ဒါဆို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ရဲ့(၂၄)နာရီ အမြဲစောင့်ကြပ်ကြည့်ရှုနေတဲ့ Command & Control Center ကို ရောက်သွားမှာပါ၊ အဲဒီအခါ ဖုန်းနံပါတ် ဘယ်လောက်နဲ့ ဘယ်နေရာမှာ အန္တရာယ်တော့ကြုံတွေ့နေရပြီး အရေးပေါ်အကူအညီ လိုအပ်နေပြီဆိုတာကို သိသွားကြပါလိမ့်မယ်၊ ကိုယ့်ဖုန်းကို ပြန်ဆက်သွယ်လာပါလိမ့်မယ်။ ဒီတော့ မြေပုံမှာ ဘယ်နေရာမှာဖြစ်နေတယ်ဆိုတာ သိနေပြီး ဘယ်လောက်ကြီးတဲ့ မီးလောင်မှုလဲ၊ ဘယ်လို ဘေးအန္တရာယ်မျိုးလဲဆိုတာ ပို့လိုက်တဲ့ပုံအရ မှန်းဆနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ မီးသတ်ဌာနချုပ် ညွှန်ကြားရေးမှူး (ဦးစီး) ရန်ကုန် ဦးသိန်းထွန်းဦးက ထပ်မံပြောသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# မိုးစပါးစံပြစိုက်ခင်းတွင် ပိုးမွှားကင်းထောက်၊ အဝါရောင်စေးကပ်ထောင်ချောက်များ စိုက်ထူ

**ဂန့်ဂေါ အောက်တိုဘာ ၁၅**
ဂန့်ဂေါမြို့နယ် နမ်းခါးကျေးရွာရှိ မိုးစပါး စံပြစိုက်ခင်းများတွင် ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်နွယ်၊ ခရိုင်မြေအသုံးချရေး တာဝန်ခံ ဦးစီးအရာရှိ ဒေါ်တင်မာဖြိုးနှင့် ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပိုးမွှားကင်းထောက်ခြင်းနှင့် အဝါရောင်စေးကပ်ထောင်ချောက်များ စိုက်ထူခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ကြသည်။

အဆိုပါ ကျေးရွာ၌ ၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီတွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ထားပြီး ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံနှင့်အဖွဲ့က လာရောက်လေ့လာကြသည့် တောင်သူများအား အဝါရောင်စေးကပ်ထောင်ချောက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းပညာအရ စားသုံးသူများ ဘေးအန္တရာယ်ကင်းဝေးစေရေး၊ ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ် " ဟု ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်နွယ်က ပြောသည်။

စီးပွားရေးအရ ထိခိုက်နိုင်သည့် ပမာဏထက် ဖျက်ပိုးဦးရေ ပိုများလာမှသာ ပိုးသတ်ဆေးကို ပက်ဖျန်းရမည်ဖြစ်ကြောင်း၊ စီးပွားရေးအရ ထိခိုက်နိုင်သည့်ပမာဏအောက်တွင်မူ အခြားနည်းများဖြင့် ကာကွယ်နှိမ်နင်းရမည်ဖြစ်ကြောင်းနှင့် ဖျက်ပိုးကျရောက်မှုအခြေအနေကို သိရှိနိုင်ရန် ပိုးမွှားကျရောက်မှုကင်းထောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**



## မှုခင်းရေးရာ

# တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ၌ မိုးကြိုးထိမှန်၍ နှစ်ဦးသေဆုံး

**ရန်ကုန် အောက်တိုဘာ ၁၅**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ ကမ်းနားလမ်း၌ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မိုးကြိုးထိမှန်၍ နှစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦး သတိလစ်မေ့မြောမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ မွန်းလွဲပိုင်းက ကိုအောင်မင်းနှင့် ကိုကျော်သူဟိန်း တာကြီးရပ်ကွက် ဒလမြို့နယ်နေထိုင်သူ နှစ်ဦး၊ ကိုသဲမောင်နှင့် ဦးမောင်ဝင်း တူးချောင်းကြီးကျေးရွာ တွံတေးမြို့နယ် နေထိုင်သူ နှစ်ဦး စုစုပေါင်း လေးဦးတို့သည် ပျော်ဘွယ်လေးကျေးရွာ ကမ်းနားလမ်းနေ ကိုရဲမင်းအောင်၏နေအိမ်သို့ လာရောက်လည်ပတ်ရာမှ အပြင်ဘက်တွင် စု၍ စကားပြောနေကြစဉ် မိုးရွာသွန်းပြီး မိုးကြိုးပစ်ချမှုကြောင့် လေးဦးစလုံး လဲကျသွားခဲ့သဖြင့် ဒလမြို့နယ်ပြည်သူ့ဆေးရုံသို့တင်ပို့ခဲ့ရာ ကိုအောင်မင်းနှင့် ကိုကျော်သူဟိန်း တာကြီးရပ်ကွက် ဒလမြို့နယ်နေသူနှစ်ဦးမှာ မိုးကြိုးထိမှန်စဉ်ကပင် သေဆုံးသွားခဲ့ပြီး ဦးမောင်ဝင်းတွင် ခြေထောက်အောက်ပိုင်းထိမှန်ပြီး ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ(မစိုးရိမ်ရ) ဆေးကုသမှုခံယူလျက်ရှိပြီး ကိုသဲမောင်မှာ သတိလစ်နေသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ရွှေဘိုမြို့တွင် ယာဉ်တိုက်မှုဖြစ်ပြီး ထွက်ပြေးသည့် ယာဉ်မောင်းအား ဖမ်းဆီးရမိ

**ရွှေဘို အောက်တိုဘာ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် လမ်းဘေးဂျာနယ်အရောင်းဆိုင်အား ဝင်တိုက်မိ၍ တစ်ဦးသေဆုံးခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သော ယာဉ်မောင်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့တွင် အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီက ရွှေဘို-မန္တလေး သွားကားလမ်းမပေါ်တွင် အမျိုးသားတစ်ဦး မောင်းနှင်လာသောယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြော၏ဘေးတွင် ဂျာနယ်ရောင်းချရန် ဆိုင်ခင်းနေသော ဦးကျော်သိန်း သခွတ္တောရပ် ရွှေဘိုမြို့နေသူအား ဝင်ရောက်တိုက်မိ၍ ယာဉ်မောင်းဖြစ်သူမှာ ယာဉ်ကိုထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဦးကျော်သိန်းမှာ ဝဲဦးခေါင်းချိုစောင်း ပေါက်ပြဲဒဏ်ရာ၊ နားသွေးထွက် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းမှာ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၁၁၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး (ရွှေဘို)သို့ လာရောက်အဖမ်းခံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဖိုးအောင်(ခ)အောင်ဇေယျမင်းအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# မိုးကောင်းမြို့ သီတင်းကျွတ်ပွဲ၌ အုပ်စုဖွဲ့ရန်ဖြစ်ရာမှ လူငယ်တစ်ဦး သေဆုံး

**မိုးကောင်း အောက်တိုဘာ ၁၅**
ကချင်ပြည်နယ် မိုးကောင်းမြို့ ရွှေသာလျောင်းဘုရားကြီးဝင်းအတွင်း ကျင်းပသည့် သီတင်းကျွတ်ပွဲတော်၌ အောက်တိုဘာ ၁၃ ရက်ညပိုင်းက လူငယ်များ အုပ်စုဖွဲ့ရန်ဖြစ်ရာမှ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၃ ရက် သီတင်းကျွတ်လပြည့် ည ၁၁ နာရီခွဲက မိုးကောင်းမြို့နယ် နမ္မတီးမြို့ သစ္စာရပ်ကွက်နေ ဇေယျာလင်း၊ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာနေ နေထက်ဝင်း(ခ) ဖိုးကြွက်နှင့် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်နေ မောင်ကမ္ဘာချစ် အပါအဝင် လူငယ် ၁၁ ဦးအဖွဲ့သည် မိုးကောင်းမြို့ ရွှေသာလျောင်း ဘုရားကြီးဝင်းအတွင်း ကျင်းပသည့် သီတင်းကျွတ်ပွဲတွင် လည်ပတ်နေစဉ် လူငယ်၁၅ ဦးနှင့် စကားများရန်ဖြစ်ရာ နေထက်ဝင်း(ခ)ဖိုးကြွက်မှာ ဒဏ်ရာများရရှိကာ မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လူသတ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်နိုင်ရန် မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်များ ပြိုလဲပျက်စီး

**မိုးညို အောက်တိုဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် နေအိမ်များ ပြိုလဲပျက်စီးခဲ့သည်။ အင်းတော်လုပ်အုပ်စု ထိန်ကုန်းကျေးရွာတွင် နေအိမ်တစ်လုံးပြိုလဲပြီး နေအိမ်သုံးလုံး အမိုးလန်ပျက်စီးခဲ့သည်။ ဓိုးပင်ကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ခြင်းတို့ဖြစ်ပွားခဲ့ပြီး ပျက်စီးနေအိမ်များ ပြန်လည်ပြုပြင်ခြင်းနှင့် လိုအပ်သည်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(မိုးညို)**

# မုံရွာမြို့တွင် ယာဉ်တိုက်မှုဖြစ်၊ နှစ်ဦးသေ

**မုံရွာ အောက်တိုဘာ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်မင်္ဂလာရေကန်အနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၃ ရက်ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မုံရွာမြို့ယာဉ်ထိန်းတပ်ဖွဲ့မှ ဒု-ရဲအုပ် မိုးဇော်ဦး ဦးစီးသောအဖွဲ့သည် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် သော်တာအောင် မောင်းနှင်လာသောယာဉ်သည် မျက်နှာချင်းဆိုင်မှ သိန်းထိုက်စိုး မောင်းနှင်ပြီး သော်ဇင်ဦး လိုက်ပါလာသော ဆိုင်ကယ်နှင့်တိုက်မိပြီးနောက် အမျိုးသားနှစ်ဦး စီးလာသော ဆိုင်ကယ်တစ်စီးအား ထပ်မံတိုက်မိရာ အဆိုပါအမျိုးသားနှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် သော်တာအောင်နှင့် သိန်းထိုက်စိုးတို့ နှစ်ဦးအား မုံရွာမြို့မရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကျိုက်မရော-မော်လမြိုင်သွားကားလမ်းမပေါ်၌ အုတ်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်

**ကျိုက်မရော အောက်တိုဘာ ၁၅**
ကျိုက်မရော-မော်လမြိုင်သွားကားလမ်းမပေါ် မုရောင်းကျေးရွာအနီးတွင် ယမန်နေ့ ညနေပိုင်းက အုတ်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုတွင် အမျိုးသမီး သုံးဦးနှင့် ကလေးနှစ်ဦး စုစုပေါင်း ငါးဦး ထိခိုက်ဒဏ်ရာများရရှိသဖြင့် ဒဏ်ရာရလူနာများအား ဘိုဘိုဝင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့နှင့် မော်လမြိုင် Rescue လူမှုကယ်ဆယ်ရေးအဖွဲ့တို့က မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# သီတင်းကျွတ်အားလပ်ရက်များတွင် ဘားအံမြို့နှင့် အထင်ကရနေရာများ၌ လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် အထူးစည်ကား

**ဘားအံ အောက်တိုဘာ ၁၅**
ကရင်ပြည်နယ်သည် သဘာဝရေမြေတောတောင်အလှအပရှုခင်းများ၊ တန်ခိုးကြီးဘုရားများ၊ ရှေးဟောင်းထုံးကျောက်လိုဏ်ဂူတော်များ၊ သာသနိကအဆောက်အဦများ၊ ရေတံခွန်များ၊ အပန်းဖြေအနားယူရန်နေရာများ ပေါများသည့်ပြည်နယ်တစ်ခုဖြစ်သည့်အတွက် သီတင်းကျွတ်အားလပ်ရက်များတွင် ဘုရားဖူးအပန်းဖြေခရီးသွားလည်ပတ်သူများ အထူးစည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

အထူးသဖြင့် ဘားအံမြို့ပေါ်ရှိတန်ခိုးကြီးဘုရားများနှင့် ပတ်ဝန်းကျင်ဒေသရှိဘုရင့်ညီဂူ၊ ရသေ့ပျံဂူ၊ ကော့ဂွန်းဂူ၊ လင်းနို့ဂူ၊ ကြောင့်ကမ်လာဘ်၊ ချစ်သူမြိုင်အပန်းဖြေဥယျာဉ်၊ လုမ္ဗိနီဥယျာဉ်၊ ဇွဲကပင်တောင်၊ ရေတံခွန်၊ ကော့ကသောင်ဂူ၊ ဗုဒ္ဓဂယာဥယျာဉ်၊ ဣစာသယလိုဏ်ဂူ၊ ထွန့်ပတိုင်ကန်တော်အစရှိသည့်အထင်ကရနေရာများတွင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။

မြန်မာသက္ကရာဇ် (၄၁၉)နှစ် (အေဒီ-၁၀၅၇)အနော်ရထာမင်းလက်ထက် သထုံပြည်ကို တိုက်ခိုက်သိမ်းယူချိန် သထုံမနူဟာမင်းကြီး၏ သားတော်နှစ်ပါးဖြစ်သော သီဟကုမ္မာရနှင့် စိတ္တကုမ္မာရမင်းသားနှစ်ပါး ရှောင်တိမ်းထွက်ပြေးခိုလှုံရာမှ အစွဲပြုအမည်တွင်သော ရှေးကျသော ဘုရင့်ညီနောင်လိုဏ်ဂူတွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စေတီတော်၊ ရုပ်ပွားတော်များ၊ ရှေးဟောင်းဂဝံအုတ်ချပ်ကြီးများ၊ လက်ရေးစင်းအမှတ်အသားပါ အုတ်ချပ်ကြီးများ၊ ကျောက်ကပ်ဘုရားများကို လာရောက်ဖူးမြော်သူများ စည်ကားလျက်ရှိသကဲ့သို့ နွေ၊ မိုး၊ ဆောင်း အဆက်မပြတ်စီးဆင်းနေသော သဘာဝရေပူစမ်းပေါက်ကြီးနှင့် ရေအေးစမ်းပေါက်တို့မှ ရေပူရေအေးများရောနှောခြင်းမရှိ တစ်ခြမ်းစီထွက်ရှိစီးဆင်းနေမှုအား ကွန်ကရစ်ရေကန်များဖြင့် ကာရံ၍ ရေချိုး၊ ရေကူးသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီး၏ အတွင်းပိုင်းနှင့် အပြင်ပိုင်းရှိအုတ်ကျောက်၊ အင်္ဂတေ၊ သစ်သားတို့ဖြင့် ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အနေအထားအမျိုးတို့ဖြင့် ထုလုပ်စီမံထားသော ဆင်းတုတော်များ၊ ရုပ်လုံးရုပ်ကြွများ၊ ကျောက်ကပ် အုတ်ခွက်ဘုရားများ၊ မင်စာဟုထင်ရသည့် ရှေးဟောင်းစာများ၊ ရုပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူ ရုပ်ပွားတော်များကို လာရောက်ဖူးမြော်သူများ အထူးစည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

အလားတူ လိုဏ်ဂူအတွင်း ကျောက်အမိုးပေါက်တစ်ခုရှိပြီး ရသေ့တစ်ပါး တောင်ကိုဖောက်၍ ကောင်းကင်သို့ ဈာန်ဖြင့် ပျံတက်သွားသောကြောင့် ရသေ့ပျံတောင်ဟုခေါ်တွင်သည့် ရသေ့ပျံဂူတွင် ဗုဒ္ဓဉာဏရသေ့မြတ် သီတင်းသုံးနေထိုင်ခဲ့သည်ဟုအဆိုရှိပြီး ဂူအတွင်း ရသေ့တရားအားထုတ်ခဲ့သောကျောက်ဖျာ၊ တောင်ကိုထွင်းဖောက်သွားသောကျောက်အမိုးပေါက်၊ ရသေ့ဆေးထောင်းခဲ့သောကျောက်ဆုံ၊ ရသေ့မှောက်သွားသော ဆေးသွေးကျောက်ပြင်ကြီးတို့ကို လာရောက်ကြည့်ရှု လေ့လာကြသည့် ဘုရားဖူးခရီးဧည့်သည်များဖြင့် အထူးစည်ကားသကဲ့သို့ လုမ္ဗိနီဥယျာဉ်မှ ဗုဒ္ဓရုပ်ပွားတော်များအား လာရောက်ဖူးမြော်သူများ၊ အမြင့်ပေ ၂၃၇၂ ပေရှိဇွဲကပင်ဆံတော်ရှင်စေတီသို့ ရှုမျှော်ခင်းကြည့် တက်ရောက် ဘုရားဖူးသူများလည်းအထူးစည်ကားလေသည်။

ထို့အပြင် ဘားအံမြို့၏ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအထင်ကရနေရာများတွင် ဘုရားဖူးလာရောက်လည်ပတ်သူများအား စတုဒိသာအာဟာရ ကျွေးမွေးကုသိုလ်ပြုကြသူများ၊ ခရီးတစ်ထောက် ဝင်ရောက်နားခိုသုံးဆောင်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကိုလည်းမြင်တွေ့ရသည်။




ရန်ကုန်မြို့မှ ဘုရားဖူးလာရောက်လည်ပတ်သည့် MPT Jo Joint Operations တွင် လုပ်ကိုင်သူ မနွယ်နီဝင်းက "အမျိုးတွေစုပြီး ဒီဘက်ကို ဘုရားဖူးထွက်လာတာပါ၊ ဘားအံကို ပထမဆုံးအခေါက်ရောက်ဖူးတာပါ၊ ဘားအံထဲကို နှံ့အောင် လျှောက်သွားမယ်လို့ ရည်ရွယ်ပါတယ်၊ လုပ်ငန်းခွင်(ရုံးချိန်)မှာ တာဝန်တွေပိနေတဲ့အတွက်ကြောင့် ခုလိုမျိုးရုံးပိတ်ရက် (အားလပ်ရက်) လေးမှာ အပန်းဖြေခရီး ထွက်လိုက်ရတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်ရဲ့စိတ်မှာလည်း ဖိအားတွေကိုပြေပျောက်ပြီးသားဖြစ်သွားတယ်၊ ကိုယ့်ရဲ့မိသားစု ဆွေမျိုးညီအစ်ကို မောင်နှမတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ခရီးသွားလိုက်ရတဲ့အတွက်ကြောင့် ပိုပြီး ပျော်စရာကောင်းပြီးတော့ အားလပ်ရက်ကုန်လို့ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်တဲ့အခါမှာလည်း စိတ်သစ်၊ လူသစ်၊ ခွန်အားအသစ်တွေနဲ့ လန်းလန်းဆန်းဆန်းနဲ့ ပိုပြီးတော့တာဝန်တွေကိုထမ်းဆောင်နိုင်မယ်လို့ ထင်ပါတယ်" ဟု ပြောကြားသည်။




ဧရာဝတီတိုင်းဒေသကြီးဟင်္သာတမြို့မှ နော်အိခိုင်ဇင်က "ညီမကMytel မှာ အလုပ်လုပ်ပါတယ်၊ ဘားအံကိုရောက်တာ နှစ်ရက်ရှိပါပြီ၊ ဆဒ္ဒန်ဂူနဲ့ ချစ်သူမြိုင်အပန်းဖြေဥယျာဉ်ကိုရောက်ခဲ့ပြီးပြီ၊ အခုဇွဲကပင်တောင်ပေါ်ကနေပြန်ဆင်းလာတာပါ၊ ဇွဲကပင်တောင်ကို မနက်စောစော ၅ နာရီလောက်ကလာတက်တာ၊ ဒူးတွေတော့အရမ်းတုန်တယ်၊ မောလည်းမောတယ်၊ ပျော်လည်းပျော်တယ်၊ ညီမတို့အလုပ်ပိတ်တဲ့ ကျောင်းပိတ်တဲ့သူငယ်ချင်းတွေစုပြီးတော့လာတာပါ၊ ဘားအံမြို့ရဲ့ အထင်ကရနေရာတွေကိုစုံလင်အောင် သွားရောက်လည်ပတ်ဦးမယ်၊ ရိုးသားဖော်ရွေတဲ့ ကရင်တိုင်းရင်းသားလူမျိုးတွေကိုအများကြီးမြင်တွေ့ခဲ့ရတယ်၊ ဒီကရှုခင်းတွေက စိမ်းစိုလှပပြီး သဘာဝအတိုင်းပဲတည်ရှိနေသေးလို့ မရောက်ဖူးသေးတဲ့ အနယ်နယ်အရပ်ရပ်ကဆွေမျိုးညီကိုမောင်နှမတွေကိုလာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု ပြောကြားသည်။




ကျောင်းဈေးရောင်းသူဒေါ်သီသီအေးက "မန္တလေးတိုင်းဒေသကြီးက လာဖူးတာပါ၊ မိသားစုလိုက် အားလုံး ၂၁ ယောက် ဘုရားဖူးခရီးထွက်လာတာ၊ ဘုရားစုံဖူးပြီး ခုဇွဲကပင်တောင်ကိုတက်ပြီးလို့ ပြန်ဆင်းလာတာပါ၊ စတက်ပြီဆိုကတည်းကမောတာပါပဲ၊ တက်ရတာလည်း ချွေးကိုရွှဲလို့၊ မနက် ၅ နာရီခွဲလောက်က တက်သွားတာ တောင်ထိပ်ကို ၇ နာရီခွဲလောက် ရောက်သွားတယ်၊ တောင်ပေါ်ရောက်လို့ဇွဲကပင်ဆံတော်ရှင်ဘုရားကို ဖူးလိုက်ရတဲ့အခါကျတော့ မောတာပန်းတာတွေအားလုံးပျောက်သွားတယ်၊ အလွန်ကိုကြည်နူးပီတိဖြစ်ရပါတယ်၊ စိမ်းလန်းစိုပြည်တဲ့ တောတောင်ရေမြေအနေအထားတွေ၊ ကျွန်မတို့ဘက်မှာမရှိတဲ့ အဝတ်အထည်၊ အစားအသောက်တွေကိုမြင်တွေ့ စားသောက်ရတဲ့အတွက် ထူးဆန်းတဲ့တန်ဖိုးရှိတဲ့ ခရီးစဉ်လေးတစ်ခုဖြစ်ခဲ့ပါတယ်" ဟု ပြောကြားသည်။




ပဲခူးကျောက်တန်းမှ လက်ရက်ကန်းလုပ်ကိုင်သူ အန်တီလေးက "တူမလေးတွေအလုပ်ပိတ်ရက်မိသားစုလိုက် ဘုရားဖူးခရီးထွက်လာတာပါ၊ အားလုံးပေါင်း ၁၀ ယောက်၊ ဇွဲကပင်တောင်၊ ဆဒ္ဒန်ဂူ၊ ကြောင့်ကမ်လာဘ် ရောက်ခဲ့ပြီးပါပြီ၊ ခုကော့ဂွန်းဂူမှာ၊ ဆက်သွားဖို့လည်းအစီအစဉ်ရှိပါသေးတယ်၊ အစ်မတို့ဒေသနဲ့ ဒီဘက်ကဒေသမတူတာတွေကတော့အများကြီးပဲ ပျော်ဖို့ကောင်းတယ်" ဟု ပြောကြားသည်။

ကရင်ပြည်နယ် ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသများသည် ဆက်သွယ်သွားလာရလွယ်ကူသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ သွားလာရာလမ်းခရီးတစ်လျှောက်တွင် ဒေသခံတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို မြင်တွေ့နိုင်ခြင်း၊ ရိုးသားဖော်ရွေမှုရှိခြင်း၊ ပျူငှာယဉ်ကျေးခြင်း၊ ဒေသ၏ အဝတ်အထည်၊ အစားအသောက်များကို လွယ်လင့်တကူ ဝယ်ယူစားသောက်နိုင်ခြင်း၊ တည်းခိုနေထိုင်ရန် နေရာအလုံအလောက်ရှိခြင်း၊ သမိုင်းဝင်အမွေအနှစ်များအား အလွယ်တကူ လေ့လာနိုင်ခြင်း၊ အေးချမ်းသာယာခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ထွက်သွားလာလျက်ရှိကာ ယခုကဲ့သို့ သီတင်းကျွတ်အားလပ်ရက်(ရုံးပိတ်ရက်)များနှင့် အခါကြီးရက်ကြီးများ၊ စနေ၊ တနင်္ဂနွေပိတ်ရက်များတွင် လာရောက်လည်ပတ်သူများပြားစည်ကားလျက်ရှိကြောင်းမြင်တွေ့ရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မြောင်းမြမြို့ စကြာသီဟ စကြာနန္ဒစေတီတော်မြတ်ကြီး၌ ဘုရားဖူးများဖြင့်စည်ကား

**မြောင်းမြ အောက်တိုဘာ ၁၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြို့ဦးမြို့ထိပ်တွင် တည်ထားကိုးကွယ်သော သမိုင်းဝင် စကြာသီဟ စကြာနန္ဒစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့ည၌ ဘုရားဖူးများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

စကြာသီဟ စကြာနန္ဒစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အား နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်ထိ ကျင်းပမည်ဖြစ်ရာ ဘုရားပွဲတော် ရက်မတိုင်မီကပင် စေတီတော်မြတ်ကြီးအတွင်း၌ ဘုရားဖူးပြည်သူများ၊ မုန့်ဈေးတန်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

## ဂန့်ဂေါမြို့ ဒက္ခိဏာရာမကျောင်းတိုက်၌ ဆီမီး ၁၀၀၀ ပူဇော်

**ဂန့်ဂေါ အောက်တိုဘာ ၁၅**
ဂန့်ဂေါမြို့ ဒက္ခိဏာရာမကျောင်းတိုက်တွင် အောက်တိုဘာ ၁၃ ရက်ညက ဆီမီး ၁၀၀၀၊ ပန်း ၁၀၀၀ ဆက်ကပ်ပူဇော်ပွဲ ပြုလုပ်သည်။

ဂန့်ဂေါခရိုင် ဓမ္မစကူးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တတေဇဝန္တက ကြီးမှူးပြုလုပ်ခြင်းဖြစ်ပြီး ဂန့်ဂေါမြို့၏ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် မာဃသဟာယအဖွဲ့ဝင်များ၊ မွေခံထိုက်စေ ဓမ္မစကူး ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲ ကုသိုလ်ပြုကြကြောင်း သိရသည်။

**စိန်ကျော်**

## အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ စုပေါင်းလမ်းလျှောက်ပွဲ မကွေးမြို့တွင်ကျင်းပ

**မကွေး အောက်တိုဘာ ၁၅**

အပြည်ပြည်ဆိုင်ရာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီက မကွေးမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

လမ်းလျှောက်ပွဲကို မကွေးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှေ့မှစတင်ကာ အ-ထ-က (၁) လမ်းမကြီးအတိုင်း လမ်းလျှောက်ခဲ့ပြီး ဗိုလ်ချုပ်ပန်းခြံ မြင်းစီးကြေးရုပ်ရှေ့သို့ ပန်းဝင်လျှောက်လှမ်းခဲ့ရာမကွေးတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဒေါက်တာခင်မောင်အေး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်နန္ဒာနွယ်ဟန်နှင့်ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၊ ဖန်ခါးမြေအဖွဲ့၊ TLMM အဖွဲ့၊ DPDO မသန်စွမ်းအဖွဲ့များ၊ အမြင်အာရုံချို့တဲ့သူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် ဝန်းရံသူများစုစုပေါင်း ၁၅ဝ ခန့် စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့(White Cane Day) အထိမ်းအမှတ် လမ်းလျှောက်ပွဲ ကို မကွေးပရဟိတအသင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းရှေ့ဆောင် မကွေးရုံးခွဲတို့ ပူးပေါင်းကာ စတုတ္ထအကြိမ်မြောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မကွေး၊ မင်းဘူး၊ မင်းလှ၊ သရက်၊ ပွင့်ဖြူ၊ စလင်း၊ ရေနံချောင်း၊ နတ်မောက်၊ မြို့သစ်နှင့် မိချောင်းရဲမြို့နယ်များမှ မျက်မမြင်များ၊ မသန်စွမ်းသူများနှင့် ဝန်းရံသူများ တက်ရောက်ခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**






## မြစ်ကြီးနားမြို့၌ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်ပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

"အမြင်အာရုံကောင်းစေဖို့ ဦးစားပေးကာဆောင်ရွက်စို့" ဆောင်ပုဒ်ဖြင့် ၂၀၁၉ ခုနှစ် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီခွဲက မြစ်ကြီးနားမြို့၌ ကျင်းပသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းနှင့်ပညာရေးကောလိပ်တို့မှ သင်တန်းသား ကျောင်းသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကင်းထောက်လူငယ်မောင်မယ်များက အေးမြသာယာမျက်မမြင်ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ လင်းလက်ကြယ် မျက်မမြင်အဖွဲ့တို့နှင့် အတူ သခင်နက်ဖေလမ်းနှင့် ဈေးကြီးလမ်းထောင့် မြို့မမီးပွိုင့်စုရပ်မှမြို့တော်ခန်းမထိ စုပေါင်းလမ်းလျှောက်ကြရာ လမ်းဘေးဝဲ၊ယာမှ ရပ်ကွက်နေပြည်သူများက ကြိုဆိုအားပေးခဲ့ကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီးပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ် ၁ဝ သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က ငွေကျပ် တစ်သိန်းစီ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ငွေကျပ် ၅၃၆၆၅ဝဝ၊ အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ်တစ်သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မျက်မမြင်ကျောင်းအုပ်ကြီး ဦးလမုန်ဂမ်ဖန်ထံ အသီးသီးပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် လင်းလက်ကြယ် မျက်မမြင်အဖွဲ့တို့က ခေတ်ပေါ်တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြသထားသည့်ပြခန်းနှင့် မျက်မမြင်များ၏လက်မှုပညာပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

## မြောင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးကျရောက်မှုမရှိစေရေး ဆောင်ရွက်

**မြောင် အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် လက်ယက်မကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့သည့် လက်ယက်မဆည်(မြေသားတမံ)သည် အောက်တိုဘာ ၁၅ ရက် နံနက် ၁ နာရီခွဲခန့်က မိုးရွာပြီး ရေများကာ နံနက် ၃ နာရီ ၁ဝ မိနစ်က အရှေ့ဘက်ခြမ်း ရေပိုလွှဲတံခါးအနီးတွင် ဆည်ပေါင်အကျယ် ခြောက်ပေပတ်လည်ခန့် ကျိုးပေါက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စီးထွက်လာသော ရေစီးကြောင်းမှာ ချောင်းမြောင်းအတိုင်း စီးဆင်းသွားပြီး အနီးပတ်ဝန်းကျင်ရှိ လက်ယက်မကျေးရွာ၊ ဖွားစောကျေးရွာနှင့် ဆွဲလဲအိုကျေးရွာမှ အများပြည်သူများ ရေဘေးကျရောက်မှုမရှိစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း) မှ အသိပေးကြေညာကာ ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ဆည်တာတမံသည် စီမံကိန်းလုပ်ငန်းအောင်မြင်မှုမရှိ၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖျက်သိမ်းခွင့် တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

**တင်ကိုကို(မြောင်)**



## မန္တလေးမြို့တွင် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးမြို့မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားသီတင်းကျွတ်ပွဲတော် အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအဖွဲ့ချုပ်ကဦးစီး၍ တတိယအကြိမ်မြောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌဖလား အဆင့်မြင့် အလွတ်တန်းနှင့် လူသစ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်တို့ကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ကုသိုလ်တော်ဘုရားဝင်းအနောက်မြောက်ထောင့်ရှိ ဘော်လီဘောကွင်း၌ ကျင်းပသည်။

လူသစ်တန်းပြိုင်ပွဲတွင် မတ္တရာအသင်းက ကျောက်ဆည်အသင်းကို အနိုင်ရရှိပြီး အလွတ်တန်းပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက နေလအသင်းကို အနိုင်ရဗိုလ်စွဲသွားသည်။

အလွတ်တန်းပြိုင်ပွဲတွင် ဒုတိယဆုရ နေလအသင်းအား ဆုငွေကျပ်၁ဝသိန်း၊ လူသစ်တန်း ဒုတိယဆုရ ကျောက်ဆည်အသင်းအား ဆုငွေကျပ် ၁ဝသိန်း၊ လူသစ်တန်း ပထမဆုရ မတ္တရာအသင်းအား ဆုငွေကျပ် ၁၅ သိန်းနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ ဒုရဲမှူးဝင်းနိုင်နှင့် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေတို့က ဆုများချီးမြှင့်ကြသည်။

အလွတ်တန်း ပထမဗိုလ်စွဲသည့်ပြည်ထဲရေးအသင်းအား ဆုငွေကျပ် ၁၅ သိန်းနှင့် ပထမတံခွန်စိုက်ဆုဖလားကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဘော်လီဘောအဖွဲ့ချုပ် နာယက ဦးကျော်ဝင်း(သစ္စာစေတနာ)က ပေးအပ်ချီးမြှင့်သည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်ပင်စမ်းကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ဒေါက်တာကျော်ဝင်းနှင့် ဇနီး ဒေါ်မိမိတို့ လှူဒါန်းသည့် ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကိုအောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး အလှူရှင် ဒေါ်မိမိက ကျောင်းဆောင်သစ်ဆောက်လုပ် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလှူရှင်ဒေါက်တာကျော်ဝင်းနှင့်ဇနီးတို့က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုမြို့နယ်ပညာရေးမှူး ဒေါ်တင်တင်အေးထံ ပေးအပ်သည်။




အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၆ဝ၊ အနံပေ ၃ဝ နှင့် အမြင့် ၁၂ပေရှိ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျောင်းဆောင်သစ်နှင့်အတူ နှစ်ခန်းတွဲ သန့်စင်ခန်း တစ်ခန်း၊ စာသင်ခုံ ၄ဝ ၊ စားပွဲနှင့် ကုလားထိုင် လေးစုံနှင့် အုတ်ရေကန်တစ်ကန်တို့ ပါဝင်ပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၄၂ဝ ဖြစ်ကြောင်း သိရသည်။

**ကိုနေ (ကျောက်ပန်းတောင်း)**

## ဒီးမော့ဆိုမြို့နယ် ထီးပွင့်ကန်တော်တွင် လည်ပတ်သူများဖြင့် စည်ကား

**ဒီးမော့ဆို အောက်တိုဘာ ၁၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ အထင်ကရနေရာတစ်ခုဖြစ်သော သမိုင်းဝင် ထီးပွင့်ကန်တော်တွင် သီတင်းကျွတ်ရုံးပိတ်ရက် အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်ထိ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသော ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

"တစ်နှစ်ကိုတစ်ခါတော့ ခရီးသွားဖြစ်တယ်၊ ဒီနှစ်တော့ မိသားစုအပါအဝင် မိတ်ဆွေအပေါင်းအသင်းတွေစုပြီး ရန်ကုန်ကနေ အိမ်စီးကားရှစ်စီးနဲ့ ကယားကို ထွက်လာတာပါ"ဟု ထီးပွင့်ကန်တွင် ရောက်ရှိနေသော ခရီးသွားတစ်ဦးက ပြောသည်။

"ထီးပွင့်ကန်ကိုတော့ နှစ်တိုင်းလိုလိုရောက်ဖြစ်တယ်၊ ဖရူဆိုမြို့နယ်တွင် တာဝန်ကျတဲ့ သမီးဆီလာလည်ရင်းနဲ့ ကလေးတွေလည်းရောက်ဖူးအောင်ဆိုပြီး လိုက်ပို့တာ" ဟု ဟိုပုံးမြို့နယ်မှ လာရောက်သူတစ်ဦးက ပြောသည်။

ထီးပွင့်ကန်သည် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ၁၂ မိုင်အကွာတွင်တည်ရှိပြီး ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စု ဒေါကလိုခူကျေးရွာအနီး ထီးပွင့်ကန်တောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်းသာသနာ့မြေ ပရဝဏ်အတွင်းတည်ရှိသည်။ ထီးပွင့်ကန်တော်၏ အလျားမှာ ၂၂၇ ပေ၊ အနံ ၁၁၅ ပေရှိပြီး ရေပွက်လေးများမှာ ရွှံ့နုန်းမြေများဖြင့် ထီးပွင့်ပုံသဏ္ဌာန်ရေပြင်ပေါ်သို့ ပြူတက်ကာ ထူးဆန်းစွာတည်ရှိလျက်ရှိသည်။

ထို့ပြင် ဒီးမော့ဆိုမြို့နယ်ရှိ အထင်ကရနေရာများဖြစ်သော ငွေတောင်ဆည်၊ ကန်ခုနစ်ဆင့်နှင့် ပန်ပက်ကျေးရွာတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**





## ပြင်ဦးလွင်သို့ ခရီးသွားပြည်သူများ လာရောက်လည်ပတ်

**ပြင်ဦးလွင် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိမဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ပန်းအလှပွဲတော်၊ ပိတ်ချင်းမြှောင်လိုဏ်ဂူတော်၊ ပွဲကောက်ရေတံခွန်၊ တရုတ်ဘုံကျောင်း၊ နီးဘုရား၊ ခတ်တော်ချိုင့်ရေတံခွန်များသို့ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများသည် သီတင်းကျွတ်ပိတ်ရက်အားလပ်ရက်အတွင်း လာရောက်လည်ပတ်လျက်ရှိကြသည်။

ခရီးသွားပြည်သူများသည် ပြင်ဦးလွင်မြို့ရှိ တန်ခိုးကြီးဘုရားဖြစ်သည့် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးအား ဦးစွာဖူးမြော်ကာ မိမိတို့၏ ကောင်းမွန်သောအလှူဒါနနှင့်အတူ လိုရာဆုများတောင်းပြီး သမိုင်းဝင်ပိတ်ချင်းမြှောင်လိုဏ်ဂူတော်အတွင်းရှိ ဘုရားအား ပူဇော်ကန်တော့၍ ရှားပါးဆေးဝါးများကို ဝယ်ယူကြကာ သဘာဝရေစီးဆင်းလျက်ရှိသော ပွဲကောက်ရေတံခွန်သို့ ရေကစားအပန်းဖြေခြင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၏ ပန်းအလှဆင်နည်းပညာများ၊ ပန်းစိုက်ပျိုးနည်းပညာများ၊ ပန်းမျိုးများအကြောင်းကို လေ့လာရင်း မိသားစုနှင့်အတူ လက်ဆုံထမင်းစားပြီး တစ်နှစ်တာရဲ့ ပင်ပန်းနွမ်းနယ်မှုများကို အပန်းဖြေအနားယူလျက်ရှိကြသည်။

ယခုလို သီတင်းကျွတ်ပိတ်ရက်ကာလများတွင် မိသားစုနှင့်အတူ မြန်မာနိုင်ငံ၏ ခရီးသွားမြို့တော်ဖြစ်သည့် ပြင်ဦးလွင်မြို့ (ပန်းမြို့တော် ) ရှိ တန်ခိုးကြီးဘုရားနှင့် အပန်းဖြေဥယျာဉ်အတွင်းသို့ လာရောက် လည်ပတ်ရသည့်အတွက် လည်ပတ်သူတို့စိတ်ကို လန်းဆန်းစေခြင်း၊ အားမာန်အပြည့်ရှိခြင်း၊ ဒေသထွက်ပစ္စည်းများကို ဝယ်ယူရရှိခြင်း၊ ရှားပါးဆေးဝါးများကို အလွယ်တကူရရှိသဖြင့် အလွန်ပင် ဝမ်းသာပီတိဖြစ်ရပါကြောင်း ခရီးသွားပြည်သူတစ်ဦးဖြစ်သည့် ဦးအောင်စိုးက ပြောကြားသည်။

**ဇော်မျိုးထိုက် (ပြင်ဦးလွင်)**

## သီတင်းကျွတ်ပွဲတော်ကာလ၌ ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ရေယာဉ်ဖြင့် ခရီးသွားသူများပြား

**ရန်ကုန် အောက်တိုဘာ ၁၅**

၂၀၁၉ခုနှစ် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများသို့ မိသားစုအလိုက် သွားရောက်ဖူးမြော်ကြည်ညိုကြမည့် မိဘပြည်သူများနှင့် အနယ်အနယ်အရပ်ရပ်သို့ အပန်းဖြေခရီးထွက်လာကြသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်မြစ်အတွင်း ကူးတို့ပြေးဆွဲနေသော ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ရှိ ချယ်ရီသင်္ဘောများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ သီတင်းကျွတ်ပွဲတော်ကာလတွင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု ယခင်နေ့များထက် များပြားလျက်ရှိကြောင်း မြင်တွေ့ရသည်။

သီတင်းကျွတ် ပွဲတော်ကာလအတွင်း ရဟန်း၊ သံဃာများ၊ အနယ်နယ် အရပ်ရပ်မှ နေရပ်ပြန် ပြည်သူများနှင့် ဘုရားဖူးသွားကြမည့် ခရီးသွားပြည်သူများ များပြားခြင်းကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ရှိရေယာဉ်များအနေဖြင့် အခေါက်ရေလျှော့ပြေးဆွဲခြင်း မရှိဘဲ ပုံမှန်အတိုင်းပြေးဆွဲပေးပြီး ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"သီတင်းကျွတ်ပွဲတော်ကာလအတွင်းမှာ ခရီးသည်စီးနင်းမှု ယခင်နေ့တွေထက် ပိုများတယ်၊ ခရီးသည်များသင်္ဘောအတက်၊ အဆင်းသွားလာရေး အဆင်ပြေစေရေး၊ ဘေးကင်းလုံခြုံစေရေးနဲ့ ရေယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်းရှိမန်နေဂျာနှင့် တာဝန်ရှိဝန်ထမ်းများ၊ ရေယာဉ်သင်္ဘော ဝန်ထမ်းတွေ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီးအနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး လက်ထောက်အထွေထွေမန်နေဂျာ(မြစ်ဝ) ဦးသိန်းမြင့်က ပြောကြားသည်။

ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃)အမည်ရှိ ကူးတို့ရေယာဉ်သင်္ဘောသုံးစင်းဖြင့် တစ်နေ့လျှင် အသွား/အပြန် ၄၆ ခေါက်နှုန်းဖြင့် ခရီးသွားပြည်သူများစွာတို့အား ကူးတို့ပြေးဆွဲပို့ဆောင်ပေးလျက်ရှိပြီး ရေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူ နေ့စဉ် ၃၀၀၀၀ ကျော်ရှိကာ နေ့ထူး၊ နေ့မြတ်များ၊ ပွဲတော်ရက်များနှင့် အားလပ်ရက်ရှည် ရုံးပိတ်ရက်များတွင် ခရီးသည် လိုက်ပါစီးနင်းမှုပိုမိုများပြားလျက်ရှိရာ နေ့စဉ်ဝင်ငွေကျပ်သိန်း ၃၀ ကျော်ကောက်ခံရရှိသည့် ဆိပ်ကမ်းတစ်ခုဖြစ်သည်။ နိုင်ငံခြားခရီးသွား ဧည့်သည်များ



လိုက်ပါစီးနင်းမှု များပြားလျက်ရှိသည်။ စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ဝင်ပေါက်၊ ထွက်ပေါက်တစ်ခုအဖြစ် နေ့စဉ်နှင့်အမျှ ကူးသန်းသွားလာကြပြီး လူအစည်ကားဆုံးနှင့် ဝင်ငွေအကောင်းဆုံး ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**



## ခတ်ပေါင်းမဋ္ဌူဗုဒ္ဓပူဇနိယပွဲတော် အစဉ်လာမပျက် ကျင်းပ

**ငှါသရောက် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငှါသရောက်မြို့ ကုလားတဲကျေးရွာ မြောက်ကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်ထားသည့် ခတ်ပေါင်းမဋ္ဌူဗုဒ္ဓပူဇနိယပွဲတော် အစဉ်လာမပျက် ကျင်းပနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်က ပြောသည်။

အဆိုပါ ခတ်ပေါင်းမဋ္ဌူဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့တွင် ကျင်းပခဲ့ကာ သီတင်းကျွတ်လပြည့်မှစတင်ပြီး ကျေးရွာရှိ ကာလသား၊ ကာလသမီးငယ်များက သက်ရှိမိဘ ဘိုးဘွား ဆွေမျိုးသားချင်းများအား ရွာအပိုင်းလိုက်လိုက်လံကန်တော့ကြကြောင်းနှင့် ခတ်ပေါင်းမဋ္ဌူမြတ်စွာဘုရားကြီးအား လှူဖွယ်ဝတ္ထုများဖြင့် လှည့်လည်ပူဇော်ကြကြောင်း၊ ခတ်ပေါင်းမဋ္ဌူမြတ်စွာဘုရားကြီးအား လှည့်လည်ပူဇော်ပြီးချိန် ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ သီတင်းကျွတ်လပြည့်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်အထိ လှည့်လည် ပူဇော်ကြကြောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်တွင် ခတ်ပေါင်းမဋ္ဌူဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် (ရိုးရာမပျက်) ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုထိန်(ငှါသရောက်)**

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် လုပ်ငန်းတာဝန် (၇) ရပ်၊ လုပ်ပိုင်ခွင့် (၅) ရပ်၊ ရပိုင်ခွင့်နှင့် အခွင့်အရေး (၃) ရပ်တို့ဖြင့် သတ်မှတ်တာဝန်ပေးထားသည့်ကော်မတီတစ်ခုဖြစ်ပြီး အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# ကော်မတီအနေနဲ့ စက်မှုပိုင်းဆိုင်ရာဥပဒေတွေအပြင် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍအတွက်လည်း ဆောင်ရွက်ရပါတယ်

ရှင်မင်း၊ ဓာတ်ပုံ – ကေကေ

## ကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်


ဦးဝင်းသိန်းဇော်
ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်


ဦးအောင်ကျော်ကျော်ဦး
ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ (၁၁) ရက်မြောက်နေ့ဖြစ်သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၆ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ကော်မတီ၏ သက်တမ်းကို တစ်နှစ်သတ်မှတ်ထားသည့်အတွက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် တစ်ကြိမ် သက်တမ်းသုံးကြိမ် တိုးမြှင့်ခဲ့ပြီးဖြစ်သည်။

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို လုပ်ငန်းတာဝန်(၇)ရပ်၊ လုပ်ပိုင်ခွင့် (၅) ရပ်၊ ရပိုင်ခွင့်နှင့် အခွင့်အရေး (၃)ရပ်တို့ဖြင့် သတ်မှတ်တာဝန်ပေးထားသည်။

ကော်မတီကို လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ကော်မတီဝင်များ အစားထိုး၊ ပြင်ဆင်၊ ဖြည့်စွက်လဲလှယ်မှုများပြုလုပ်၍ ယခုအခါ ကော်မတီကို ကော်မတီဝင် ၁၈ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် လေ့လာသူ နှစ်ဦးဖြင့် ပါဝင်ဖွဲ့စည်းထားသည်။

"ကျွန်တော်တို့ကော်မတီအနေနဲ့ စိစစ်ရတဲ့ ကော်မတီ ငါးခုရှိပါတယ်။ ကော်မတီအနေနဲ့ စက်မှုဇုန်ဥပဒေကိုပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်နေပါတယ်။ ဒီလိုပြဋ္ဌာန်းနိုင်ဖို့ စက်မှုဝန်ကြီးဌာန၊ ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နဲ့ ညှိနှိုင်းအစည်းအဝေးတွေ လုပ်ခဲ့ရပါတယ်။ စက်မှုဇုန်လုပ်ငန်းရှင်တွေနဲ့လည်း တွေ့ဆုံဆွေးနွေးရပါတယ်။ အခုပြည်သူ့လွှတ်တော်က ဆွေးနွေးပြီး အမျိုးသားလွှတ်တော်ကို ပေးပို့သွားမှာဖြစ်ပါတယ်"ဟု အဆိုပါကော်မတီဥက္ကဋ္ဌ စလင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြောသည်။

"နောက်တစ်ခုက စက်မှုလုပ်ငန်းဥပဒေ ရေးဆွဲနိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်။ တကယ်တော့ ဥပဒေတွေဆိုတာ လွယ်လွယ်ရေးဆွဲလို့မရပါဘူး။ သက်ဆိုင်ရာအားလုံးနဲ့ညှိနှိုင်းပြီး ရေးဆွဲရတာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကိုလည်း တင်ပြရပါတယ်။

"ကော်မတီအနေနဲ့ စက်မှုပိုင်းဆိုင်ရာဥပဒေတွေအပြင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက်လည်း ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ကော်မတီကိုလည်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ လာရောက်တွေ့ဆုံဆွေးနွေးတာ ရှိပါတယ်။ အစိုးရနဲ့ လုပ်ငန်းလုပ်ဖြစ်တာတွေလည်း ရှိတယ်၊ လုပ်ငန်းမလုပ်ဖြစ်တာလည်းရှိတယ်။ ကျွန်တော်တို့ဆီကိုလာပြီး ရင်းနှီးမြှုပ်နှံချင်တယ်လို့ပြောတဲ့သူတိုင်းက စိန်ခေါ်မှုတွေရှိတော့ အဆင်ပြေတာလည်းရှိတယ်၊ အဆင်မပြေတာလည်းရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေက စီးပွားရေးလုပ်ငန်းတွေဖြစ်တော့ ချက်ချင်းကြီးတော့ လုပ်မရဘူး။ အားလုံးကတော့ တိုးတက်မှုမြန်စေချင်ကြတယ်။ တဖြည်းဖြည်းတိုးတက်အောင် ဆောင်ရွက်သွားရတာဖြစ်ပါတယ်။

"အရင်တုန်းက လုပ်ထားခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ပွင့်လင်းမြင်သာမှုမရှိတာတွေ ရှိတယ်။ ဒါတွေကို အခုချိန်မှာ လိုက်ပြီးပြင်ဆင်ရတာ အခက်အခဲရှိပါတယ်။ စာချုပ်စာတမ်းကအစ ဘယ်လိုတွေချုပ်ဆိုခဲ့တယ်ဆိုတာ ကျွန်တော်တို့ မသိတာတွေလည်းရှိပါတယ်။ အရင်က အရင်တစ်ပိုင်းပါ။ အခုကတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ မှန်မှန်ကန်ကန်ဖြစ်အောင်၊ စာချုပ်တွေအားနည်းမှုမရှိအောင်၊ ပြည်သူနစ်နာမှုမရှိအောင်၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အရင်ကိစ္စတွေကနေ သင်ခန်းစာရရှိခဲ့တာတွေရှိပါတယ်။ ဒါကြောင့် နောက်ပိုင်းလုပ်ငန်းတွေမှာ အဓိက ပြည်သူနစ်နာမှုမရှိအောင်၊ နိုင်ငံအတွက် နစ်နာမှုမရှိအောင်၊ ဟာကွက်မဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်" ဟုလည်း ကော်မတီဥက္ကဋ္ဌက ပြောပြသည်။


ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်။

ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ ကော်မတီသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၂၂/၁၉၉၀)၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈/၂၀၁၃)၊ ဘွိုင်လာဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၉/၂၀၁၅)၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂/၂၀၁၉)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃/၂၀၁၉)၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇/၂၀၁၉) တို့နှင့် စပ်လျဉ်းသည့် ဥပဒေပြုရေးဆိုင်ရာများကို ဆောင်ရွက်လျက်ရှိသည်။

ကော်မတီကစိစစ်ရသည့် ဥပဒေများအနက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ ဘွိုင်လာဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့သည် ပြဋ္ဌာန်းပြီးဖြစ်သော်လည်း စက်မှုဇုန်ဥပဒေကြမ်းကို ကော်မတီအနေဖြင့် ဆောင်ရွက်ပြီး ဖြစ်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေကို စက်မှုလုပ်ငန်းဥပဒေအဖြစ် ကော်မတီက ဆောင်ရွက်သွားရန်လည်း ရှိသည်။

ထို့ပြင် ကော်မတီအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။


ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ Heineken Group မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်။

**အခုကတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ မှန်မှန်ကန်ကန်ဖြစ်အောင်၊ စာချုပ်တွေအားနည်းမှုမရှိအောင်၊ ပြည်သူနစ်နာမှုမရှိအောင်၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အရင်ကိစ္စတွေကနေ သင်ခန်းစာရရှိခဲ့တာတွေ ရှိပါတယ်။**

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

"ကျွန်တော်တို့ ကော်မတီနဲ့သက်ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေအတွက်လည်း ထဲထဲဝင်ဝင်ဆွေးနွေးပြီး ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီအနေနဲ့ စက်မှုဇုန်ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ကော်မတီဝင်တွေနဲ့ အစည်းအဝေး ၁၆ ကြိမ်၊ စက်မှုဝန်ကြီးဌာနနဲ့ ၁၅ ကြိမ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နဲ့ အစည်းအဝေး ရှစ်ကြိမ်၊ စက်မှုဇုန်လုပ်ငန်းရှင်တွေနဲ့ အစည်းအဝေး နှစ်ကြိမ် စုစုပေါင်းအစည်းအဝေး ၄၁ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး စက်မှုဇုန်ဥပဒေကြမ်းကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကို တင်သွင်းခဲ့ပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားကာ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့တယ်။ ကော်မတီအနေနဲ့ စက်မှုဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ကိုလည်း စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၂) အဖြစ် စိစစ်ဆောင်ရွက်ရပါတယ်။

"ကျွန်တော်တို့ ကော်မတီအနေနဲ့ စက်မှုကဏ္ဍနဲ့ပတ်သက်ပြီး အကျွမ်းတဝင်ရှိတယ်။ သေချာထိန်းကျောင်းနိုင်တယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကျတော့ အားနည်းချက်ရှိတယ်။ ကျွန်တော်တို့ကော်မတီ စိစစ်ရမယ့်အထဲမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေ မပါရှိသေးပါဘူး။ ဒီဥပဒေပါရှိဖို့ လိုအပ်နေပါတယ်။ ပြီးတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ထိန်းကျောင်းနိုင်အောင်၊ ရင်းနှီးမြှုပ်နှံမှု



ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနဲ့လည်း ချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် စက်မှုကဏ္ဍနဲ့ပတ်သက်တဲ့

ကျွန်တော်တို့ဆီမှာက ရင်းနှီးမြှုပ်နှံမှုပမာဏ နည်းနည်းနဲ့ အငယ်စားက တစ်သိန်းခွဲလောက်ရှိပါတယ်။ SME က ၃၀၀၀၀ လောက်ရှိတယ်။ ဒါတောင်မှ မှတ်ပုံမတင်တာ



ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။

အချက်အလက်၊ အခြေအနေကို ကျွန်တော်တို့ သေချာသိရှိထိန်းကျောင်းနိုင်တယ်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကတော့ ဝန်ကြီးဌာနက အခုမှဖွဲ့စည်းထားတာ မကြာသေးတော့ ဆက်သွယ်ချိတ်ဆက်မှုမရသေးဘူး။

"အခုဆို ရန်ကုန်မှာဆိုရင် ညောင်နှစ်ပင်စက်မှုဇုန်၊ ထန်းတပင်စက်မှုဇုန်၊ လှည်းကူးစက်မှုဇုန်ရှိတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး အချက်အလက်သေချာမသိရသေးပါဘူး။

တွေ အများကြီးကျန်ပါသေးတယ်။ SME ကို နှစ်ဆင့်ချေးငွေတွေပေးတယ်၊ နည်းပညာပံ့ပိုးပေးတယ်။ အသေးစားလုပ်ငန်းတွေကတော့ ဥပဒေမှာအကျုံးမဝင်တော့ ကျန်နေတယ်။ ဒါကြောင့် SME ဥပဒေထဲမှာ အသေးစားလုပ်ငန်းပါဝင်အောင် ထပ်ထည့်ပြီးပြင်ဆင်သွားဖို့ ရှိပါတယ်" ဟု ကော်မတီအတွင်းရေးမှူးက ပြောသည်။

ထို့ပြင် ကော်မတီအနေဖြင့် ပြည်သူများထံမှ ပေးပို့လာသည့် တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ကော်မတီသို့ ပေးပို့လာသည့် တိုင်ကြားစာ ၂၉ စောင်ရှိပြီး အဆိုပါတိုင်စာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ မှတ်ချက်ပြုပေးပို့ထားကြောင်း သိရသည်။

**လာမယ့် (၁၄)ကြိမ်မြောက် လွှတ်တော်အစည်းအဝေးတွေမှာ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းဥပဒေ၊ စီးပွားရေးလုပ်ငန်းဥပဒေ၊ SME လုပ်ငန်းမှာ အငယ်စား(micro) တစ်ခုထပ်ထည့်ပြီး MSME အဖြစ် ပြောင်းလဲနိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလိုဆောင်ရွက်ရတာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာက အသေးစားလုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေက ဥပဒေထဲမှာ အကျုံးမဝင်တော့ အကျိုးခံစားခွင့် မရရှိသေးဘူးဖြစ်နေတယ်။ ပြီးတော့ စက်မှုလုပ်ငန်းဥပဒေကိုလည်း လာမယ့်အစည်းအဝေးအတွင်းမှာ ရေးဆွဲသွားမှာဖြစ်**

လုပ်ငန်းတွေကို ပြည်သူကို ပွင့်ပွင့်လင်းလင်းတင်ပြနိုင်အောင် ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းသွားမှာပါ" ဟု ကော်မတီအတွင်းရေးမှူး လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးက ပြောကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးများအတွင်း ကော်မတီမိတ်ဆက်အစည်းအဝေး သုံးကြိမ်၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၁ ကြိမ်၊ ပြင်ပအဖွဲ့အစည်း ၁၀ ကြိမ်၊ ပူးပေါင်းအဖွဲ့ (၁၂) ဘတ်ဂျက်စိစစ် ၃၄ ကြိမ်၊ ဥပဒေကြမ်းကော်မတီနှင့်ဆွေးနွေးမှု ၄၂ ကြိမ်၊ စက်မှုဝန်ကြီးဌာနနှင့် ဥပဒေကြမ်းဆွေးနွေးမှု ၂၈ ကြိမ်၊ စက်မှုဝန်ကြီးဌာနနှင့် မြင်းခြံ-ပင်းပက်စီမံကိန်း တစ်ကြိမ် စုစုပေါင်း အစည်းအဝေး ၁၂၉ ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

"လာမယ့် (၁၄) ကြိမ်မြောက် လွှတ်တော်အစည်းအဝေးတွေမှာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းဥပဒေ၊ စီးပွားရေးလုပ်ငန်းဥပဒေ၊ SME လုပ်ငန်းမှာ အငယ်စား(micro) တစ်ခုထပ်ထည့်ပြီး MSME အဖြစ်ပြောင်းလဲနိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလိုဆောင်ရွက်ရတာလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံမှာက အသေးစားလုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေက ဥပဒေထဲမှာအကျုံးမဝင်တော့ အကျိုးခံစားခွင့်မရရှိသေးဘူးဖြစ်နေတယ်။ ပြီးတော့ စက်မှုလုပ်ငန်းဥပဒေကိုလည်း လာမယ့်အစည်းအဝေးအတွင်းမှာ ရေးဆွဲသွားမှာဖြစ်ပါတယ်။

"ကျွန်တော်တို့ကော်မတီအနေနဲ့ သေချာမထိန်းကျောင်းနိုင်သေးတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေအတွက်



ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီမှ ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

# တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၇၀၀ ပြည့်ပြီ

ပေါ်တူဂီကြယ်ပွင့် တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ ယူကရိန်းမြေမှာ ပေါ်တူဂီအသင်းနဲ့ ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ကစားသမားဘဝတစ်လျှောက် သွင်းဂိုးစုစုပေါင်း ၇၀၀ ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ စီရိုနယ်လ်ဒိုဟာ ပေါ်တူဂီက ယူကရိန်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ယူရိုခြေစစ်ပွဲစဉ်မှာ ပေါ်တူဂီအသင်းအတွက် ပွဲကစားချိန် ၇၂ မိနစ်မှာ ပင်နယ်တီကနေတစ်ဆင့် ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုရဲ့ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၇၀၀ ပြည့်ဟာ သူ့ရဲ့ကစားသမားဘဝမှာ ၉၇၆ ပွဲကစားပေးခဲ့ပြီးချိန်မှာ ရရှိခဲ့တာ ဖြစ်ပါတယ်။ ပေါ်တူဂီအသင်းအတွက် သွင်းယူပေးခဲ့တဲ့ ပင်နယ်တီသွင်းဂိုးဟာ နိုင်ငံတကာသွင်းဂိုး ၉၅ ဂိုးမြောက်သွင်းဂိုးလည်း ဖြစ်ပါတယ်။

ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၇၀၀ နဲ့ အထက် သွင်းယူခဲ့တဲ့ ကစားသမားတွေထဲမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ခြောက်ဦးမြောက် ကစားသမားဖြစ်ပြီး စပို့တင်းစီပီ၊ မန်ယူ၊ ရီးယဲလ်မက်ဒရစ်၊ ဂျူဗင်တပ်နဲ့ နိုင်ငံအသင်းဖြစ်တဲ့ ပေါ်တူဂီအသင်းတို့နဲ့အတူ သွင်းဂိုး ၇၀၀ ပြည့်ခဲ့တာဖြစ်ပါတယ်။

ကစားသမားဘဝတစ်လျှောက် ဂိုးအများဆုံး သွင်းယူထားတဲ့ ကစားသမားတွေကတော့ ချက်-ဩစတြေးလျနွယ်ဖွား တိုက်စစ်မှူး ဂျိုးဘစ်ကန်ဟာ ၁၉၃၁ ကနေ ၁၉၅၅ ခုနှစ်အထိ ရက်ပစ်ဗီယင်နာ၊ ဆလာဗီယာပရက်တို့နဲ့အတူ သွင်းဂိုး ၈၀၅ ဂိုးသွင်းယူထားကာ ဂိုးအများဆုံးစာရင်းမှာ ထိပ်ဆုံးက ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။ ဘရာဇီးတိုက်စစ်မှူး ရိုမာရီယိုဟာ ၁၉၈၅ ကနေ ၂၀၀၇ ခုနှစ်အထိ ဗက်စကိုဒဂါးမား၊ ပီအက်စ်ဗွီ၊ ဘာစီလိုနာ၊ ဘရာဇီးအသင်းတို့နဲ့အတူ ၇၇၂ ဂိုးသွင်းယူပေးကာ အဆင့်(၂) နေရာရပ်တည်ခဲ့တာ ဖြစ်ပါတယ်။

ဘရာဇီးတိုက်စစ်မှူး ပီလီကတော့ ၁၉၅၇ ကနေ ၁၉၇၇ ခုနှစ်အထိ ဆန်တို့စ်၊ နယူးယောက်ကော့စ်မို့၊ ဘရာဇီး အသင်းတို့နဲ့အတူ ၇၆၇ ဂိုး သွင်းယူခဲ့တာကြောင့် ကစားသမားဘဝတစ်လျှောက် ဂိုးအများဆုံးစာရင်းမှာ အဆင့်(၃) နေရာရပ်တည်ခဲ့ပါတယ်။ အဆင့်(၄) နေရာမှာတော့ ဟန်ဂေရီတိုက်စစ်မှူး ပက်စ်ကတ်က ၁၉၄၃ ကနေ ၁၉၆၆ ခုနှစ်အထိ ဘူဒါပက်ဟွန်ဗက်၊ ရီးယဲလ်မက်ဒရစ်၊ ဟန်ဂေရီအသင်းတို့နဲ့အတူ ၇၄၆ ဂိုးသွင်းယူခဲ့တာ ဖြစ်ပါတယ်။ အဆင့်(၅) နေရာမှာတော့ ဂျာမနီတိုက်စစ်မှူး ဂတ်မူလာ က ၁၉၆၂ ကနေ ၁၉၈၁ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်၊ ဂျာမနီအသင်းတို့နဲ့အတူ ၇၃၅ ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုရဲ့ ကစားသမားဘဝတစ်လျှောက် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ အသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းဖြစ်ပြီး သွင်းဂိုး ၄၅၀ အထိသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ မန်ယူအသင်းနဲ့အတူ ၂၀၀၃ ကနေ ၂၀၀၉ ခုနှစ်အထိ ကစားခဲ့ရာမှာတော့ သွင်းဂိုး ၁၁၈ ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။




စီရိုနယ်လ်ဒိုဟာ နိုင်ငံတကာ ပွဲစဉ်တွေမှာတော့ အန်ဒိုရာအသင်း၊ အာမေးနီးယားအသင်း၊ လက်ဗီးယားအသင်း၊ ဆွီဒင်အသင်းတို့နဲ့ ပွဲစဉ်တွေမှာ ပေါ်တူဂီအတွက် ငါးဂိုးစီအထိ သွင်းယူနိုင်ခဲ့တဲ့ သမိုင်းရှိခဲ့ပြီး အက်စ်တိုးနီးယားအသင်း၊ ဖာရိုးကျွန်းစုအသင်း၊ ဟန်ဂေရီအသင်း၊ လစ်သူရေးနီးယားအသင်း၊ လူဇင်ဘတ်အသင်း၊ နယ်သာလန်အသင်းတို့နဲ့ ပွဲစဉ်တွေမှာ လေးဂိုးစီအထိ သွင်းယူနိုင်ခဲ့ပြီး ပြင်သစ်အသင်း၊ ဂျာမနီအသင်း၊ အီတလီအသင်းနဲ့ အင်္ဂလန်အသင်းတို့နဲ့ ပွဲစဉ်တွေမှာတော့ တစ်ဂိုးမှ မသွင်းယူနိုင်ခဲ့တဲ့ သမိုင်းလည်း ရှိခဲ့ဖူးတာ ဖြစ်ပါတယ်။

ကလပ်အသင်းအဆင့်မှာတော့ ဆီဗီလာအသင်းဘက်ကို ၂၇ ဂိုး၊ အက်သလက်တီကိုမက်ဒရစ် အသင်းဘက်ကို ၂၅ ဂိုး၊ ဂီတာဖေးအသင်းဘက်ကို ၂၃ ဂိုး၊ ဆယ်လ်တာဗီဂိုအသင်းဘက်ကို ဂိုး ၂၀နဲ့ ဘာစီလိုနာအသင်းဘက်ကို ၁၈ ဂိုးစသဖြင့် ဂိုးအများအပြား သွင်းယူထားတဲ့အသင်းတွေလည်း ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ကလပ်အသင်းတွေမှာရော နိုင်ငံအသင်းအတွက်ပါ စုစုပေါင်းသွင်းဂိုး ၇၀၀ ပြည့်ခဲ့တာလည်း ဖြစ်ပါတယ်။



# ယူရို ၂၀၂၀ ခြေစစ်ပွဲအောင်သည့် ငါးသင်းမြောက်အသင်း ယူကရိန်းဖြစ်လာ

ယူကရိန်းအသင်းဟာ ယူရို ၂၀၂၀ ခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၁၄ ရက်ညပိုင်းက ပေါ်တူဂီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲဒီနိုင်ပွဲကြောင့် ယူကရိန်းအသင်းဟာ ရမှတ် ၁၉ မှတ်အထိ စုဆောင်းနိုင်ခဲ့ကာ ယူရို ၂၀၂၀ ခြေစစ်ပွဲအောင်မြင်ခဲ့တာ ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ ငါးသင်းမြောက် အသင်းလည်း ဖြစ်လာခဲ့ပါတယ်။

ယူကရိန်းအပြင် ယူရို၂၀၂၀ ခြေစစ်ပွဲ အောင်မြင်ခဲ့တဲ့ အသင်းတွေကတော့ ဘယ်လ်ဂျီယံအသင်း၊ အီတလီအသင်း၊ ရုရှားအသင်းနဲ့ ပိုလန်အသင်းတို့ပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ အခြားသော အသင်းတွေဟာ ခြေစစ်ပွဲအောင်မြင်ဖို့ ရုန်းကန်နေရဆဲပဲ ဖြစ်ပါတယ်။

လက်ရှိခြေစစ်ပွဲ အောင်ထားတဲ့ အသင်းတွေထဲမှာ ဘယ်လ်ဂျီယံအသင်းဟာ ရှစ်ပွဲကစားအပြီးမှာ ရမှတ် ၂၄ မှတ်၊ ရုရှားအသင်းဟာ ရှစ်ပွဲကစားအပြီးမှာ ရမှတ် ၂၁ မှတ်၊ အီတလီအသင်းဟာ ခုနစ်ပွဲ ကစားအပြီးမှာ ရမှတ် ၂၁ မှတ်၊ ပိုလန်အသင်းဟာ ရှစ်ပွဲကစားအပြီးမှာ ရမှတ် ၁၉ မှတ် အသီးသီး ရရှိခဲ့တာ ဖြစ်ပါတယ်။

# ဂိုးသမား ဟူဂိုလိုရစ်ဒဏ်ရာရနေသဖြင့် ဂိုးသမားမစ်ချယ်ဗွန်း စပါးအသင်းသို့ ပြန်လည်ရောက်ရှိ

စပါးအသင်းမှာ ဂိုးသမားဟူဂိုလိုရစ် ဒဏ်ရာရရှိနေတာကြောင့် လက်ကျန်ရာသီအတွက် စပါးအသင်းထံ ဂိုးသမား မစ်ချယ်ဗွန်း ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ အသက် ၃၅ နှစ်အရွယ်ရှိ နယ်သာလန်ဂိုးသမား မစ်ချယ်ဗွန်းဟာ သူ့ရဲ့စာချုပ်သက်တမ်းကုန်ခဲ့လို့ နွေရာသီကာလအတွင်းက စပါးအသင်းကနေ ထွက်ခွာခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ဟူဂိုလိုရစ်ဒဏ်ရာပြဿနာ ကြုံခဲ့တာကြောင့် စပါးအသင်းကလည်း အပြောင်းအရွှေ့ကာလပြင်ပကနေ မစ်ချယ်ဗွန်းကို ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။ စပါးအသင်းခေါင်းဆောင် ဟူဂိုလိုရစ်ဟာ အခုလအတွင်းက ဘရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာ တံတောင်ဆစ် အဆစ်လွဲခဲ့လို့ ၂၀၂၀ နှစ်စပိုင်းအထိ ပါဝင်ကစားနိုင်ဖို့ မလွယ်ဘူးလို့ ဆိုပါတယ်။

ဂိုးသမားမစ်ချယ်ဗွန်းဟာ အရင်က ၂၀၁၄ ခုနှစ်မှာ ဆွမ်ဆီးအသင်းကနေ စပါးအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး စပါးအသင်းအတွက် ၄၇ ပွဲပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။ မစ်ချယ်ဗွန်းဟာ အခု စပါးအသင်းကို ရောက်ရှိလာချိန်မှာလည်း အရင်က စပါးအသင်းမှာဝတ်ခဲ့တဲ့ ကျောနံပါတ် ၁၃ ကိုပဲ ဝတ်ဆင်ကစားမှာဖြစ်ပြီး လာမယ့် စနေနေ့မှာ ဝက်ဖို့ဒ်အသင်းကို အိမ်ကွင်းမှာ ညှိခံကစားရမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ စတင်ပွဲထွက်ကစားခွင့်ရရှိမှာ ဖြစ်ပါတယ်။




# နည်းပြဆာရီက ချယ်လ်ဆီးကစားသမားနှစ်ဦးဖြစ်တဲ့ အီမာဆင်ပယ်မီယာရီနဲ့ ကန်တီကို ခေါ်ယူမည်ဟုဆို

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနည်းပြ ဆာရီဟာ ချယ်လ်ဆီးအသင်းရဲ့ ကစားသမားနှစ်ဦးဖြစ်တဲ့ အီမာဆင်ပယ်မီယာရီနဲ့ ကန်တီကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။

နည်းပြဆာရီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဂျူဗင်တပ်အသင်းက နည်းပြအယ်လ်လီဂရီနေရာမှာ အစားထိုးခန့်အပ်ခဲ့တာ ဖြစ်ပါတယ်။

နည်းပြဆာရီအနေနဲ့ အီတလီစီးရီးအေ ခုနစ်ပွဲမှာ ခြောက်ပွဲအထိ အနိုင်ရရှိအောင် ဂျူဗင်တပ်အသင်းကို စွမ်းဆောင်ပေးထားပြီး အမှတ်ပေးဇယားဒုတိယနေရာက အင်တာမီလန်အသင်းကို တစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ဂျူဗင်တပ်အသင်းက အီတလီစီးရီးအေဖလားကို ကိုးကြိမ်ဆက်ရယူလိုတာကြောင့် နည်းပြဆာရီအနေနဲ့ အသင်းကို ပိုမိုတောင့်တင်းခိုင်မာဖို့အတွက် အီမာဆင်ပယ်မီယာရီနဲ့ ကန်တီတို့ကို ခေါ်ယူဖို့စီစဉ်လာတာ ဖြစ်ပါတယ်။

ကန်တီဟာ နည်းပြလမ်းပတ်ရဲ့ ချယ်လ်ဆီးအသင်း ကွင်းလယ်ပိုင်းမှာ အဓိက ကစားသမားအဖြစ်ရှိနေပေမယ့် လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတာ ဖြစ်ပါတယ်။

ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီဟာ လက်ရှိမှာ ဒဏ်ရာရရှိနေပြီး ပြင်သစ်အသင်းနဲ့ အိုက်စ်လန်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ယူရို ၂၀၂၀ ခြေစစ်ပွဲမတိုင်မီ သွေးပူလေ့ကျင့်ခန်းဆင်းချိန်မှာ ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။

■

ငွေကြယ်
ရေးသားသည်

# သီတင်းကျွတ်ရာသီ ကျောင်းများနှင့် အလုပ်ပိတ်ရက်များအတွင်း မြဝတီမြို့သို့ လာရောက်လည်ပတ်သူ များပြား

**မြဝတီ အောက်တိုဘာ ၁၅**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့သို့ သီတင်းကျွတ်ရာသီ ကျောင်းများနှင့် အလုပ်ပိတ်ရက်များအတွင်း ဘုရားဖူးလာသူများနှင့် အလည်အပတ်လာရောက်သူများ လွန်စွာများပြားလျက်ရှိကြောင်း သိရသည်။

"အခုသီတင်းကျွတ်ကျောင်းပိတ်ရက်ရော၊ ဒီနှစ်က ရုံးတွေကရော ငါးရက်ပိတ်တော့ မြဝတီနယ်စပ်ကို ဘုရားဖူးနဲ့ အလည်လာတဲ့သူတွေ များတယ်၊ ကျွန်တော့်တည်းခိုခန်းဆိုရင် ဘွတ်ကင်တွေပြည့်နေပြီ၊ တချို့ဆို အခန်းမရကြတော့ဘူး၊ မြဝတီမြို့အတွင်း လည်ကြသလို တစ်ဖက်ထိုင်းနိုင်ငံထဲကိုလည်း ကားစင်းလုံးငှားပြီး တစ်နေကုန်သွားလည်လို့ရတဲ့အတွက် မြန်မာပြည်အနှံ့က လာကြသူတွေ များပြားကြတာ ဖြစ်တယ်"ဟု မြဝတီဟိုတယ်မှ မန်နေဂျာက ပြောသည်။

မြဝတီမြို့တွင်းတွင် ရွှေမြင်းဝန်ဘုရား၊ ကျောက်လုံးကြီးဘုရား၊ မိကျောင်းကုန်းဘုရား၊ မိဋ္ဌာန်အောင်ဘုရားနှင့် ရွှေတိဂုံပုံတူစေတီတော်ကြီးများကို သွားရောက်ဖူးမြော်နိုင်မည်ဖြစ်သည်။

မြဝတီမြို့ နယ်စပ်ဂိတ်ဝ ချစ်ကြည်ရေးတံတားကြီးတွင် တစ်ဖက်ထိုင်းနိုင်ငံသို့ သွားမည်ဆိုပါက လူတစ်ဦးလျှင် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်အတွက် ၅၀၀ ကျပ်၊ မြန်မာနိုင်ငံမှအထွက် တံုးထုခ ၅၀၀ ကျပ်သာ ကုန်ကျမည်ဖြစ်ပြီး ထိုင်းနိုင်ငံဝင်ခွင့်အတွက် ထိုင်းဘတ်ငွေ ၂၀ ပေးဆောင်ရမည်ဖြစ်သည်။ မိသားစုလိုက်ကားငှားပြီး သွားလိုပါက မိသားစုအားလုံး၏ အမည်နှင့် အသက်ကို စာရင်းပေးရပြီး ချစ်ကြည်ရေးတံတားကြီးဂိတ်တွင် မိသားစုလိုက် တစ်ဖက်နိုင်ငံထဲ ဝင်ခွင့်လက်မှတ်ကို (လဝက)မှ တာဝန်ရှိသူများက ပြုလုပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

"တစ်ဖက်ထိုင်းနိုင်ငံထဲ သွားလည်မယ်ဆိုရင် မနက်၆ နာရီကနေ ည ၇ နာရီအထိ တာ့ခ်ခရိုင် သုံးမြို့နယ်အတွင်းရှိတဲ့ ဖဝေါ်ဘုရား၊ ရွှေကျောင်း၊ သံလိုက်တောင်၊ နဂါးရုံဂူ၊ ပြီးတော့ မြွေဘုရား၊ ရေတံခွန်၊ ရေပူစမ်း၊ ရဟန္တာရုပ်ပွားတော်၊ ပန်းခြံ အစရှိတဲ့နေရာတွေကို မြဝတီရွှေမြန်မာအသင်းက ကားတွေနဲ့ ပို့ဆောင်ပေးနေပါတယ်။ ကားက နှစ်မျိုးရှိပြီး ၁၀ ဦး ဆံ့တဲ့ စူပါကာစတန်ကားနဲ့ ၁၅ ဦး ဆံ့တဲ့ အန်စာတုံးကားတွေ ဖြစ်တယ်၊ စူပါကာစတန်က ငှားခကျပ် ၁၀၀၀၀၀ ဖြစ်ပြီး ၁၅ ဦး ဆံ့တဲ့ အန်စာတုံးကားက ငှားခကျပ် ၁၅၀၀၀၀ ဖြစ်ပါတယ်။ စုပြီးသွားကြမယ်ဆိုရင် တစ်ဦးကို ကျပ်တစ်သောင်းနှုန်းနဲ့ တစ်ဖက်နိုင်ငံထဲ သွားလည်ရတာအဆင်ပြေပါတယ်" ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။



ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်း မြို့နယ်ခုနစ်မြို့ရှိသည့်အနက် မဲဆောက်၊ မယ်ပနှင့် ဖုတ်ပရာ့မြို့နယ် သုံးမြို့နယ်သာလျှင် သွားလာလည်ပတ်ခွင့်ကို ခြောက်ညအိပ် ခုနစ်ရက်ခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်ဆက်)**



## သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် သီတဂူဗုဒ္ဓတက္ကသိုလ် (ကျွန်းလှ) တွင် အထူးစည်ကား

**ကျွန်းလှ အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ်တွင် သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့ (အောက်တိုဘာ ၁၃ ရက်)ညတွင်အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သီတဂူဗုဒ္ဓတက္ကသိုလ်တွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ စတင်ပြီး ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ မီးပုံးပျံလွှတ်ပွဲများကို စာသင်သားသံဃာတော်များ၊ ဒေသခံပြည်သူများနှင့် အလှူရှင်များပူးပေါင်းပြီး သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပခဲ့ကြောင်း သီတဂူဗုဒ္ဓတက္ကသိုလ် သတင်းပြန်ကြားရေးအဖွဲ့မှ သိရသည်။

အဆိုပါ သီတဂူဗုဒ္ဓတက္ကသိုလ်သို့ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများ၊ ရပ်ဝေးရပ်နီးမှ ဒေသခံပြည်သူများက ဆီမီးပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီလှည့်လည်အပူဇော်ခံ

**နေပြည်တော် အောက်တိုဘာ ၁၅**

နေပြည်တော် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၁၀၁) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီလှည့်လည်အပူဇော်ခံပွဲကို အောက်တိုဘာ ၁၄ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) ညနေ ၄ နာရီမှ စတင်၍ ပျဉ်းမနားမြို့ တပ်တွင်းဓမ္မာရုံရှေ့ရှိ ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

(၁၀၁)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီလှည့်လည်အပူဇော်ခံပွဲအတွက် ဘုရားများပင့်ဆောင်လာသောကားများစုစည်း၍ ပျဉ်းမနားမြို့အတွင်းသို့ ဒေသစာရီကြွချီလှည့်လည်အပူဇော်ခံရာ မြို့နယ်အတွင်းရှိ ပြည်သူများနှင့် ဧည့်သည်များမှပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များနှင့် အလှူငွေအစုစုတို့ကို လှူဒါန်းကြသည့်အပြင် အလှူရှင်များက နှစ်ကျိပ်ရှစ်ဆူဘုရား အပူဇော်ခံလှည့်လည်ရာတွင် လိုက်ပါလာကြသူများအား ချိုချဉ်၊ အချိုရည်ဘူး၊ ရေသန့်နှင့် မုန့်အမျိုးမျိုးတို့ဖြင့် အာဟာရဒါနပြု ဧည့်ခံကျွေးမွေးကြသည်။

"ခုလို သီတင်းကျွတ်အခါသမယမှာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ မြို့တွင်းလှည့်လည်အပူဇော်ခံတာ ယခုဆို (၁၀၁) ကြိမ်ပြည့်မြောက်ခဲ့ပါပြီ၊ အလွန်ပင်မင်္ဂလာအပေါင်းနှင့်ပြည့်စုံလှတဲ့အပြင် မြို့နယ်အတွက်လည်း ကျက်သရေရှိသလို ကောင်းမွန်တဲ့အစဉ်အလာဖြစ်တာကြောင့် ပျဉ်းမနားမြို့နယ်သူ၊ မြို့နယ်သား လူငယ်တွေကလက်ဆင့်ကမ်းထိန်းသိမ်းဖို့လိုပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ထို့သို့ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ ကြွချီအပူဇော်ခံရာတွင် ဘုရားများပင့်ဆောင်သည့်ကားများအား ဘုရားဖြစ်တော်စဉ် မှန်ကန်စွာ သရုပ်ဖော်နိုင်မှု၊ ယဉ်ကျေးမှုဓလေ့ကို ဖော်ကျူးနိုင်မှု၊ သာသနာတော်ကိုပြန့်ပွားအောင်ဖော်ကျူးနိုင်မှု စသည့်အချက်များကို အခြေခံပြီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းမှာ မြို့နယ်အတွင်းရှိ ဝတ်ဖြူတော်အသင်းရှစ်သင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ကြောင်း နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီလှည့်လည်ပူဇော်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

အပူဇော်ခံပွဲတွင် ပျဉ်းမနားမြို့တွင် ရပ်ကွက်ဝတ်ဖြူတော်အသင်း ရှစ်သင်းရှိရာ ယင်းဝတ်ဖြူတော်အသင်းရှစ်သင်းမှ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များပါဝင်သော ဖျော်ဖြေရေးစတိတ်စင်မြင့်ကားကြီးများဖြင့် မြို့တွင်းအနှံ့လှည့်လည်ကာ အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ညစဉ်ဧည့်ခံဖျော်ဖြေကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## စွန့်ပစ်ပစ္စည်းမျိုးစုံမှ လူသုံးကုန်နှင့် အလှဆင်တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်

**ရန်ကုန် အောက်တိုဘာ ၁၅**

စွန့်ပစ်ပစ္စည်းမျိုးစုံမှ လူသုံးကုန်နှင့် အလှဆင်တန်ဖိုးမြှင့်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းအနီး ကြွပ်ကြွပ်စင်တာခန်းမ၌ ကျင်းပသည်။

"ကျွန်မတို့အနေနဲ့ စွန့်ပစ်ပစ္စည်းတွေကို အလှဆင်အိမ်သုံးပစ္စည်းတွေအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်လာနိုင်ဖို့ဖြစ်ပါတယ်။ တစ်ဖက်က အမျိုးသမီးတွေကြားမှာ ဝင်ငွေတစ်ဖက်တစ်လမ်းကရစေဖို့နဲ့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်အောင် ဒီကနေ့သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်" ဟု ကြွပ်ကြွပ်စင်တာမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်ဒီကပြောသည်။

အဆိုပါအဖွဲ့အစည်းသည် အီတလီနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသော လူမှုအကျိုးပြုအဖွဲ့ဖြစ်ပြီး ယနေ့အထိ ကြွပ်ကြွပ်အိတ်အပါအဝင် စွန့်ပစ်ပစ္စည်းမှ လူသုံးကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်သည့်သင်တန်းအကြိမ်ပေါင်း ၃၀ ထက်မနည်း သင်တန်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုသင်တန်းမှာ အောက်တိုဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိဖြစ်ကြောင်း၊ ယခုကဲ့သို့သင်တန်းကို ချင်း၊ ရခိုင်၊ ကယားနှင့် ရှမ်းပြည်နယ်တို့၌လည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းမှ အမျိုးသမီး ၁၂ ဦးအား ကော်ဖီအိတ်ခွံ၊ တာယာအစုတ်၊ ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ထီးအစုတ်တို့ကို အသုံးပြုပြီး လူသုံးကုန်ပစ္စည်းများအဖြစ် အိတ်အမျိုးမျိုး၊ ဘူးအမျိုးမျိုး၊ ခွက်အမျိုးမျိုးတို့ကို ပြုလုပ်နိုင်အောင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းကို ကြွပ်ကြွပ်စီမံကိန်းနှင့် လူမှုအကျိုးပြုအဖွဲ့တစ်ခုဖြစ်သော မျှဝေမှုကရုဏာအဖွဲ့ (Share Mercy) တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**




ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်၌ အောက်တိုဘာ ၁၄ ရက် နောက်ဆုံးညတွင် ညနေ ၄ နာရီခွဲမှစ၍ ပွဲတော်လာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

## ရွှေဘိုမြို့လုံးဆိုင်ရာ ကထိန်ဥတ်ကြီးသင်္ကန်း မဲနှိုက်ရွေးချယ်



**ရွှေဘို အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် (၁၀၅) ကြိမ်မြောက် ရွှေဘိုမြို့လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် ဥတ်ကြီးသင်္ကန်းကို အောက်တိုဘာ ၁၄ ရက် ညနေ ၆ နာရီခွဲက ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက် လမ်းလည်ဘုရားဓမ္မာရုံ၌ မဲနှိုက်ရွေးချယ်ခဲ့သည်။

ကထိန်ဥတ်ကြီးသင်္ကန်း တစ်မဲသာရှိ၍ ကုသိုလ်ရှင်များမှာ စည်ပင်သာယာမြို့မဈေးကြီး အတွင်းအပြင်နှင့် ရုံအမှတ်(၁) (၂) (၃) (၄)(၉)(၁၀)မှ ဈေးသူဈေးသားများဖြစ်ပြီး မဲနှိုက်ရွေးချယ်မှုအရ ဥတ်ကြီးသင်္ကန်းကို ဝေဠုဝန်တိုက်ဟောင်းကျောင်းတိုက်မှ ဥတ်ကြီးသင်္ကန်း ဆုမဲပေါက်ခဲ့သည်။

နှစ်စဉ် ရွှေဘိုမြို့လုံးဆိုင်ရာ ပွဲတော်အတွက် ရည်စူးလှူဒါန်းထားသည့် လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များကို ရွှေဘိုမြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၇၇ ကျောင်းသို့ လှူဖွယ်ပစ္စည်းများအား စာရေးတံမဲဖောက်၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း ရွှေဘိုမြို့လုံးဆိုင်ရာ ပွဲတော်ကျင်းပရေး ပင်မကော်မတီအတွင်းရေးမှူး ဦးသန်းအောင်က ပြောကြားသည်။ **မိုးသောက်(ရွှေဘို)**

## ကျောက်ပန်းတောင်းမြို့တွင် နိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဓမ္မစကူးမိသားစုများက ဒုတိယအကြိမ်မြောက် ကြီးမှူးကျင်းပသော အဘိဓမ္မာအခါတော်နေ့ အကြိုအခမ်းအနားနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီခွဲက မြို့မရပ်ကွက် ထိန်ကန်တိုက်သစ် အရှေ့ကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ရပ်ကွက်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကအလှူရှင်အသီးသီးက မြန်မာ့ရိုးရာစားစရာမုန့်မျိုးစုံကို နိဗ္ဗာန်ဈေးအဖြစ် စတုဒိသာပြုလုပ်ခဲ့ရာ ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ အဘိဓမ္မာအခါတော်နေ့နှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ထိန်ကန်တိုက်သစ်အရှေ့ကျောင်း ဓမ္မစကူးမှ ဆရာတော် ဘဒ္ဒန္တနန္ဒိယနှင့် ဓမ္မစကူးဆရာ၊ ဆရာမများက ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဓမ္မစကူးကျောင်း ၁၀ ကျောင်းမှ ဆရာတော်များ၊ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အလှူရှင်များ၊ အသင်းအဖွဲ့များက ဆိုင်ခန်းပေါင်း ၃၆ ခန်း ဖွင့်လှစ်၍ စတုဒိသာ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ကိုနေ**
**(ကျောက်ပန်းတောင်း)**

## ဆေးလှူဒါန်းပွဲ ဗိုလ်တထောင်စေတီတော်မြတ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းမှစတင်ကာ ကုသိုလ်ပြုတိုင်းရင်းဆေးကုသခြင်းနှင့် ဆေးလှူဒါန်းပွဲကို ကျင်းပသည်။



အဆိုပါ မြန်မာ့ရိုးရာတိုင်းရင်းဆေးကုသ လှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့၊ မိခင်တိုင်းရင်းဆေးဝါးကုသ ထုတ်လုပ်ဖြန့်ချိရေး မိသားစုနှင့် စေတနာရှင် စကြာမင်းဆေးတိုက်အပါအဝင် အခြားတိုင်းရင်းဆေးတိုက် အလှူရှင်များ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဗိုလ်တထောင်စေတီတော်သို့ ဘုရားဖူးလာပြည်သူများနှင့် ရဟန်းသံဃာများအား တောင်ဒဂုံမြို့နယ်၊ ကော့မှူးမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းသုံးခွမြို့နယ်တို့မှ ဝါရင့်တိုင်းရင်းဆေးဆရာ ဆရာမများက ရောဂါစမ်းသပ်စစ်ဆေးပြီး သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ လေးဘက်နာ၊ အကြောတက်၊ ကိုယ်လက်ထုံကျဉ်ကိုက်ခဲခြင်းရောဂါ၊ အကြောပြင်နှင့် အခြားအထွေထွေရောဂါများအား ကုသပေးခြင်းနှင့် ဆေးချက်ချကာ တိုင်းရင်းဆေးလှူမှုကို နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီအထိ ကုသိုလ်ပြုပေးခဲ့ကြောင်း သိရသည်။ **သတင်း-မျိုးမင်းသိန်း (မရမ်းကုန်း)၊**
**ဓာတ်ပုံ-မြိုးကြီး**

## ဆွမ်းလောင်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်သံဃာ့ဒါန ဆွမ်းလောင်းအသင်းကြီး၏ ဆွမ်းဒါနအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကြီးကို ပန်းလှိုင်ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်တွင် အောက်တိုဘာ ၁၃ ရက် (သီတင်းကျွတ်လပြည့်နေ့)ညနေ ၃ နာရီတွင် (၃၁) ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ကြသည်။ အဆိုပါ လောင်းလှူပွဲတွင် သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား လှူဒါန်းခဲ့ပြီး ကွင်းကျောင်းပရိယတ္တိစာသင်တိုက် အလုံမြို့နယ်မှ ဆရာတော်ကြီးအား ငွေကျပ်ငါးသိန်းတန် ဆွမ်းအုပ်ကြီးကို မဲဖောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**



## ရေစင်နှင့် တံခွန်တိုင် အုတ်မြစ်တော်စီမင်္ဂလာကျင်းပ

**မော်လူး အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ (၉) တိုက်နယ် သမိုင်းဝင်ဒီပင်္ကရာစေတီတော်မြတ်ကြီး၏ အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်လျက်ရှိသော စေတီတော်ကြီးတွင် ရေစင်နှင့် တံခွန်တိုင် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီက အဆိုပါစေတီတော်ကြီးတွင် ကျင်းပသည်။

အဆိုပါ သမိုင်းဝင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည် ။ **နီတိုး**



## သီတင်းကျွတ်မီးထွန်းပွဲတော် ပျော်ရွှင်စွာပြီးဆုံး

**မူဆယ် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်စပ်ဒေသတွင် သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စည်ကားစွာဖြင့် ကျင်းပစဉ်ကာလအတွင်း ပြည်သူများ ယာဉ်အန္တရာယ် မတော်တဆထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စွာပြီးဆုံးခဲ့ကြောင်း မူဆယ်ခရိုင် အမှတ်(၁၂၃) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု (မူဆယ်)ရုံးမှ သိရသည်။

“ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွတ်အမြတ်ပွဲတော်ဖြစ်တဲ့ သီတင်းကျွတ်ပွဲတော်မှာ ပြည်သူတွေ ငြိမ်းချမ်းစွာ ဘုရားဖူးသွားလာနိုင်ဖို့၊ ယာဉ်ကြောပိတ်ဆို့မှုများနဲ့ ယာဉ်အန္တရာယ်များ မတော်တဆမဖြစ်ပွားစေဖို့အတွက် အစီအမံတွေဆွဲပြီး ည ၁၁ နာရီအထိ မူဆယ်မြို့တွင်းလမ်းကြောင်းတစ်လျှောက်နဲ့ မီးပုံးပွဲတော်ကျင်းပတဲ့နေရာတွေမှာ ကူညီဆောင်ရွက်ပေးပါတယ်၊ ဒီလိုဆောင်ရွက်ပေးတဲ့အချိန်မှာ ညပိုင်းအချိန်ကို ပိုဂရုစိုက်ပြီး ဆောင်ရွက်ရပါတယ်။ ဒီနှစ် မူဆယ်မြို့မှာကျင်းပတဲ့ သီတင်းကျွတ်ပွဲတော်မှာတော့ ယာဉ်အန္တရာယ်မတော်တဆထိခိုက်မှုတွေတော့ တစ်ခုမှမရှိပါဘူး၊ အောင်မြင်စွာပြီးဆုံးသွားတဲ့အတွက် ဝမ်းသာပါတယ်”ဟု မူဆယ်မြို့ အမှတ်(၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ချစ်စိန်က ပြောကြားသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏

# ရှေးဟောင်းရိုးရာနဂါးလှေ အလှလှော်ခတ်ပူဇော်ပွဲ တနင်္သာရီမြို့၌ ကျင်းပမည်



၂၀၁၈ ခုနှစ်က နဂါးလှေသဘင်ပွဲတော် ကျင်းပနေစဉ်။

**တနင်္သာရီ အောက်တိုဘာ ၁၅**

(၈၆၆)နှစ်မြောက် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော ရိုးရာနဂါးလှေအလှ လှော်ခတ်ပူဇော်ပွဲအခမ်းအနားနှင့် စုပေါင်းမဟာဘုံကထိန်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ရှိ ချောင်းကြီးကျောင်းတိုက်နှင့် တနင်္သာရီမြစ်အတွင်း၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တနင်္သာရီမြို့နယ် စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသန်းစိုးဝင်းထံမှ သိရသည်။

နဂါးလှေသဘင်ပွဲမှာ တနင်္သာရီမြို့နယ်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ပြီး ရှေးမြန်မာမင်းများလက်ထက်က ရေခင်းသဘင်ပုံစံဖြင့် ကျင်းပခဲ့ရာတွင် နဂါးလှေများစွာ ရှိခဲ့ကြောင်းနှင့် ကောဇာသက္ကရာဇ်(၅၁၅) ခုနှစ်တွင် တနင်္သာရီမင်းဖြစ်သော ဗျန်စက္ကပိတ်မင်းကြီးလက်ထက်မှ စတင်ပေါ်ပေါက်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၈၆၆ နှစ်ရှိပြီဖြစ်သည်။

"ကျွန်တော်တို့နဂါးလှေပွဲကို နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆိုရင် ၈၆၆ နှစ်ရှိပါပြီ၊ ဒီနှစ်မှာလည်း ချောင်းကြီးကျောင်းတိုက်ဆရာတော်ကို ဦးခိုက်တဲ့ အစီအစဉ်နဲ့ တနင်္သာရီမြို့မှာရှိတဲ့ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားများဖြစ်တဲ့ နဝထပ်၊ မြဝတ်ဆင်၊ ဝဂ်ဘာ၊ လေသာနန်းဦးစေတီတော်များကို တနင်္သာရီမြစ်ထဲမှ လက်ယာရစ်ပတ် ဦးခိုက်ပူဇော်လှော်ခတ်တဲ့ အစီအစဉ်တွေ ပါဝင်ပြီး မြို့ကိုလက်ယာရစ် အလှပြလှော်ခတ်သွားပါမယ်၊ဒီနှစ်မှာ ထူးခြားတဲ့အစီအစဉ်တစ်ခုပါပါတယ်။ ဒီအစီအစဉ်ကတော့ တနင်္သာရီမြို့နယ်အတွင်းက သိမီသမျှ နဂါးလှေတော်များ စာတမ်းများကိုလည်း မြစ်အတွင်းမှာ ဖတ်ကြားသွားပါမယ်၊ နဂါးလှေတော် လှော်ခတ်ပူဇော်ပွဲကို ရှေးခေတ်၏ဖွဲ့စည်းပုံအတိုင်း လှေတော်လှော်ခတ်ပူဇော်ခြင်းနဲ့ ဇာေယဉ်ကျေးမှုအမွေအနှစ်ကိုလည်း ဖော်ထုတ်ပြသသွားပါမယ်" ဟု တနင်္သာရီမြို့နယ် စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းစိုးဝင်းက ပြောကြားသည်။

ယခုအခါ တနင်္သာရီမြို့တွင် ရွှေနန်းသာရီနှင့် ငွေနန်းသာရီ နဂါးလှေတော်နှစ်စင်းနှင့် တနင်္သာရီမြို့နယ် လယ်သစ်ကျေးရွာတွင် ရန်ကြီးအောင်၊ ပတ္တမြားသွယ်၊ စိန်ပန်းသွယ်နှင့် မြကြီးအောင် စသည့်နဂါးလှေတော်လေးစင်း စုစုပေါင်း နဂါးလှေတော်ခြောက်စင်းသာကျန်ရှိတော့ပြီး တနင်္သာရီမြို့နယ် ဒေသခံများကလည်း အစဉ်အလာမပျက် သမိုင်းအမွေအနှစ်တစ်ခုအနေဖြင့် ထိန်းသိမ်းထားရှိပြီး ယင်းနဂါးလှေတော်ကို စံကားသားသစ်အနွယ်ဝင် (စံကားရွှေဝါ၊ စံကားစံပွယ်၊ စံကားကောင်မုသား) စသည့် သစ်တစ်လုံးတည်းဖြင့် နဂါးလှေထွင်းပညာရှင်များက မျဉ်းရိုက်၊ လှေထွင်း၊ ဝမ်းတော်ကြိုးဂလိမ်ကြီးနှင့် ဂလိမ်ငယ်ကြိုးများ၊ ခနင်း၊ လှေဖုံး စသည်တို့ကို သံထည်သံစမပါဘဲ သစ်သားစို့၊ ကြိမ်ကြိုးဖြင့်သာ အဆင့်ဆင့်ပြုလုပ်ထွင်းထုထားကြောင်းနှင့် အဆိုပါနဂါးလှေတော်များတွင် လှေလှော်သား ၁၄ ဦးမှ ၄၂ ဦးအထိ ပါဝင်ကာ စုပေါင်းလှော်ခတ်ရကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)၊ ဓာတ်ပုံ-ကိုဇော်ငယ်**

# ပညာရေးရန်ပုံငွေပေးအပ်လှူဒါန်းပွဲ ဖျာပုံမြို့တွင်ကျင်းပ

**ဖျာပုံ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ရွှေနတ်ကူဘုရားလမ်းရှိ ပညာရေးရန်ပုံငွေအဖွဲ့သို့ ဖျာပုံမြို့နေ ဦးအောင်ခိုင်ဝင်းနှင့် ဇနီးဒေါ်နီလာမိုး (ရွှေရော စက်သုံးဆီနှင့် ဧရာဝတီဆေးရုံ) မိသားစုမှ အလှူငွေကျပ်သိန်း ၄၀ ကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက ပေးအပ်လှူဒါန်းသည်။

"ပညာရေးကိုမြှင့်တင်မှသာ ဒေသအတွက် အဘက်ဘက်က ပိုပြီးတိုးတက်လာမယ်လို့ ကျွန်တော်ယုံကြည်ထားတယ်။ ဒီအတွက် ဒီအဖွဲ့စတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အလှူငွေကျပ် သိန်း ၁၀၀၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ငွေကျပ် သိန်း ၁၀၀၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ငွေကျပ် သိန်း ၁၀၀၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ငွေကျပ်သိန်း ၄၀၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ငွေကျပ် ၂၅ သိန်း လှူဒါန်းခဲ့သလို ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ငွေကျပ် သိန်း ၄၀ စုစုပေါင်း အလှူငွေကျပ် သိန်း ၄၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်၊ ဆက်ပြီး ပညာသင်နှစ်အလိုက် တတ်အားသရွေ့ လှူဒါန်းသွားမှာဖြစ်ပါတယ်" ဟု အလှူရှင် ဦးအောင်ခိုင်ဝင်းက ပြောကြားသည်။

ဖျာပုံမြို့ရှိ ပညာပါရမီပညာရေးရန်ပုံငွေအဖွဲ့သည် ၂၀၁၃ ခုနှစ်မှ စတင်၍ ပညာရေးကို ဝါသနာပါသော ဖျာပုံမြို့ရှိ စေတနာရှင် အလှူရှင်များဖြင့် ပူးပေါင်းဖွဲ့စည်းကာ ဖျာပုံမြို့နယ် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ပြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ တက်ရောက်ရန် ငွေကြေးအခက်အခဲရှိနေသည့် ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ငွေများ ရွေးချယ်ပေးလျက်ရှိသည့် အဖွဲ့တစ်ခုဖြစ်သည်။

ယခုပညာသင်နှစ်အတွက် ပညာသင်ဆုလျှောက်ထားလိုသော ကျောင်းသားကျောင်းသူများအနေဖြင့် ပညာသင်ဆုများ လျှောက်ထားကြပါရန်လည်း နှိုးဆော်ထားကြောင်း ပညာပါရမီပညာရေးရန်ပုံငွေအဖွဲ့ထံမှ သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



# မြန်မာ့ရုပ်သေးပညာရပ် ထိန်းသိမ်းမြှင့်တင်ပြန့်ပွားရေး ပညာရှင်များတွေ့ဆုံဆွေးနွေး

**မန္တလေး အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)က ကြီးမှူး၍ မြန်မာ့ရုပ်သေးပညာရပ် ထိန်းသိမ်းမြှင့်တင်ပြန့်ပွားရေး ပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၂လမ်း၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံး လောကနတ်ခန်းမတွင် ကျင်းပသည်။

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးနေဝင်း၊ ရုပ်သေးကော်မတီနာယက ဦးရဲဒွေး၊ ဦးတင့်ဆွေ(ပုဂံ)နှင့် ရုပ်သေးကော်မတီဥက္ကဋ္ဌ ဒေါ်မမနိုင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် အနာဂတ်မြန်မာ့ရုပ်သေးသဘင် ထိန်းသိမ်းရေးအတွက် ဆိုင်းပညာရှင် ဦးစိန်မွတ္တား၊ ပန်းချီပညာရှင် ဦးစိန်မြင့်၊ စာပေပညာရှင် ဆရာသိုက်ထွန်းသက်၊ ဆရာ ညီစေမင်းနှင့် ဆိုင်းပညာရှင်များ၊ ဒွေ့လမ်းညွှန်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) သဘင်ပညာဌာနမှ ဆရာဆရာမများက အကြံပြုဆွေးနွေးကြသည်။

မန္တလေးမြို့တွင် ရှေးယခင်က တန်ခိုးကြီးဘုရားများနှင့် ရပ်ကွက်ဘုရားပွဲများတွင် ရုပ်သေးသဘင်ဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပခဲ့သော်လည်း ယခုအခါ တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသည်။

**သီဟကိုကို (မန္တလေး)**

# ရုံးပိတ်ရက်အပန်းဖြေခရီး ပြန်လာသူများ၏ အဆင်ပြေသလိုစီးနင်း

**ရေတာရှည် အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ မြို့ပေါ်၊ ကျေးရွာများမှ ရန်ကုန်နှင့် ပဲခူးမြို့များတွင် သွားရောက် အလုပ်လုပ်ကိုင်ကြသူများသည် သီတင်းကျွတ်ရုံးပိတ်ရက်များတွင် နေရပ်ဒေသအသီးသီးသို့ အလည်ပြန်လည်ရောက်ရှိလာခဲ့ကြပြီးနောက် ယနေ့ နံနက်ပိုင်းက မိမိတို့ လုပ်ငန်းခွင်ရှိရာ မြို့များသို့ ပြန်လည်ထွက်ခွာကြသည့်အခါ နေပြည်တော် - ရန်ကုန် ခရီးသည်တင်ယာဉ်များ ယာဉ်နှင့် ခရီးသည်ဦးရေမမျှ၍ အခက်အခဲအချို့ ဖြစ်ခဲ့ကြောင်း သိရသည်။

"ကိုယ့်ဂိတ်မှာ ခွဲတမ်းရတဲ့ ထိုင်ခုံအရေအတွက် မလောက်လို့ အခြားမြို့တွေအတွက်ရတဲ့ ထိုင်ခုံတွေကို စုံစမ်းပြီး လွတ်ရင်ချန်ထားပေးဖို့ ကြိုချိတ်ထားပေးမယ်လို့ ထင်သလောက်မရတော့ ခရီးသည်တွေ အခက်အခဲတွေ ဖြစ်ကုန်တယ်၊ အချို့က ပြန်လာကတည်းက ကြိုပြီးစာရင်းပေးထားတော့အဆင်ပြေတယ်၊ အနားကပ်မှ ရောက်လာသူတွေအတွက်ကျတော့ အဆင်မပြေဖြစ်ကုန်တာ" ဟု ရေတာရှည်မြို့ ချင်းတွင်းကားဂိတ်မှ ဦးချစ်တီးကပြောကြားသည်။

ရန်ကုန်-မန္တလေး ပုံမှန်လမ်းဟောင်းဘက်ရှိ မြို့တိုင်းလိုလိုတွင်ယခုကဲ့သို့ ခရီးသည်နှင့်မော်တော်ယာဉ်အရေအတွက် မျှတမှုမရှိသဖြင့် အချို့သော ခရီးသည်အများစုသည် ရန်ကုန်-မန္တလေး အမြန်လမ်းဘက်သို့တက်၍ သာဂရမြို့အနောက် ခြောက်မိုင်တွင်လည်းကောင်း၊ တောင်ငူမြို့နယ် ကေတုမတီမြို့အနောက်ဘက်ရှိ မိုင်တိုင် ၁၅၄ မှလည်းကောင်း၊ မန္တလေးနှင့် နေပြည်တော်တို့ဘက်မှ ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်များကို စောင့်၍ အဆင်ပြေသလိုစီးနင်းကာ ပြန်ကြရကြောင်း လိုက်ပါပို့ဆောင်ပေးသူတစ်ဦးက ပြောကြားသည်။

ခရီးသည်အများစုမှာ ပဲခူးနှင့် ရန်ကုန်မြို့များရှိ အထည်ချုပ်စက်ရုံများ၌ လုပ်ကိုင်နေကြသည့် မိန်းကလေးများဖြစ်ပြီး အချို့မှာ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန် ထွက်ခွာသူများဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ငါးသိုင်းချောင်း – ရန်ကုန် အဝေးပြေးဂိတ်များ၌ ပြန်လည်ထွက်ခွာသူများဖြင့် များပြားလျက်ရှိ

**ငါးသိုင်းချောင်း အောက်တိုဘာ ၁၅**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ ငါးသိုင်းချောင်း-ရန်ကုန် ရွှေဝါဖူးနှင့် ဂျိုကာ အဝေးပြေးကားဂိတ်များတွင် အောက်တိုဘာ ၁၅ ရက်က သီတင်းကျွတ်အများပြည်သူရုံးပိတ်ရက် နေရပ်သို့ အလည်အပတ်ရောက်ရှိနေသူများ လုပ်ငန်းခွင်ဝင်ရောက်ရန် ပြန်လည်ထွက်ခွာခြင်း၊ ခရီးသွားပြည်သူများ ခရီးသွားလာခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ငါးသိုင်းချောင်းမြို့ရှိ ခရီးသည်တင် ရွှေဝါဖူးအဝေးပြေးကားဂိတ်မှ မော်တော်ယာဉ်ခြောက်စီး ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ဂျိုကာအဝေးပြေးကားဂိတ်မှလည်း နေ့စဉ် မှန်လုံခရီးသည်တင် မော်တော်ယာဉ်ခြောက်စီးအပြင် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မွန်းတည့် ၁၂ နာရီ မှန်လုံမော်တော်ယာဉ်တစ်စီး ထပ်မံတိုးချဲ့ပြေးဆွဲပေးလျက်ရှိကြောင်း၊ ဂိတ်နှစ်ဂိတ်မှ နေ့စဉ် ငါးသိုင်းချောင်း-ရန်ကုန် ခရီးသည်တင်ယာဉ်စုစုပေါင်း ၁၃ စီး ပုံမှန်ယာဉ်စီးခန့်ခန့်ထားများဖြင့် ပြေးဆွဲပေးလျက်ရှိရာ အဆိုပါ မော်တော်ယာဉ်ဂိတ်များတွင် ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း အဝေးပြေးကားဂိတ်များမှ သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

**နန်းညီလှိုင် တောင်ကြီးမီးပုံးပျံပွဲ (8-11-2019)**

● မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ ကျောက်ဆည် (သောကြာညသွား၊ တနင်္ဂနွေပြန်) ● (ကြိုတင်ရောင်းပြီ)
● တောင်ကြီး၊ အင်းလေး၊ ဖွေတော်ကတ္တူ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကုံလုံ၊ မိန်းမရဲသခင်မတောင်၊ ကလော (၄)ရက်။
ဆက်၍- လှိုင်ဂေါ်ဘုရားစုံ၊ ထီးစဲခါးရေတံခွန်၊ ပင်လောင်း၊ ပင်ခွန်၊ လုံးနဂါးပတ်စေတီ (၅)ရက်။ ● တားစီးလုံးဘုရားလက်မီးသည်
● အင်းတော်ကြီး-ရွှေမြူ၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဖန်းမောက်ဇလုံတောင်၊ မိုးကုတ် (၇)ရက်။ ● ကျိုက်ထီးရိုး (နေ့စဉ်)
● ပုဂံဘုရားစုံဖူး၊ ပုပ္ပါးတောင်၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၄)ရက်။ (၂၅-၁၀-၂၀၁၉) နှင့်
● ထားဝယ်ရှင်ကိုးရှင်နှင့် မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်။ (အတော်စဉ်-သောကြာ)နေ့တိုင်း
● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။ ● မော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံ၊ဂူ(၅)ဂူ(၂)ရက်။

ပန်းဆိုးတန်း 01-391577, ၄၂ လမ်းမတော်လမ်း၊မြို့မဈေးအနောက်၊ သန်လျင် 056-21671, 09-5122961




**ရုံးဝန်ထမ်းအလိုရှိသည်**

ကျား (၃) ဦး   မ (၃) ဦး
ရုံးဝန်ထမ်း အသက် ၁၈မှ
၂၇ ထိ ဆယ်တန်းနှင့်အောက်
No.9ဒုထပ်. 87လမ်း၊မင်္ဂလာတောင်ညွန့်,
ရန်ကုန်၊Ph-09,253997740,09-401207304

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဇော်နိုင်အောင် [၉/တကန(နိုင်)၁၃၆၆၀၀] ကိုင်ဆောင်သော ပတ်စ်ပို့စာအုပ်မှာ ပျောက်ဆုံးသွားပါကြောင်း။
ဖုန်း-၀၉-၂၅၈၄၂၀၅၃၅

**တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏**

## ဒွါဒသမအကြိမ်မြောက်ဗုဒ္ဓဂယာမဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးစီး၍ နှစ်စဉ် ကျင်းပပြုလုပ်သည့် ဗုဒ္ဓဂယာမဟာကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၈)ရက်၊ ၂၀၁၉-ခုနှစ်၊ နိုဝင်ဘာလ(၄)ရက် (တနင်္လာနေ့) မွန်းလွဲ (၁)နာရီတွင် အိန္ဒိယနိုင်ငံ ၊ ဘီဟာပြည်နယ်၊ ဗုဒ္ဓဂယာခရိုင်၊ ဗုဒ္ဓဂယာမြန်မာဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပမည် ဖြစ်ပါသည်။

ထိုအခမ်းအနားတွင် ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီဝင် ဘုရားဖူးအဖွဲ့များနှင့် အလှူရှင်များတို့မှ စုပေါင်းပါဝင်လှူဒါန်းကြမည်ဖြစ်ပါသည်။ အဆိုပါ ဒွါဒသမအကြိမ်မြောက် မဟာကထိန်သင်္ကန်းလှူဒါန်းပွဲတွင် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ ကျောင်းတိုက်နှင့် တက္ကသိုလ် စုစုပေါင်း(၅၁)တိုက်တို့မှ ရဟန်း သံဃာတော်၊ စာသင်သားသံဃာတော် ၊ သာမဏေနှင့် သီလရှင်များတို့အား လှူဒါန်းမည်ဖြစ်ပါသဖြင့် ကုသိုလ်ပါဝင် လှူဒါန်းလိုသော ဘုရားဖူးအဖွဲ့များနှင့် အလှူရှင်များတို့သည် ကထိန်ပဒေသာပင်တစ်ပင်လျှင် ၁၅၅၀၀၀/- (ကျပ်တစ်သိန်းငါးသောင်းငါးထောင်တိတိ)နှုန်းဖြင့် (၁-၁၁-၂၀၁၉) (သောကြာနေ့)နောက်ဆုံးထား၍ ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီ (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၊ ရန်ကုန်ရုံးခွဲ ၊ ကမ္ဘာအေး ဘုရားလမ်း၊ ဓာတ်တော်မတော်တိုက် ၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်မြို့၊ တယ်လီဖုန်းအမှတ် ၀၉-၄၂၀၈၇၆၃၂ ၊ ၀၉-၅၀၀၉၅၁၀၈) သို့လည်းကောင်း ၊ (AYA BANK Account - 0045202010071166) သို့လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း နှင့် ကထိန်အလှူပွဲသို့လည်း တက်ရောက်ကြည်ညိုနိုင်ပါကြောင်း နိုးဆော်အသိပေးအပ်ပါသည်။

ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီ




**MINGALAR CINEMAS**

Mingalar Cinemas facebook

**ချစ်ရှင်**

သမ္မတ၊သွင်၊ မင်္ဂလာ(၁)(၂)၊TopRoy၊ စံပြ၊ဇေယျာ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်၊ GoldClass၊ တောင်ဒဂုံ၊
မန္တလေး -ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊
မန်းနေပြည်တော်၊Central Point မကွေး - စံပြ
ပြည် - မင်္ဂလာထွန်းသီရိ တောင်ငူ - NEW 3D
ပဲခူး - Icon ၊ ရွှေဟသာ မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစ်ရွှာ၊ မင်္ဂလာ Ocean

**ပပဝတီ စီရင်ခန်း**

ရွှေဂုဆောင်၊ စံပြ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊မ/ဥက္ကလာ၊ ဘုရင့်နောင်၊GoldClass၊ တောင်ဒဂုံ၊TopRoy
မန္တလေး - မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊Central Point
ပြည် - မင်္ဂလာထွန်းသီရိ တောင်ငူ - NEW 3D
ပဲခူး - Icon ၊ မကွေး - စံပြ
မုံရွာ - မြစ်ရွှာ၊ Ocean မော်လမြိုင် - မင်္ဂလာဘုရင့်

**GEMINI MAN**
နေပြည်တော်၊မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ ဘုရင့်နောင်၊ GoldClass မန္တလေး - မင်္ဂလာဒိုင်းမွန်း၊

**AD ASTRA**
GoldClass

**JOKER**
နေပြည်တော်၊GoldClass

**WAR**
နေပြည်တော်

**စပ္ပန်ခဲဘာ**
ရွှေဂုဆောင်၊ ဂမုန်းပွင့်၊တောင်ဒဂုံ၊
ပြည် - ထွန်းသီရိ ပဲခူး - Icon၊

သတ်ပြီးသမီး – မင်္ဂလာတောင်ဒဂုံ၊

ဘာလာလာ
စိန်ဂေဟာ၊ ဂမုန်းပွင့်၊

၁၇.၁၀.၂၀၁၉ နေ့မှ ပြသည့်ဇာတ်ကားသစ်များ




ပွဲချိန် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ

# မွေးနေ့ရက်မြတ်မင်္ဂလာဆုတောင်း

အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော ဒေါ်မာလာဝင်း Chairwoman of UMG Group of Companies ၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော မိသားစုနှင့် အတူတကွ သက်ရှည်ကျန်းမာ ပျော်ရွှင်အောင်မြင်စွာဖြင့် UMG Group of Companies ၏ ကောင်းကျိုးနှင့် အမျိုး၊ ဘာသာ၊ သာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်ပေးနိုင်ပါစေကြောင်း UMG Board of Directors နှင့် ဝန်ထမ်းမိသားစုများမှ လှိုက်လှဲစွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

UMG
UMG Board of Directors နှင့် ဝန်ထမ်းမိသားစုများ
UMG Group of Companies

PUN HLAING + SILOAM HOSPITALS

နိုင်ငံတကာအတွေ့အကြုံရှိ ပြည်တွင်း၊ ပြည်ပ အရိုးအကြော၊ အဆစ်နှင့် ထိခိုက်ဒဏ်ရာခွဲစိတ် အထူးကုဆရာဝန်ကြီးများဖြင့် (၂၄) နာရီပြသနိုင်ပါပြီ...

အရိုးပြဿနာပေါင်းကိုလာ ချက်ချင်းကာကွယ်ကုသပါ



24 HOUR EMERGENCY
013684411

ပန်းလှိုင်စီလိုအံဆေးရုံ(ရန်ကုန်)
၀၁ ၃၆၈ ၄၄၁၁၊ ၀၉ ၄၂၃ ၀၄၂ ၆၇၉

ပန်းလှိုင်စီလိုအံဆေးရုံ(မန္တလေး)
၀၂ ၄၀၆ ၉၂၀၃ (၄ ၅ ၆)




CHINDWIN-PSB INSTITUTE

စွမ်းရည်ပြည့်ဝသော Professional Engineer များအဖြစ် ယုံကြည်စွာ လျှောက်လှမ်းလိုသူတိုင်းအတွက်

University of Portsmouth ၏ Master Programme များ

MSc Electronic and Electrical Systems Engineering

MSc Civil Engineering

October Intake
09 - 954005959

Scholarship Available for Government University Graduates

Special Discount for Fed.MES members

CHINDWIN-PSB INSTITUTE (YANGON)
1F Floor, Sinmalite Business Tower, Kyimyindaing Kanner, Kamayut Township, Yangon.

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
0942877355


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၂)၊ အလယ်လမ်း၊ အမှတ် (၂၁၈) ဟုခေါ်တွင်သည့် (၆)ထပ်တိုက်မှ တစ်မိုးအောက်ထပ်(ဝါ)ငါးလွှာ၊ အကျယ်အဝန်း ပေ(၁၈x၅၄)ရှိ တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားမှု အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်း တရားဝင် ပိုင်ဆိုင်ကြောင်းဝန်ခံသူ ဒေါ်သူဇာ [၁၂/သကတ(နိုင်)၀၀၀၈၆၉]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဦး
[၁၂/သဃက(နိုင်)၀၅၀၈၀၅]
ဖုန်း-၀၉-၄၀၂၇၀၈၈၁၅၊ ၀၉-၉၇၃၈၆၀၈၁၇

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းတင်(ခ)ဒေါ်သန်းသန်းတင့်

**အသက်(၈၀)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City၊ ပိတောက်ဝါ(၆)လမ်း၊ (စီ–၁၅)နေ (ဦးစံတင်–ဒေါ်လှသွယ်)တို့၏ သမီး၊ [ဗိုလ်ကြီးမြတင်(ငြိမ်း)]၏ ဇနီး၊ ဗိုလ်မှူးသန်းအောင်လတ်–ဒေါ်သက်နွယ်ဦး၊ ဦးကျော်ကျော်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန)–ဗိုလ်ကြီးဒေါ်သီတာချို(ငြိမ်း)၊ ဒေါ်ခင်မိုးဥ (ဒုတိယညွှန်ကြားရေးမှူး–MRTV)၊ ဒေါ်အေးအေးထူး (ဒုတိယညွှန်ကြားရေးမှူးအကောက်ခွန်ဦးစီးဌာန)တို့၏ မွေးသမိခင်ကျေးဇူးရှင်အမေကြီး၊ မောင်ကျော်စိုးနိုင်–မဆုမြတ်နိုး၊ Charles William Arbuthnot–မရှင်မင်း Arbuthnot(ခ)မရှင်မင်းထွန်း၊ မဖြိုးသက်တည်၊ မသျှန်အိမ်စည်တို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ မောင်ခန့်လင်းထင်၏ ချစ်လှစွာသော ဘွားမေကြီးသည် ၁၅–၁၀–၂၀၁၉ ရက် ညနေ ၅:၂၅ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၁၀–၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁–၁၀–၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးကျင်

**အသက်(၉၁)နှစ်**

**(ချန်ပီယံ စက္ကူ/ပုံနှိပ်/ဗလာစာအုပ်လုပ်ငန်းတို့၏ ဖခင်ကြီး)**

ရန်ကုန်မြို့၊ အမှတ် (၅၁/၅၃)၊ (၃၂) လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်ကြည်၏ ခင်ပွန်း၊ (ဦးချစ်ကိုကို)၊ ဒေါ်ငယ်ငယ်ဇော်၊ ဦးကိုလေး–ဒေါ်စုစုခိုင်၊ ဦးမြင့်ချို–ဒေါ်သက်ဇာလင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးကျင် သည် ၁၄–၁၀–၂၀၁၉ (တနင်္လာနေ့) ညနေ ၄:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀–၁၀–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းတင်(ခ)ဒေါ်သန်းသန်းတင့်

**အသက်(၈၀)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City၊ ပိတောက်ဝါ (၆)လမ်း၊ စီ–၁၅ နေ ဦးကျော်ကျော် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ပြည်တွင်းအခွန်များဦးစီးဌာန)–ဗိုလ်ကြီး ဒေါ်သီတာချို(ငြိမ်း)တို့၏မိခင်ကြီး ဒေါ်သန်းသန်းတင်(ခ) ဒေါ်သန်းသန်းတင့် အသက်(၈၀)သည် ၁၅–၁၀–၂၀၁၉ ရက် ညနေ ၅:၂၅ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဦးထွန်းထွန်း

**(OTS–45၊ သူရဲကောင်းမှတ်တမ်းဝင်)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန**

**အသက် (၇၂)နှစ်**

ကျောက်မဲမြို့နေ (ဦးဘကွန်း–ဒေါ်ချစ်မေ)တို့၏ သား၊ ဦးထွန်းရီ–ဒေါ်ခင်အေးတို့၏ မောင်၊ ဦးစိန်ရွှေ၊ ဦးစိန်တင်တို့၏ အစ်ကို၊ (ဦးခွန်စော–ဒေါ်ခမ်းလှု)တို့၏ သားသမက်၊ ဦးခွန်ဦးခမ်း–ဒေါ်မွန်းသည်းသိန်း၊ ဦးခွန်ထူးမင်း–ဒေါက်တာနွယ်နီမြင့်၊ မစောနန်းရည်မွန်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မန္တလေးမြို့၊ မြို့သစ် (၁)ရပ်ကွက်၊ လမ်း ၇၀ နှင့် မိုးသောက်ပန်းလမ်းထောင့်၊ တ/၇၊ ဈ(၁၉)နေ ဒေါ်စောမြတ်ဖူး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄–၁၀–၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် မန္တလေး ပြည်သူ့ဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀–၁၀–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုအောင်မင်း

**အသက်(၃၈)နှစ်**

**Yangon Excelsior Hotel**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တာကြီးရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးအုန်းမြင့်–ဒေါ်တင်ရီတို့၏ သား၊ ဦးဝင်းဆွေ–ဒေါ်ခင်တင့်တို့၏ သားသမက်၊ ဦးအုန်းတင်–ဒေါ်နွဲ့စိန်၊ ဦးသိန်းလွင်–ဒေါ်တိုးတိုးလွင်၊ ဦးသန်းလွင်–ဒေါ်စုစုခိုင်၊ ဦးစန်းအောင်–ဒေါ်စန်းစန်းမြင့်၊ ဦးကျော်တင့်–ဒေါ်အေးအေးခိုင်တို့၏ ညီ/မောင်၊ ဦးအောင်ဝင်း–ဒေါ်အေးသန္တာ၊ ဦးကိုကိုမောင်တို့၏ အစ်ကို၊ ဒေါ်လွဲ့လွဲ့ဝင်းလှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်မေဦး၊ မောင်အောင်ဖြိုးဇင်တို့၏ဖခင် ကိုအောင်မင်းသည် ၁၄–၁၀–၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ဒလမြို့နယ်၊ သပြေကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀–၁၀–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရဲဝင်း

**သူရ(၁၁)**

**အသက်(၆၈)နှစ်**

ကြို့ပင်ကောက်မြို့၊ ကသဲတန်းလမ်းနေ (ဦးသိန်းနု–ဒေါ်အုန်းကြည်)တို့၏ သား၊ ရွှေပြည်သာမြို့၊ ဇီးကုန်းမြောက်ပိုင်း၊ စိန်ပန်းမြိုင်လမ်းနေ မောင်ရဲသီဟ၊ မောင်ရန်လင်းနိုင်–မယင်းမာဦးတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဒေါ်မေစန်းဦး၏ ခင်ပွန်း ဦးရဲဝင်းသည် ၁၂–၁၀–၂၀၁၉ ရက် နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈–၁၀–၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အာနိစ္စ

## ဒေါ်ငွေးငွေးကြည်

**အသက်(၆၁)နှစ်**

**အလုံ**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အမှတ် (၃၆)၊ နွယ်သာကီလမ်းနေ (ဦးအုန်းမောင်–ဒေါ်ကြည်လှ)တို့၏ သမီး၊ (ဦးထွန်းညွန့်) – ဒေါ်ညွန့်ညွန့်၊ ဒေါ်လှလှ၊ ဦးမြင့်မောင်–ဒေါ်ခင်မာဝင်း၊ ဒေါက်တာမောင်မောင်သန်းတို့၏ ညီမ၊ ဒေါ်သန်းသန်းငွေ၊ ဦးရန်နောင်စိုး–ဒေါ်မြမြအေး၊ ဦးကျော်နိုင်ဦး–ဒေါ်ခင်မိမိ၊ ဦးခင်မောင်ထွေးတို့၏ အစ်မ၊ တူ/တူမ ၁၁ ယောက်တို့၏ ကြီးတော်သည် ၁၅–၁၀–၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁–၁၀–၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးကျော်ဆွေ(ခ)Henry

(ပြင်ဦးလွင်)

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ရွှေဘိုလမ်း၊ အမှတ်(၇)နေ ဒေါ်သူဇာရှိန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစီမောင်–ဒေါ်မမကြီး)တို့၏ တတိယသား၊ မသဲဦးဆွေ(ခ)Monica Trutwein, Lloyd Trutwein၊ ကိုဇာနည်အောင်၊ မစန္ဒာဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၅–၁၀–၂၀၁၉ ရက် နံနက် ၀၀:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၁၀–၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်ခရစ်ယာန်ဝတ်ပြုဆုတောင်းခန်းမ၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် စိန်ဖရန်စစ်ဘုရားကျောင်းမှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ကပ္ပတိန် ဦးမြင့်အောင်

**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း (၅)လမ်း(မြောက်)၊ အမှတ်(၇၄)နေ (ဦးနိုင်ချို)–ဒေါ်ခင်ငြိမ်းတို့၏ တတိယသား၊ (ဦးပန်းဇီ–ဒေါ်မြမေ)တို့၏ သားသမက်၊ ဒေါ်စန်းရီ၏ ခင်ပွန်း၊ ဦးမြင့်သူ–ဒေါ်တင်နွယ်ဦး၊ ဦးကျော်ဇင်ဦး–ဒေါ်အေးအေးခိုင်၊ (မသန္တာအောင်)၊ မမေဇင်မြင့်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၄–၁၀–၂၀၁၉ (တနင်္လာနေ့) ည ၇:၁၀ နာရီတွင် OSCဆေးရုံ၊ မြောက်ဥက္ကလာပ၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀–၁၀–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုအောင်မင်း

**အသက်(၃၈)နှစ်**

**Yangon Excelsior Hotel**

Yangon Excelsior Hotel, Security Department မှ ကိုအောင်မင်းသည် ၁၄–၁၀–၂၀၁၉ ရက်တွင် ရုတ်တရက်ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲ နှမြောရပါသည်။

**Yangon Excelsior Hotel General Manager နှင့် ဝန်ထမ်းများ**

---

## ဒေါ်မာမာညွန့်

**အသက်(၆၅)နှစ်**

**(Ex–MF–TB, MMB)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ်(၂၇)နေ (ဦးလှညွန့်–ဒေါ်ခင်အေး)တို့၏ သမီး၊ (ဦးအုန်းဟန်–ဒေါ်မြမေ)တို့၏ သမီးချွေးမ၊ ဦးမြင့်လွင်–(ဒေါ်ခင်ဦးမေ)၊ ဗိုလ်မှူးချုပ်လှအောင်–ဒေါက်တာဝင်းဝင်းမာ (လ/ထ ညွှန်ကြားရေးမှူး–မင်္ဂလာဒုံမြို့နယ်၊ ပြည်သူ့ကျန်းမာရေး)တို့၏ ညီမ/အစ်မ၊ [ဗိုလ်ဇာနည် (DSA–၅၀)]၏ မိခင်၊ ဦးမျိုးလွင် (ဒုတိယညွှန်ကြားရေးမှူး–ငြိမ်း၊ အားကစားဝန်ကြီးဌာန/အတွင်းရေးမှူး မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်)၏ဇနီး ဒေါ်မာမာညွန့်သည် ၁၄–၁၀–၂၀၁၉ (တနင်္လာနေ့) နံနက် ၆:၅၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်–၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀–၁၀–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်အောင်ထွန်း(ခ) အပု

**အသက် (၄၁)နှစ်**

**Japan Fiber Factory**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ကြိုးစက်ရုံလမ်း၊ အမှတ် (၁၂/ဂ၈၁၉)နေ ဦးထွန်းထွန်း–ဒေါ်တင်မူတို့၏ သား၊ ဦးတင်အေး–ဒေါ်ပြုံးရီတို့၏ သားသမက်၊ (ကိုဇော်ဇော်ထွန်း)–မဝင်းဝင်းနွယ်တို့၏ ညီ၊ ကိုသုနောင်–မပိုးအိအိတို့၏ အစ်ကို၊ မအေးအေးမော်၏ ချစ်လှစွာသောခင်ပွန်း၊ မချစ်မြတ်ဆုချယ် (အထက သုဝဏ္ဏ၊ Grade XI)၏ ဖခင်၊ မောင်လပြည့်ထွန်း၏ ဦးလေး၊ ဟိန်းထက်နောင်၊ လင်းလက်နောင်တို့၏ ဘကြီး ဦးအောင်အောင်ထွန်း(ခ)အပုသည် ၁၄–၁၀–၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်လွင် (ဂျော်နီ)

ဒိုက်ဦး

ကျေးဇူးရှင် အစ်ကိုကြီး ကွယ်လွန်ခဲ့သည်မှာ ၁၆–၁၀–၂၀၁၉ ရက်တွင် ၆ လပြည့်မြောက်ပြီဖြစ်ရာ လွမ်းဆွတ်ဝမ်းနည်းဖြစ်နေဆဲပါ။

**ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ**

---

တောမှဲ့
မြေသား
ရေ
တိုက်စား
၏

## ဖိလစ်ပိုင်ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်း ဖိလစ်ပိုင်၊ မလေးရှားတို့နှင့် အုပ်စု (က) တွင် ပါဝင်

**ရန်ကုန် အောက်တိုဘာ ၁၅**

ဖိလစ်ပိုင်အိုလံပစ် ကော်မတီသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ဘောလုံးအပါအဝင် အခြား အားကစားနည်းအချို့ အုပ်စုမဲခွဲပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာ အမျိုးသမီးဘောလုံးအသင်းသည် အုပ်စု (က) တွင် ဖိလစ်ပိုင်၊ မလေးရှားတို့နှင့်အတူ ကျရောက်ခဲ့သည်။

**သုံးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်**

အမျိုးသမီးဘောလုံးပြိုင်ပွဲကို လက်ရွေးစင်အဆင့်ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းခြောက်သင်းသာ ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် သုံးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား၊ အုပ်စု (ခ)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အာဆီယံ ထိပ်သီးအသင်းများဖြစ်သော ထိုင်းနှင့် ဗီယက်နမ်ကို ရှောင်ရှားနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ယင်းနှစ်သင်းစလုံးနှင့် တွေ့ဆုံခဲ့ပြီး မလေးရှားကို စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ■

# သီတင်းကျွတ်ရုံးပိတ်ရက်ရှည်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အပန်းဖြေစခန်းများသို့ ပြည်တွင်းခရီးသွား ဝင်ရောက်မှုများပြား

**မန္တလေး အောက်တိုဘာ ၁၅**

ယခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ သီတင်းကျွတ်ရုံးပိတ်ရက်ရှည်ကာလအတွင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်အနီးတွင် ဖွင့်လှစ်ထားရှိသည့် အပန်းဖြေစခန်းများသို့ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားများ ဝင်ရောက်အပန်းဖြေ အနားယူမှုများပြားခဲ့သည်။

အဆိုပါအပန်းဖြေစခန်းများသည် ဒုဋ္ဌဝတီမြစ်၏ သဘာဝအလှတရားများအား လူတို့၏ တီထွင်ဖန်တီးမှုများဖြင့် ပေါင်းစပ်ကာ ရောင်စုံပန်းဥယျာဉ်များ၊ ကလေးကစားကွင်းများ၊ ရေကူးကန်များနှင့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်း၍ အပန်းဖြေစခန်းများအဖြစ် ဖွင့်လှစ်ထားရှိရာ မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများ စုပေါင်း၍သော်လည်းကောင်း လာရောက်၍ ရေကူးကခုန်ခြင်းများ ပြုလုပ်ကာ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐



# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုများ ထွက်ပေါ်လာပြီး မြန်မာအသင်း အုပ်စု(က) တွင်ပါဝင်



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှား တွေ့ဆုံခဲ့စဉ်။

**ရန်ကုန် အောက်တိုဘာ ၁၅**

၂၀၁၉ ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုများ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် ပါဝင်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မနီလာမြို့၌ ကျင်းပခဲ့သည်။

မြန်မာအသင်းသည် ထိပ်သီးအသင်းများကို ရှောင်ရှားနိုင်ခဲ့ပြီး အိမ်ရှင်ဖိလစ်ပိုင်နှင့် မလေးရှားတို့ ပါဝင်သည့် အုပ်စု (က) သို့ ကျရောက်ခဲ့သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု (က) တွင် ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ တီမောအသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု (ခ) တွင်မူ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းအနေဖြင့် အုပ်စုအနေအထားအရ စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❖


ကြေးမုံ ယနေ့ ဖတ်စရာ

ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းရာမှာ သတိမူရမယ့် နည်းပညာအခြေခံများ
စာမျက်နှာ » ၁၀

အမေရိကန်ကပိတ်ဆို့မှုများကို ဖြေလျှော့ပေးပါက နျူကလီးယားဆွေးနွေးပွဲများအတွက် အသင့်ရှိဟု အီရန်ပြောကြား
စာမျက်နှာ » ၁၂

တူရကီကို စီးပွားရေးအရ အရေးယူမှုများ ပြုလုပ်မည်ဟု သမ္မတဒေါ်နယ်ထရန့် ကြေညာ
စာမျက်နှာ » ၁၃



စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။